
မယ်လွင်
WHISPER OF WORDS

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ။

ထုတ်ဝေသူ - ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၁၂၇၇၄)

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆) အမှတ် (၈)၊ အိမ်ကြီးလမ်း၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - မောဏ

အတွင်းပန်းချီ - အီလစ်

စာစစ် - ဇလပ်နီ

စာအုပ်ချုပ် - ဖူးပွင့်မွှေး

အုပ်ရေ - ၂၀၀၀

တန်ဖိုး - ၃၀၀၀ ကျပ်

Ebook မှတ်တမ်း

Physical Book to jpg, Pdf - Admin ***Z***

Ocr - Whisper Of Words

Proof - Whisper Of Words Team

Ebook Creator - Whisper Of Words

သူရယ်၊ ကျမရယ်၊ သူတို့ ကျမတို့ရယ်

ညူရယ်၊ ကျမရယ်၊ ညူတို့ ကျမတို့ရယ်

အခန်း (၁)

ပြောပြရမယ်ဆိုရင် ဒီဇာတ်လမ်းမှာ ကျမက ဗီလိန်သက် သက်ပါပဲ။ ဒီနိုင်ငံဖြစ်ဖြစ်၊ နိုင်ငံတကာ ဖြစ်ဖြစ် စံနှုန်းအရတော့ ကျမက ဖောက်ပြန်နေတဲ့ မိန်းမပေါ့။ တရားဝင်ယောကျ်ားအပြင် နောက်ထပ် အတူအိပ်ဖော် ယောကျ်ားတယောက် ကျမမှာ ရှိနေသေးလို့လေ။ ရိုင်းရိုင်း ပြောရရင်တော့ ဖင်ဆော့တယ် ပေါ့လေ။ ပြောတော့သာ လွယ်တာ.. လင်ငယ် နေရတယ်ဆိုတာ သိပ်လွယ်တဲ့ ကိစ္စတော့မဟုတ်ဘူး။

အဲဒီတရားမဝင် လင်ကလေးကို ကျမက အိပ်ရာထဲမှာနေရုံ၊ တီတီတာတာ စကားလေး ပြောရရုံလောက်ပဲ တပ်မက်ပေမယ့် ဒီနိုင်ငံရဲ့ စံနှုန်းအရ သူ့ကို ချစ်တယ်၊ အချစ်နဲ့ ပတ်သက်နေတာ ဆိုတဲ့ ပုံစံမျိုးနဲ့ ကျမဘဝထဲမှာ တွဲချည်ထားလိုက်ရတာပဲ။ သူရော၊ ကျမရောက ပိုက်ဆံ လိုလို့ ပတ်သက်နေကြတာမှ မဟုတ်ဘဲဟာ။ တကယ်တမ်းက ကျမက သူ့ကို ဘယ်တုန်းကမှ မချစ်မိခဲ့ဖူးပါဘူး။

အသက်ငယ်ငယ် အရွယ်တုန်းကတော့ အိမ်ထောင်ရေးဆိုတာ ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်တယ် လို့ စိတ်ကူးကောင်းကောင်း ယဉ်ဖူးခဲ့တာပေါ့။ တကယ်တမ်း အိမ်ထောင်ကျလာတဲ့ အချိန်ကျတော့မှ အိမ်ထောင်ရေးဆိုတာ မေတ္တာရယ်၊ လိင်မှုကိစ္စရယ်၊ ငွေကြေးရယ်နဲ့ တည်ဆောက်ရတဲ့ သုံးနားညီ တြိဂံလိုမျိုးလို့ သိလာခဲ့တယ်။ အင်း... သုံးနားက မညီရင်တောင် အမိက ပါဝင်ပစ္စည်းကတော့ ဒီသုံးခုပေါ့လေ။ ကျမ ခင်ပွန်းဟာ ကျမအတွက် အချစ်နဲ့ ငွေကြေးကို ဖြည့်ဆည်းပေးနိုင် ပေမယ့် လိင်မှုရေးရာမှာတော့ ကျမအလိုပြည့်အောင် သူ မဖြည့်ဆည်း ပေးနိုင်တော့ဘူး။

မှတ်ရလွယ်အောင် ပြောရမယ်ဆိုရင် တရားဝင်ခင်ပွန်းက ကိုကို၊ တရားမဝင်လင်ကလေးကို မောင်မောင်လို့ပဲ သတ်မှတ်လိုက်ကြ ရအောင်။

ကိုကိုကတော့ ကျမထက် အသက်ဆယ့်လေးနှစ် ကြီးပြီး မောင်မောင်ကတော့ ကျမထက် နှစ်နှစ်အသက်ကြီးတယ်။ မိန်းမတွေရဲ့ စိတ်ဆန္ဒအပြင်းထန်ဆုံး အရွယ်ဟာ ၂၆ နှစ်တဲ့ ...၊ ဒီအယူအဆ မှန်မယ် လို့ ကျမ ယုံကြည်တယ်။ ကျမရဲ့ တရားဝင်ခင်ပွန်းဖြစ်တဲ့ ကိုကိုနဲ့ ပြုထား တဲ့ သစ္စာကို အချစ်လို့ ပေါက်ကရ ခေါင်းစဉ်တပ်ပြီး တခြားတယောက်နဲ့ အိပ်ပစ်လိုက်ဖို့ ဒီစည်းကို ကျော်ခဲ့တဲ့ ကျမရဲ့ အသက်ဟာ နှစ်ဆယ့် ခြောက်နှစ်ပဲ။

ကိုကိုက အလုပ်ပင်ပန်းတာရော၊ အသက်ရောကြောင့် ကျမ အပေါ်မှာ သာယာမှု ပေးနိုင်တာ လျော့လာတယ်။ အိပ်ရာထဲတွေမှာ ကျမ အဆင်မပြေတဲ့နေ့တွေ များလာတယ်။ ကျမဘေးမှာ တရှူးရှူး အိပ်ပျော်သွားတဲ့သူနဲ့ အလိုမပြည့်တော့တဲ့ ကျမကြားမှာ ချစ်ခြင်းမေတ္တာတို့၊ စီးပွားရေးတို့ဆိုတဲ့ ထောက်တိုင်တွေဟာ အလိုလို ကျုံ့ဝင် သွားကြတယ်။ ဒီလိုဆိုရင် ဆန္ဒမပြည့်ဝရုံနဲ့ မိန်းမတွေက အလွယ်တကူ ဖောက်ပြန်တတ်ကြသလားလို့ မေးလာခဲ့ရင် ကျမ မဖြေတတ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမက တခြားမိန်းမတယောက်ယောက်ကို ကိုယ်စားပြုနေတာမှ မဟုတ်တာ။ ဖောက်ပြန်တာက ကျမပဲကိုး။ ကျမ ခင်ပွန်းနဲ့မှ မဟုတ်ရင် တခြားဘယ်တယောက်ယောက်ကို ပတ်သက် ရရင် ကောင်းမလဲလို့

အသိတဝက် မသိစိတ်တဝက်နဲ့ ရှာနေတဲ့ အဲဒီ အချိန်မှာ ကျမ မောင်နဲ့ စတွေ့ခဲ့တယ်။

ကျမ မောင့်ကို ချစ်သလား...။

ဟင့်အင်း။ ကျမ ကိုကို့ကို ချစ်တာ။ ပျော်တာတွေ ၊ ဝိုချင်တာ တွေ အရာရာကို ကိုကိုနဲ့ပဲ မျှဝေချင်တာ...၊ မောင်မောင့်ကိုကျတော့ ကျမ သူ့ကို စတွေ့တဲ့အချိန် ဒီဘဲက တောင့်တယ်၊ အားလည်း သန်တယ်... ငါ သူနဲ့ အိပ်လိုက်ရရင် ဆိုတဲ့ အတွေးနဲ့ ကျမ စခဲ့တာ။ ကိုကိုနဲ့တုန်းကလို ချစ်လို့ တွဲပြီးကာမှ အိပ်ရာထဲ ရောက်ကြတာမျိုး မဟုတ်ဘူး။ ကျမနဲ့ သူ အိပ်ရာထဲ ရောက်ချင်လို့ သူ့ကို ချစ်ကြည့်ဖို့ ကြိုးစားခဲ့တာ။

ချစ်မှုရေးရာမှာလား...။

ကိုကိုက သာတယ်၊ တော်တော် ကျွမ်းကျင်တယ်။ အပြုစု အယု အတော်လေးကို ကျွမ်းကျင်တယ်။ မိန်းကလေးတွေရဲ့ ခံစားမှု အထွတ်အထိပ်ကို သိတယ်။ ဒါပေမယ့် အင်ပြည့်အားပြည့် သိပ်မရှိတော့ဘူး။ အသက် ၄၀ လေ။ သူ အင်အား အရမ်းသုံးလိုက်ရင် မောလာ တတ်တယ်။ တညကို တကြိမ်ပဲ၊ ပြီးတော့ အများအားဖြင့် အဲဒီတကြိမ်ဟာလည်း သူကျေနပ်သွားတဲ့ တကြိမ်ပေါ့။ ကျမအတွက် ဘာမှမဖြစ်လိုက် သေးပေမယ့် သူ မောနေမှန်းသိလို့ ကျမ အဆင်ပြေသွား သလိုမျိုး ဟန်ဆောင်ပေးရတတ်တယ်။ ကျမ စိတ်ထဲမှာ ဒီလိုတဝက် တပျက် အခြေအနေကြီးမှာ မောင်မောင်နဲ့သာ ဆိုရင်လို့ တွေးနေပေ မယ့်လို့ပေါ့။ ဒါဟာ... လင်မယားကြားမှာပဲ ထုတ်ဖော်ပြနိုင်တဲ့ ချစ်ခြင်း မေတ္တာပဲ မဟုတ်လား။

မောင်မောင်ကျတော့ မကျွမ်းကျင်ပေမယ့် လုံးဝကို အင်ပြည့် အားပြည့် ရှိတယ်။ အပြုစု အယုယတွေ လုံးဝမတတ်ဘူး...။ မောင်မောင့် ကိုင်တွယ်ပုံတွေက ကြမ်းတမ်းတယ်၊ အရိုင်းဆန်တယ်။ ကျမနဲ့ ဆုံတဲ့ အခါ အတူတူသောက်မယ်၊ ရီဝေဝေ ဖြစ်လာတာနဲ့ ကျမကို တင်းနေ အောင် ဖက်မယ်၊ ပါးတွေ လည်ပင်းတွေကို မွတ်မွတ်သိပ်သိပ် နမ်းမယ်။ ပြီးတော့ ကျမတို့အတူ အိပ်ရာပေါ်ကို ရောက်သွားကြမယ်။

မောင်မောင်က ကျမဆီက ထွက်လာတတ်တဲ့ ညည်းညူသံ တွေကို သဘောကျတယ်။ အင်း... သူ သဘောကျအောင်လည်း ကျမက နေတတ်ရတာပေါ့။ အချိန်တိုင်း အော်နေ၊ မျက်စိကြီး မှိတ်ပြီး အပြစ် ကင်းသလို ဟန်ဆောင်နေရအောင် ဂျပန်ကျောင်းသူဇာတ်ကား မဟုတ်ဘူးလေ...နော်။ အိမ်ထောင်သည် တယောက်ပေမယ့် သူနဲ့ နေရတာ အတိုင်းအဆမဲ့ ကျေနပ်မှုရှိပါတယ် ဆိုတဲ့အကြောင်း သူ ကျေနပ်အောင် ကျမ ဖော်ပြရမှာပဲ။ ဒါမှ သူ ကျမနဲ့ နေရတာကို စွဲလမ်း လာလိမ့်မယ်။ လူတွေ ကျမအပေါ်စွဲလမ်းလာအောင် လုပ်ရတာတွေကို ကျမ သဘောကျတယ်။

သူနဲ့ အတူနေပြီးလို့ အိမ်ပြန်ချိန်ကျရင် ကားပေါ်မှာ စကား ပြောရင်းနဲ့ အကြောင်းဆက်စပ်တဲ့အခါ ခုနကကျတော့ အော်တယ် လေလို့ သူက တမ်းတမ်းတတနဲ့ ပြန်ပြောတဲ့အခါ “မောင်နော်... ဘယ်သူက အော်လို့လဲ” လို့ ဆိုပြီး ကျမ ရှက်သွားသလိုဟန်နဲ့ နှုတ်ခမ်း ကိုက်ပြတတ်တယ်။ အဲဒီအခါကျရင် သူက တဟားဟားရယ်ပြီး “အင်း.. အော်တာ မဟုတ်ပါဘူး... သူ့ဟာသူ အသံတွေထွက်လာတာ“ လို့ ကျမ အပေါ်မှာ လွှမ်းမိုးနိုင်လို့ (ကျမကို ဖြုတ်လိုက်နိုင်လို့) သူ့ကိုယ်သူ ကျေနပ်နေတဲ့ အကြည့်တွေနဲ့ ကျမကို မက်မက်မောမော ကြည့်တတ် တယ်။

ဟန်ဆောင်တယ် ဆိုတာ ကျမအဖို့ သိပ်သင်စရာမလိုတဲ့ ပညာပါ။ ကျမက သူ့ကို အရူးအမူး ဖြစ်နေတယ်လို့ ထင်ပြီး ကျမနဲ့ တွေ့ဖို့ကိစ္စမှာ သူ စွဲလမ်းနေအောင် လုပ်ထားရတာကို သဘောကျ တယ်။ မကောင်းဘူးလို့တော့ သိတာပဲ...၊ ခက်တာက အသိတရားက သက်သက်၊ လိုက်နာလုပ်ဆောင်တာက သက်သက် မဟုတ်လား။

ကိုကိုနဲ့ နေတဲ့အခါ မောင်မောင့်အထိအတွေ့တွေကို သတိရတယ်။ ဒါပေမယ့် ကိုကိုနဲ့က ချစ်ခြင်းမေတ္တာ ပါတယ်။ မောင်မောင့်ကို ကျမ တော်တော် ကြိုက်ပါတယ်..၊ ကြိုက်တာပဲနော်။ ရမ္မက်ပြင်းပြင်းနဲ့ နမ်းတာတွေ၊ ကျမကိုယ်လုံးကို စွေ့ခနဲနေအောင် ခါးကနေ ဆွဲပွေ့တာ တွေ...၊ ဒီသန်မာမှုတွေက မိန်းမတယောက်အတွက် မက်လောက်စရာ မဟုတ်ဘူးလား။ အိမ်ထောင်ရေးမှာ စိတ်ချမ်းမြေ့လုံခြုံမှုအတွက် ကျမ ကိုကို့ကို လိုအပ်ပြီး အိပ်ရာပေါ်က သာယာမှုအတွက်တော့ မောင်မောင် နဲ့ နေရတာကို ပိုပြီး သဘောကျမိတယ်။

ယောက်ျားတွေက သူတို့အတွက်ကို အရောင်တင်ပေးနိုင်တဲ့ သက်ပြင်းတရှိုက်၊ နှုတ်ခမ်းတပွင့်၊ ညည်းတွားသံသဲ့သဲ့တွေနဲ့ သူတို့ မောင်းနှင်အားကို မီးရှို့ပေးနိုင်မယ့် အရာတွေကို ပိုပြီးစွဲလန်းတပ်မက် ကြ တယ်။ အတူနေပြီးသွားတဲ့အခါလည်း အားတွေ၊ အင်တွေနဲ့ ရယ်ပြနေလို့ မရဘူး၊ တကိုယ်လုံး အဝတ်စလေးလို ပျော့ဖတ်နွမ်းနယ်နေတဲ့ မိန်းမ တယောက်ရဲ့ ဝတ်လစ်စားလစ် ပုံရိပ်ဟာ ယောက်ျားတွေရဲ့ စိုးမိုးလို စိတ်ကို အတိအကျကြီး အရောင်တင်ပေးနိုင်တယ်လေ။

ဒါတွေကိုသာ သေချာသိထားမယ်ဆိုရင် ယောက်ျားတယောက်ကို ကိုယ့်ဘေးက ထွက်မသွား နိုင်အောင် ထိန်းချုပ်ရတာ အင်မတန့်ကို လွယ်လာလိမ့်မယ် မဟုတ်လား။

အခန်း (၂)

မောင်မောင်က မကျွမ်းကျင်ဘူး ဆိုတာက ကျမရဲ့ စံနှုန်းအရ ပြောတာ။ ကျမက "မောင်ရေ နင်အပြာကားတွေ မကြည့်ဖူးဘူးလား" ဆိုတော့ လူပျိုဘဝက ကြည့်တယ်၊ လိုက်မလုပ်ရဲပါဘူးတဲ့။ လိင်မှု ကိစ္စမှာ အတွေ့အကြုံ ရင့်တဲ့သူတွေဟာ အတွေ့အကြုံ ရှိပြီးသား လူကိုပဲ သဘောကျတတ်ကြတယ်တဲ့။ လိင်မှုကိစ္စကိုတောင် Comfort Zone မှာ သာယာကြတာမျိုးပေါ့။ ကျမတော့ အဲဒီထဲမပါဘူး။ ကျမ မောင်မောင့်ကို သဘောကျတယ်ဆိုတာ သူ့ရဲ့ အတတ်ဆန်း မထွင်တတ်မှု တွေကို သဘောကျတာ။ ကျမကို ဦးဆောင်သွားဖို့ထက် ကျမ လိုချင်သလို ပုံသွင်းနိုင်မယ့် Sex Partaner ကိုပဲ ကျမက လိုချင်တာမို့လို့။

မောင်မောင်ဟာ ရှာမှရှားတဲ့လူ။ သူ့ဇနီးကိုတောင် အိမ်ထောင် သက် သုံးနှစ်အထိ နှုတ်ခမ်းကို မနမ်းဖူးဘူးတဲ့။ သူ့အမျိုးသမီးက ရိုးတာ လည်း ပါမှာပေါ့နော်။ သူတို့အဖြစ်က ဒီနေ့လို ခေတ်ကြီးမှာ ဆန်းပြား လွန်းလို့ ကျမက ဘာဖြစ်လို့ မနမ်းဖူးကြတာလဲလို့ မေးတဲ့အခါ "မြန်မာတွေ လုပ်တတ်တဲ့ အလုပ်မျိုးမှ မဟုတ်တာတဲ့"။ ကျမလေ သူ့ကို Fbမှာ တွေ့ဖူးတဲ့ ကုန်းဘောင်ခေတ်ရဲ့ Sex Position သရုပ်ပြတဲ့ပုံတွေ ပြချင်လိုက်တာဆိုတာ၊ "မောင်ရယ် မင်း သိပ်အတာပဲ" လို့ပေါ့။ ရယ်လိုက်ရတာ မျက်ရည်တောင် ထွက်တယ်။

အဲဒီတုန်းက ကျမ သူနဲ့ မအိပ်ရသေးဘူး။ မှီတယ်၊ ဖက်တယ်၊ ပါးကို နမ်းတယ် ဆိုတဲ့ သမရိုးကျ ရည်းစားထားတဲ့ လမ်းကြောင်းပေါ် မှာပဲ ရှိနေသေးတယ်။ အဲဒီနေ့က ကျမ သူ့နှုတ်ခမ်းကို နမ်းနေကျထက် ခပ်ဖိဖိ ပိုနမ်းခဲ့ပြီး "အိမ်ရောက်ရင် စမ်းကြည့်ပေါ့" လို့ မှာခဲ့တယ်။ နောက်တခေါက် မောင်နဲ့ ကျမ တွေ့ကြတဲ့အခါ "အခြေအနေ ဘယ်လိုလဲ" လို့ မေးတော့ "အတတ်ဆန်းတွေ ဘယ်က သင်လာတာလဲ"လို့ သူ့ကို မေးတယ်ဆိုလို့ ကျမ အော်ရယ်ခဲ့တယ်။ "နမ်းပြစမ်းပါ မောင်ရယ် ဆိုတော့ ရှက်ကိုးရှက်ကန်းနဲ့ ကျမ နှုတ်ခမ်းတွေကို သူနမ်းတယ်။ လျှောင်ပြုံးဆန်တဲ့ အပြုံးနဲ့ "မောင်က ဘာမှလည်း မတတ်ပါဘူးကွာ" လို့ ကျမက ပြောတော့ သူ လုပ်နိုင်ပါတယ်ဆိုတာ ပညာပြဖို့ ကြိုးစားတော့ တာပဲ။

လူတွေ၊ အထူးသဖြင့် ယောက်ျားတွေရဲ့ မခံချင်စိတ်တွေ တဟုန်းဟုန်း တောက်လောင်လာဖို့အတွက် မီးထိုးပေးရတာဟာ သိပ်ကို အရသာရှိပါတယ်။

လူတွေသာ ဒီစာကို ဖတ်မိရင် ကျမဟာ ကျမအိမ်ထောင်ကို ဖောက်ပြန်ရုံတင်မက၊ သူများကိုပါ အိမ်ထောင် ဖောက်ပြန်စေတတ်တဲ့ မိန်းမယုတ်လို့ မြင်စရာတွေ ဖြစ်လာပေမယ့် ဂရုစိုက်မနေပါဘူး။ လူတိုင်း ရဲ့ စိတ်ထဲမှာ ဖုံးကွယ်ထားတဲ့ သားရဲစိတ်က ရှိနေတာပဲ။ လူတွေမှာ ကိုယ် ဘယ်လိုလူ ဆိုတာကို လက်ခံလိုက်တဲ့သူနဲ့ လက်မခံနိုင်ဘဲ ဖိနှိပ်ထားတဲ့သူ နှစ်မျိုးပဲ ရှိတယ်။ နောက်ပြီး မောင်နဲ့ ကျမရဲ့ ပတ်သက် မှုဟာ ကျမဘဝထဲကို သူ ဝင်မရှုပ်၊ သူ့ဘဝထဲကို ကျမ ဝင်ရှုပ်စရာ မလိုတဲ့ပတ်သက်မှုမျိုးကို ကျမတို့ တည်ဆောက်ထားတာ။ အလုပ်ကိစ္စအတွက် သူနဲ့ တွေ့တယ်။ ပြီးသွားရင်တော့ သူနဲ့ လုပ်မယ့်ကိစ္စအတွက် အချိန်ကို Extension ထပ်ယူတယ်။

ကျမနဲ့ တွေ့ချိန်မှာ မောင်မောင်က သူ့မိသားစုနဲ့ ပတ်သက်တဲ့ သောကတချို့ကို ရင်ဖွင့်ပြတတ်တယ်။ ဒါပေမယ့် အဲဒီသောကတွေ အေးချမ်းဖို့

ကျမဆီက အကြံဉာဏ် တောင်းနေတာမျိုးလည်း မဟုတ် ဘူး။ ဒီလိုပဲ စိတ်ထဲမကျေလည်တာ မျိုးတွေကို ရောက်တတ်ရာရာ ပြောတဲ့ သဘောပေါ့။ ပြီးရင် သွားနေကျ မိုတယ်တခုခုကို သွားမယ်။ သူ့မှာ ပါလာတဲ့ Weed ကို မှုသောက်မယ်။ ဘီယာ သောက်မယ်။ အိပ်ရာ ပေါ်သက်သောင့်သက်သာ လှဲပြီး ရောက်တတ်ရာရာတွေ ပြောကြမယ်။ ဒါမှမဟုတ်လည်း တီဗွီဖွင့်ထားပြီး ပြနေတဲ့ အင်္ဂလိပ်ဇာတ်ကား တခုခုကို ကြည့်မယ်ပေါ့။ ပြီးမှ ရေ့ကို တလှမ်းတိုးကြတာပေါ့။

ပထမဆုံးအကြိမ် အတူနေကြတုန်းက မောင်မောင်က ကျမ ထက်ပိုပြီး အရက်မူးနေခဲ့တာ။ အင်း အရက်သောက်တဲ့ ခံနိုင်ရည် မှာလည်း မောင်မောင်က ကျမထက် နုပါတယ်။ မောင်မောင်က ကျမကို ပြောဖူးတယ်။ သူ့ကိုယ်သူ 'မောင်က လူဆိုးကြီးနော်၊ အခု ပေါင်းလာတာကြာမှ မောင်ဆိုးတာတွေ သိပြီမှတ်လား၊ နောက်မှ ကြောက်တယ် ဆိုပြီး ပစ်မသွားနဲ့" တဲ့။ ကျမ ပြုံးပဲ ပြုံးနေလိုက်တယ်။ ကျမအပြုံးတွေကို မောင်မောင်က သေသေချာချာ အဓိပ္ပါယ်မဖော်တတ်ဘူးလေ။ သူက ဆိုးတယ်ဆိုတာ နည်းနည်းလေး စိတ်ကြမ်း၊ ကိုယ်ကြမ်း ရှိရုံရယ်၊ ဘာဘာညာညာတွေကို သုံးတတ်စွဲတတ်ရှိရုံ၊ သာမန်ယောက်ျားဆန်ရုံ လောက်ပါ ဆိုတာကို သူ့ကိုယ်သူ မသိရှာဘူး။ တကယ့်သားရဲစိတ်ဟာ ကျမ ကိုယ်ထဲမှာ ဆိုတာတွေကို မောင်မောင် မသိပါဘူး။

ကျမတို့ နှစ်ယောက်စလုံးမှာ ကလေးမရှိဘူး။ ဒါဆို ဒီလို သဘောကျနေကြရင် သက်ဆိုင်သူတွေကို ကွာပြီး ယူလိုက်ကြပါလား လို့တော့ မပြောစေချင်ဘူး။ ဘာလို့လဲဆိုတော့ ကျမတို့က လူမှုရေးပဲ ဖောက်ပြန်တာ၊ စိတ်ဓာတ်အောက်တန်းကျနေတာ မဟုတ်ဘူး။ ဘာမှ မသိကြသေးတဲ့ ကျမတို့ ရွေးချယ်ပြီးသား လက်တွဲဖော်တွေရဲ့ တည်ငြိမ် နေတဲ့ ဘဝကို ကျမတို့ မနှောင့်ယှက်ချင်ဘူး။ သူ့ဝန် သူထမ်း၊ ကိုယ့်ဝန် ကိုယ်ထမ်းမယ်။ နှစ်ပတ်တခါ တွေ့မယ်။ တခါတလေ မက်ဆေ့တစောင်စီလောက် အပြန်အလှန် ပို့ကြမယ်၊ ဒီလောက်ပဲ။ လိင်ကိစ္စဆိုတာ ကျမအတွက်တော့ Entertainment တခုပဲ။ ကျမ ခင်ပွန်းဆီက မရ နိုင်တာ တချို့တလေကို အပြင်မှာ ရှာဖွေတာလောက်ပဲ။ ဒီထက်ဘာမှ မပိုဘူး။

ယောက်ျားရှားလို့လားလို့ မေးရင် ယောက်ျားကတော့ မရှားပါ ဘူး၊ ကျမ လိုချင်တဲ့ ပုံစံမျိုး ရှိတဲ့လူပဲ ရှားတာ။ ယောက်ျားတွေအနေနဲ့ သန့်တာလေးမြင်ရင် ဥထားချင်တတ်တဲ့ သဘာဝလိုမျိုး၊ ကျမကလည်း ကျမ စိတ်တိုင်းကျ ရွေးချယ်ထားတဲ့အရာကို စိတ်အပန်းဖြေဖို့ သက်သက် အသုံးချရုံလောက်ပေါ့။ တယောက်ကို တယောက် စောက်ရမ်းတွေ ငြိတွယ်နေလို့ မရကြဘူးဆိုတာ ကျမတို့ နှစ်ယောက်စလုံး သိပြီးသားပဲဟာ။

သာယာမှုရှာတယ်ဆိုတာ တကယ်သာယာကြဖို့ပဲ လိုတာ မဟုတ်လား။ ကျမနဲ့မောင်မောင်ဟာ အရှုပ်တွေလုပ်နေကြပေမယ့် အဲဒီအရှုပ်အထွေးထဲမှာ ရှင်းအောင် နေတတ်ကြတယ်လို့ အဲဒီအချိန် တုန်းက တော့ ကျမ ယုံကြည်နေခဲ့မိတယ်။

အခန်း (၃)

လူတယောက်ကို မြူဆွယ်ကျူးသွင်းဖို့ဆိုတာ သူက ကိုယ့်အပေါ် အထင်ကြီးရင်းစွဲ ရှိဖို့လိုတယ်။ မောင်မောင်ဟာ ပညာအရည် အချင်းရော လူနေမှုမှာပါ ကျမထက် မဆိုစလောက်လေး နိမ့်ပါးတဲ့ အခြေအနေ ရှိတယ်။ အလုပ်ကိစ္စတခုမှာ လမ်းကြုံလို့ အကြံပေးမိရာ ကနေ မောင်မောင်နဲ့ ကျမရဲ့ ဇာတ်လမ်းက ရှေ့ဆက်ဖို့ ဖြစ်လာခဲ့တယ်။ ကျမဟာ မောင်မောင့် ကို လွှမ်းမိုးလွှမ်းနိုင်ခဲ့တဲ့အတွက် ကောင်းတာက မောင်မောင်ဟာ ကျမ ဘယ်လောက်အနိုင်ကျင့်ကျင့် (အော်တာ၊ ဆူ တာ၊ စိတ်ကောက်တာ၊ ရစ်တာ မှန်သမျှကို) 'ခဏလေးပါ ကောင်မလေး ရယ်... ခင်ဗျားလေး စိတ်တိုင်းကျအောင် မောင်လုပ်ပေးပါ့မယ်" ဆိုပြီး အရာရာကို နာခံ အလျှော့ပေးလာတာပဲ။ မကောင်းတာကတော့ ကျမ မပါဘဲနဲ့ ဂျင်းအကျႌ တထည်ကိုတောင် သူ့ဟာသူ အဖြစ်ရှိအောင် မဝယ် တတ်တော့တာပါပဲ။ မောင်မောင်ဟာ လူကြားထဲမှာ ဒူးထောက်ပြီး ကျမရဲ့ ဖိနပ်တွေကို ကြိုး ချည်ပေးဖို့ ဘယ်တုန်းကမှ မတွန့်ဆုတ်ဘူး။ ကျမ အရက်မူးပြီး အန်ချရင် လက်ထိုးခံပေးဖို့လည်း ဝန်မလေးခဲ့ဘူး။ ကျမ တခါတုန်းက သူ့ကို ကျမ ပို့တဲ့စာကို နှစ်ဆယ့်လေးနာရီအတွင်း မပြန်တဲ့ကိစ္စနဲ့ ရမယ်ရှာပြီး အဆက် ဖြတ်ခဲ့ဖူးတယ်။ သူ့ကို စိတ်ကောက် ပြီး ပြင်ဦးလွင်မှာ တပတ်လောက် သွားနေခဲ့ဖူးတယ်။ ပြီးခဲ့တဲ့ ဗယ်လင်တိုင်း ကာလမှာပေါ့။

ဟိုမှာနေတဲ့ ကာလတလျှောက်လုံး သူပို့သမျှ စာတွေကို အကန်တွေ့ပဲ ပြန်ပြီး ပြန်ရောက်လာတဲ့ ရက်ကိုလည်း သူ့ကို အသိမပေး ခဲ့ဘူး။ ပြန်ရောက်ပြီးချိန်မှာလည်း အိမ်ထဲမှာပဲ အောင်းနေဖြစ်ခဲ့တယ်။ ရတ်တရက် သူ့ကို ကျမ အဆက်အသွယ် မလုပ်တော့တဲ့အခါ မောင်မောင် ဟာ ကျမခင်ပွန်း ကိုကို့ဆီကို ဖုန်းဆက်ပြီး ကျမ ဘယ်မှာလဲလို့ မေးပါ တော့တယ်။

ဒီကောင်ကတော့ ငါ့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေပြီ၊ ဒီကောင့်ဘဝမှာ ငါမရှိလို့ မဖြစ်ဘူးလို့ စိတ်နဲ့တော့ ကြံဖန်ဂုဏ်ယူပြီး မာန်တက်ချင် တက်နိုင်တာပေါ့နော်။ ဒါပေမယ့် ဒီအရာတွေဟာ လက်တွေ့ဘဝမှာတော့ အနှောင့်အယှက်တွေ ဖြစ်လာခဲ့ပါတယ်။

ကျမ အိမ်ပြန်ရောက်နေတယ်ဆိုတာ သိသွားခဲ့တဲ့ မောင်ဟာ ဆိုင်းမပါ ဗုံမဆင့်ဘဲနဲ့ ကျမအိမ်ကို နေ့လယ်ဘက်ကြီး ရောက်လာ ခဲ့ပါတယ်။

ကျမတို့ အိမ်မှာက ကျမတို့လင်မယားရယ်၊ တရက်ခြား တခါ လာတဲ့ အိမ်အကူ အမကြီးရယ်ကလွဲရင် ဘယ်သူမှတော့ မရှိတတ်တာ များပါတယ်။ မောင်ရောက်တဲ့ အချိန်က ကျမ ဟင်းချက်နေတဲ့ အချိန်ကြီး။ ဒီလိုအချိန်ဆိုရင် ကျမယောက်ျား မရှိတတ်မှန်း သိတဲ့ မောင်ဟာ အိမ်တံခါး Bell ကို အရူးတယောက်လို မရပ်မနား တီးနေခဲ့တယ်။ ကျမ စိတ်တိုတိုနဲ့ တံခါးဖွင့်ပေးလိုက်တဲ့အခါ ကျမကို တွန်းပြီး အိမ်ထဲ ဝင်လာ တယ်။

အိမ်တံခါးတွေ ပြန်ပိတ်ပြီး ရန်ဖြစ်မယ်ဆိုတဲ့ စိတ်နဲ့ သူ့ဘက်ကို လှည့်လိုက်တဲ့အခါ မောင့်မျက်နှာဟာ ပြုံတော့မယ့် မိုးလို။ "ခင်ဗျားပဲ အကျင့်ပါအောင် လုပ်ပြီး ခင်ဗျားပဲ ပစ်ထားခဲ့ဖို့ ကြိုးစားနေပြီ မဟုတ် လား" လို့ ကျမ ပခုံးတွေကို လှုပ်ခါပြီး မေးတယ်။ မောင်မောင့်ဆီကနေ ကျမ အရက်နံ့တွေ ရနေတယ်။

"အရက်တွေ သောက်ပြီး ဘာလို့ ကျမ အိမ်ကို လာတာလဲ မောင်" လို့ မေးတော့ "ခင်ဗျားလေး ကျုပ်ကို ပစ်ထား တယ်" ဆိုပြီး ကျမခါးကို ဆွဲဖက်၊ ပခုံးပေါ်ကို ခေါင်းမှောက်ချပြီး ငိုတော့ တာပဲ။

ငိုတတ်တဲ့ ယောကျ်ားတွေကို မကြိုက်ပေမဲ့ မောင်မောင့်လိုလူ ငိုတာဟာ ကျမအတွက် ထူးဆန်းတယ်။ ဒါပေမယ့် တချိန်တည်း မှာပဲ အဲဒီမျက်ရည်တွေဟာ ကျမကြောင့်ဆိုတဲ့ စိတ်နဲ့ သူ့အပေါ်သနား ရမယ့်အစား ငါ့အတွက် သူ ငိုနေတယ် ကြည့်စမ်းဆိုတဲ့ ကျေနပ်နေတဲ့ စိတ်ကြီးနဲ့ ကျေနပ်နေတာမျိုး ဖြစ်နေခဲ့တယ်။ ဘယ်လောက်တောင် စိတ်ပျက်စရာ ကောင်းလိုက်တဲ့ စိတ်ဓာတ်ကြီးတဲ့လဲ။ ကိုယ်က ချစ်ပါ တယ်လို့ အရင်ပြောပစ်လိုက်လို့ ကိုယ့်အပေါ် ပြန်ချစ်ခဲ့တဲ့ ယောကျ်ားတယောက် အပေါ်မှာ ဒီလိုစိတ်မျိုး ကတော့ မဖြစ်သင့်ဘူး မဟုတ်လား။ ကျမရဲ့ Darkside ဘက် အခြမ်းက ကိုယ့်ကိုယ်ကိုယ် ပြန်မြင်နေရတာ အတော်လေးကို အော်ဂလီဆန်စရာ ကောင်းလွန်းနေခဲ့တယ်။

အဲဒီ Darkside ကို မြင်လိုက်ရလို့ ကျမ အလန့်တကြား ပြင်ဆင်လိုက်မယ်လို့များ ထင်လား။ ဟင့်အင်း၊ ငိုနေတဲ့ မောင့်ကို တွန်းဖယ်ပြီး "ကျမ မအားဘူး။ ဟင်းချက်နေတယ်" လို့ အေးတိအေးစက် လေသံမာမာ မျက်နှာထားတင်းတင်းနဲ့ ပြောခဲ့တယ်။ နာကျင်နေပြီးသား လူကို ထပ်ပြီး ထိုးနှက်တဲ့ ရက်စက်မှုကို အရသာခံပြီး ကျမ သုံးခဲ့တယ်။

ကျမကလေ မောင်မောင့်ကို တစက်မှ မချစ်ဘူး။ ဒါပေမယ့် ကိုယ်နဲ့ မဟုတ်ဘဲ သူ့အမျိုးသမီးနဲ့ သာယာပျော်ရွှင်နေတယ်လို့ ထင်ပြန် ရင်လည်း မနာလိုဘူး။ တကယ်ဆိုရင် သူ့ကို ကျမ တရားဝင် ပိုင်ထား တာမှ မရှိတာ။ မောင်မောင်ဟာ သူ့အမျိုးသမီးလေးနဲ့ ပုဂံကို သွားခဲ့ပြီး အတူတွဲရိုက်ထားတဲ့ ဓာတ်ပုံကို သူ့အမျိုးသမီးလေးက Profile picture အဖြစ် ထားခဲ့တာကိုတောင် ကျမ မနာလိုဘူး။ သဝန်တိုတာဟာ အချစ် လို့ တချို့ကတော့ ပြောကြတယ်။ ဒါပေမယ့် ကျမ သိတယ်။ ကျမ စိတ်ထဲမှာ မောင်မောင့်ကို သဝန်တိုနေတာဆိုတဲ့ ချစ်စရာကောင်းတဲ့ စိတ်မျိုးထက် ငါ့အစာကို လာမလုနဲ့ဆိုတဲ့ မြေခွေးတကောင်ရဲ့ အစာ မာန်တက်နေတဲ့ စိတ်မျိုး ဖြစ်နေတယ် ဆိုတာပဲ။

မောင်မောင့်ကို ကျမ မေးဖူးတယ်။ ကျမတို့အကြောင်း မောင့်အိမ်က သိသွားရင်ရော၊ ကျမယောကျ်ား သိပြီး မောင့်ကို လာမေး ခဲ့ရင်ရော ဆိုတဲ့ မေးခွန်းတွေပေါ့။ မောင်မောင်က "ဟုတ်တယ်လို့ ဝန်ခံ လိုက်မှာပဲ" လို့ပဲ ဖြေခဲ့တယ်။ "တကယ်လို့ ကျမရဲ့ ကိုကိုကသာ ကျမကို အဆက်အသွယ်ဖြတ်ဖို့ မောင်မောင့်ကို ပြောလာခဲ့ရင် မောင် ဘာလုပ် မလဲ" လို့ ထပ်မေးတော့ "ကျွန်တော်က ခင်ဗျား မဟုတ်ဘူးလေ..လို့ တခွန်းပဲ ပြောစရာရှိတယ်" တဲ့။ အဖြေတွေဟာ ခဏ တဖြုတ်အတွက် တော့ သာယာနာပျော်ဖွယ်တွေချည်းပါပဲ။

စိတ်လိုလက်ရ ရှိလာတိုင်း ခင်ဗျားလေးလက်ကို ဆွဲပြီး ထွက်ပြေးသွားချင်တယ်လို့ ပြောတတ်တာမျိုးတွေ။ မူးလာတိုင်း အတင်းဆွဲဖက်ထားပြီး ဘာဖြစ်လို့များ ခင်ဗျားလေးကို နေ့တိုင်း ဖက် ထားလို့ မရနိုင်တာလဲလို့ ပေါက်ကွဲတာမျိုးတွေ။ ခင်ဗျားက ကျွန်တော် ကို ထားသွားဖို့၊ ကျွန်တော်နဲ့ အဝေးကြီးကို ထွက်ပြေးသွားဖို့ပဲ ကြိုးစား နေတာ မဟုတ်လားလို့ စွပ်စွဲတာမျိုးတွေဟာ ကျမနဲ့ မောင်မောင် ကြားက ချည်ထားတဲ့ ကြိုးတွေပါပဲ။ ကျမကို မရနိုင်လို့ အရူးအမူး စွဲလမ်း နေတာ ဆိုပြီး မောင်မောင့်ရဲ့ နာကျင်မှုတွေကို

ပြုံးပြုံးကြီးကျေနပ်ပြီး စောက် တလွဲ အတွေးကြီးတွေနဲ့ ဂုဏ်မောက်နေခဲ့တယ်။

မောင်မောင့်ကို လိင်ကိစ္စ တခုတည်းအတွက် အသုံးချခဲ့တယ် လို့ ပြောခဲ့ပေမယ့် အချိန်ကြာလာတဲ့ အခါမှာတော့ လူနှစ်ယောက်ရဲ့ ကြားက ဆက်နွယ်မှုဟာ အင်အားကြီးလာခဲ့တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မောင်မောင်က ကျမနဲ့ ရှူးသွပ်မှု ဒီဂရီတွေမှာ အမီလိုက်နိုင် တယ်။ ကိုကိုက လူကြီးဆိုတော့ ကျမ လုပ်တာတွေကို သူ လိုက်မလုပ် နိုင်ဘူး။ ကျမကို စိတ်ချမ်းသာအောင် အမြဲတမ်း အလိုလိုက်တတ် တာက လွဲရင် ကျမနဲ့ ဘက်မညီဘူး။ ကိုကို့အပေါ်မှာ ဖောက်ပြန်နေမိလို့ အားနာမိနေပေမယ့် မောင်မောင်နဲ့ အတူရှိရမယ့် အချိန်တွေကို ရပ်တန့် ပစ်ဖို့လည်း ကျမ မလုပ်နိုင်ခဲ့ဘူး။

ကိုကို့ကို သူငယ်ချင်းတွေနဲ့ ကလပ်သွားမယ်၊ Bar သွားမယ် လို့ ပြောပြီး ညဘက်ကြီး အိမ်ကနေ ထွက်၊ မောင်မောင်နဲ့အတူ ဆိုင် ခပ်သေးသေးလေးမှာ အရက်သောက်၊ ပါလာတဲ့ မုန့်တွေရှိုက်၊ မူးလာ ရင် မြစ်ကူး တံတားပေါ် ဟိုဖက်ကမ်း ဒီဘက်ကမ်းကို လက်ချင်းတွဲပြီး အပြန်အလှန် လျှောက်၊ ပေါက်ကရတွေပြော.. ဝိတွေပြဲပြီး အကျယ်ကြီး ရယ်၊ အမှောင် ရိပ်တွေမှာ အရူးအမူး Kissing ဆွဲ၊ ပြီးရင် ကြုံရာ တည်းခိုခန်းကို ဝင်ပြီး ခပ်သွက်သွက် တကြောင်းဆွဲဖြစ်အောင် ဆွဲကြတယ်။ ဘဝမှာ စိတ်သွား တိုင်း ကိုယ်ပါပြီး ကိုကို မသိအောင် လုပ်ချင်တိုင်းတွေ လုပ်ခွင့်ရနေတာကို အရမ်းကို ကျေနပ်နေခဲ့မိတယ်။ ဒါပေမယ့် ဒီအရာတွေ အားလုံးကို ကိုကိုက ဘာမှ မသိခဲ့တာ မဟုတ်ပါဘဲနဲ့ ကျမတို့ ဘယ်လောက်အထိ ဝေးဝေး ဆက်သွားနေ မှာလဲ ဆိုတဲ့ စိတ်နဲ့ တမင်သက်သက် စောင့်ကြည့်နေခဲ့တယ် ဆိုတာ ပါပဲ။

အခန်း (၄)

ကျမ မူးနေတယ်။ ခေါင်းထဲမှာ ဘယ်အရာမှ မရှင်းလင်းဘူး။ ကိုကိုက စကားတွေ အများကြီးပြောနေတယ်။ ပြီးတော့ ကိုကို ငိုတယ်။ ရှိုက်ကြီးတငင်ကို ငိုတော့တာ။ ကိုကို ငိုနေတာကို ကြည့်ပြီး ကျမ ဝမ်းနည်းလာတယ်။ မောင်မောင် ငိုနေတုန်းက ကျမ ပြုံးနေခဲ့ဖူးတာ လေ။ ကိုကို ငိုနေတာကို ကျမ ဘာလုပ်ပေးရမယ်ဆိုတာ မသိဘူး။ ကျမက စိတ်ပဲကောက်တတ်တာ မချော့တတ်ဘူး။ ဘာလုပ်ပေး ရမလဲ။

ကျမ စိတ်တွေ တင်းကျပ်လာတယ်။ အိမ်ကြီးက မွန်းကျပ်လာ တယ်လို့ ကျမ တော့ ခံစားရတယ်။ "အပြင်သွားရအောင်" လို့ ကျမက ပြော ကိုကိုက နားမလည်နိုင်သလို ကြည့်ပေမယ့် ကားသော့ယူပြီး လိုက်လာတယ်။ ကားပေါ်မှာ ကိုကိုက ကျမကို မေးတယ်။ ကိုကို တယောက်တည်းနဲ့ မလုံလောက်ဘူးလား" တဲ့။ ကျမမှာ ဖြေစရာစကား မရှိဘူး၊ မလုံလောက်ဘူးလို့ ပြောလိုက်ရင် ကိုကို့မာနကို ထိပါးမှာလား၊ ဒါမှမဟုတ် ကိုကိုက ကျမကို လိင်သရမ်းချင်တိုင်း သရမ်းတဲ့ မိန်းမလို့ မြင်မှာလား။

ကိုကိုက ကျမနဲ့ အနာဂတ် Plan တွေ သူ့ဆီမှာ ဘယ်လို ရှိတဲ့အကြောင်း၊ အရင်တုန်းက သူချစ်ခဲ့တဲ့ကောင်မလေး ကျမဟာ အခုအချိန် ကျမလို မဟုတ်တဲ့အကြောင်း၊ သူ့ကို သဲသဲလှုပ် ချစ်ခဲ့တာ တွေ၊ ကျမတို့ အမှတ်တရတွေကို နာကျင်နေတဲ့ လေသံနဲ့ ပြန်ပြော နေတဲ့ အချိန်မှာ ကျမ ခေါင်းထဲမှာ အားလုံးဟာလာဟင်းလင်းပဲ။ ကျမ စိတ်ထဲကနေ အောင်လရဲ့ အချိန်လွန်ငှက်သီချင်းကို အကျယ်ကြီး အော်ဆိုနေမိတယ်။

မဟုတ်ဘူး...။ ငါ ကိုကို့စကားတွေကို နားထောင်ပေးရမှာ၊ ငါ ကိုကို့ကို နှစ်သိမ့်ရမှာလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးတယ်။ မရဘူး၊ ခေါင်းထဲက သီချင်းသံကို မောင်းထုတ်လို့ မရဘူး။ ကိုကိုက ကားကို အရှိန်မြင့်ပြီး မောင်းနေတယ်။ မိုးနည်းနည်း ရွာထားလို့ ကားမှန်ပေါ်မှာ တင်နေတဲ့ မိုးရေစက်ကလေးတွေဟာ ကားရဲ့လေအရှိန်မှာ လှုပ်ခါပြီး လွင့်ထွက်သွားတာကို ကျမ လိုက်ငေးကြည့်နေမိတယ်။ ကျမ ပတ်ဝန်း ကျင်မှာ နာရီတွေက ရပ်တန့်လုနီးပါး အနှေးဆုံးအရှိန်နဲ့ လာပြီး လည်ပတ် နေသလိုပဲ၊ ရေမော်လီကျူးကလေးတွေ အလုံးလိုက် ပြိုကွဲသွားတာကို တောင် မြင်နေရသလိုမျိုး။

"ပြောဦး... ကလေး.. ကိုကို ဘာလုပ်ပေးရမလဲ"

ကျမ မကြားလိုက်ဘူး၊ ကိုကို ဘာကို ပြောခိုင်းနေတယ် ဆိုတာ ကို။ ကိုကို့ကို ပြန်ကြည့်နေတဲ့ ကျမ မျက်လုံးတွေက ဗလာသက်သက်ပဲ။ ကျမ ဘာမှကို မသိဘူး။ ကျမကိုယ် ကျမ ကိုကိုနဲ့ စကားပြောတဲ့ ဇာတ်ဝင် ခန်းကို ရိုက်နေတဲ့ ရုပ်ရှင်ကို ထိုင်ကြည့်နေရသလိုမျိုး မြင်နေတယ်။

ကြည့်တာတောင်မှ မိုးအေးအေးမှာ လုပ်စရာမရှိလို့ လာချင်ရာ လာနေ တဲ့ တီဗွီကနေ ပြချင်ရာ ပြနေတာကို ဇာတ်လမ်း တဝက်လောက်မှ ပျင်းရိပျင်းတွဲ ဝင်ကြည့်တဲ့သူလို ဖြစ်နေတယ်။ ကျမ မြင်နေရတဲ့ စောက် ကောင်မဟာ ဘာတွေတွေးနေလဲလို့ ကျမ မသိဘူး။ ကျမကတော့ သူ့ အနေနဲ့ ကိုကို့ကို တခုခု တုံ့ပြန်ဖို့ လိုနေတယ်ဆိုတာ သိတယ်။ ဒါပေ မယ့် ကျမဆီမှာ "ဟဲ့..ဘာလုပ်လိုက်လေ"၊

သူ့ကို ဘယ်လိုပြောလိုက်လို့ သူ့ကို အကြံပေးချင်လောက်တဲ့ စိတ်ကို မရှိဘူး။

ကိုကိုက သူ့ကားကို မိုတယ်တခုရဲ့ ခြံထဲမှာ ရပ်လိုက်တယ်။ ဒါ ဘယ်နေရာလဲ ဆိုတာလည်း ကျမ မမေးမိဘူး။ ကိုကို့နောက်ကနေ ခြေလှမ်းမှန်မှန်နဲ့ပဲ လိုက်သွားတယ်။ ကိုကိုက Receptios မှာ အခန်းယူ နေတယ်။ Lobby ထဲက မှန်ပေါ်မှာ ကျမကိုယ် ကျမ မြင်နေရတယ်။ မျက်နှာမှာ ဘာခံစားချက်မှ မရှိဘဲ မျက်လုံးအသေတွေနဲ့ မျက်နှာ။ ကျမ ဆံပင်တွေက ဖွာဆန်ကျဲနေတယ်။ ကိုကိုက ကျမလက်ကို ဆွဲပြီး ခေါ် သွားတယ်။

အခန်းထဲကို ရောက်လာတယ်။ ကိုကိုက ကျမကို ခဏနေ ခဲ့ဦးလို့ ပြောပြီး အပြင်ပြန်ထွက်သွားတယ်။ သောက်စရာ တခုခု သွားဝယ် တာလား ဘာလုပ်ဖို့ သွားတယ် ဆိုတာ ကျမ မသိဘူး။ ခုတင် ခေါင်းရင်း က ခန်းစီးစကို ဘေးဘက်ကို ဆွဲလိုက်တယ်။ ခုတင်ပေါ်ကို အသာ လှဲချပြီး ခေါင်းရင်းက မှန်ပြတင်းပေါက်ကို ရည်ရွယ်ချက်မရှိ ငေးနေခဲ့ တယ်။ အဝေးကြီးမှာ သာနေတဲ့လကို ကျမတို့ အခန်းခေါင်း ရင်းက သစ်ပင်ရဲ့ သစ်ကိုင်းတွေ ကြားကနေ တစွန်းတစ လှမ်းမြင်ရတယ်။

ကျမ အတွေးထဲမှာ အခုက လပြည့်နေ့လား...၊ ငါ ဘာလို့ မသိတာလဲ။ မနက်ဖြန်ပြည့်မှာလား...၊ လပြည့်ဆိုရင် ငါစားနေကျ မုန့်ဟင်းခါးဆိုင်က မထွက်လောက်ဘူး ဆိုတဲ့ ဘာမှအရေးမပါတာတွေကိုပဲ တရစပ် တွေးနေတယ်။ ကိုကို ပြန်ဝင်လာတယ်။ ကျမကို တံခါးကို သော့ မခတ်ထားလို့တဲ့ ဆူနေတယ်။ ကျမ ကိုကို့ကို ခုပဲ ပြန်လာမှာ မဟုတ် လားလို့ ပြန်ပြောဖြစ်တယ်လို့ ထင်တယ်။

ကိုကို ကျမနားကို တိုးလာတယ်။ သူ့ခါးက ခါးပတ်ကို ဆွဲဖြုတ် တယ်။ ကျမ နာမည်ကို ခေါ်တယ်။ ပြီးတော့ "သိပ်ဆိုးနေတယ် ဟုတ် လားတဲ့။ ကိုကို့မျက်လုံးတွေက တောက်ပြောင်နေပေမယ့် အပြုံးတွေ ရော စကားသံတွေကပါ နွေးထွေးနူးညံ့နေတယ်။ ကျမ မျက်လုံးထဲမှာ ချက်ချင်းပဲ မျက်ရည်တွေ ဝေ့တက်လာပြီး ဝမ်းနည်းလာတယ်။

ကိုကိုက ကျမလက်တွေကို နောက်ကျောဘက်ကို ပို့ပြီး လက် ကောက်ဝတ်ကို ခါးပတ်နဲ့ သေသေချာချာချည်တယ်။ ပြီးတော့ ထပ်မေး တယ်။ "ကိုကိုနဲ့ မလုံလောက်ဘူးလား... ကလေး" တဲ့။ ကျမ ရှိုက်ကြီး တငင် ငိုချပစ်ချင်လာတယ်။ ကိုကိုက ကျမကို ခုတင်စောင်းမှာ ကန့်လန့် ဖြတ်ပြီး လှဲချပေးတယ်။ ခုနက ကျမကြည့်နေတဲ့ ပြတင်းပေါက်တွေကို မျက်နှာချင်းဆိုင်ပြီးတော့ပေါ့။ သူကတော့ ခုတင်အောက်မှာ မတ်တတ် ရပ်နေတယ်

ကိုကို့ကို ကြည့်ရတာ ခါတိုင်းအချိန်တွေထက် လူကောင် ပိုထွားလာတယ်လို့ မြင်နေမိတယ်။ အင်္ကျီကြယ်သီးတွေကို အကုန် ဖြုတ်ပြီး ရင်ဘတ်ကို ဟ ထားတယ်။ သူထားတဲ့အတိုင်း ခွေခွေကလေး လှဲနေတဲ့ ကျမကိုယ်ကို ကွေးသွားအောင် လက်နဲ့တွန်းတယ်၊ ပြီးတော့ သူ့ဘောင်းဘီကို ဇစ်ဖြုတ်လိုက်တယ်။

ခါတိုင်းအချိန်တွေမှာ ကိုကို လုပ်ပေးတတ်တဲ့ အပြုအစုအယု အယတွေ ဘာမှ မလာတော့ဘူး။ ကျမ ကိုကို့ကို ဗလာမျက်လုံးတွေနဲ့ ဆက်ကြည့်နေမိတုန်း ရုပ်ရှင်မှာ လာနေတဲ့ ၁၈+ ဇာတ်ဝင်ခန်းတခုလို ကျမ မြင်မိနေတုန်းပဲ။ ကိုကိုက ကြမ်းတယ်။ ကျမ တင်ပါးမှာ လက်ဝါး ရာတွေ ထင်တဲ့အထိ မညှာတမ်း ရိုက်တယ်။ "အော်စမ်း..." တဲ့။ ဟင့် အင်း ကျမ မအော်ချင်ပါဘူး။ မျက်နှာကို တတ်နိုင်သမျှ

အိပ်ရာခင်းဆီကို ကပ်ထားလိုက်တယ်။ ကျမ ကိုယ်လုံးအောက် ပိနေတဲ့ စောင်ကို ပါးစပ် ထဲ ထည့်ပြီး မအော်မိအောင် ကိုက်ထားမိသေးတယ် ထင်တာပဲ။

“အဲဒီကောင်ကို ချစ်လားတဲ့”။ ကျမ ခေါင်းခါပြလိုက်တယ်။ “အေး.. မချစ်ရဘူး၊ ကြားလားတဲ့”။ ကျမ ခေါင်းညိတ်ပြမိတယ် ထင်တာ ပဲ။ ကျမ ရပ်တန့်လိုက်ချင်ပြီ။ မနာသလို ဘာ Feeling မှကို မရှိဘူး၊ ဒါက မပြီးနိုင်သေးဘူးလားလို့ တွေးနေမိတာပဲ ရှိတယ်။ ကျမ လက်က ခါးပတ်ကို ဖြည်ပေးလိုက်ပေမယ့် လက်က သွေးမလျှောက်လို့ ကျဉ်နေ တုန်းပဲ။ ကိုကို ကျမကို ဘာတွေ ဘယ်လိုလုပ်နေနေ ကျမ ခေါင်းထဲက သီချင်းသံကြီးကတော့ လုံးဝကို ပျောက်မသွားဘဲ ပိုတောင်ကျယ် လောင် လာသလိုပဲ။

“ခံစားတတ်တယ်၊ နာကျည်းတတ်တယ်...၊ ငါမမေ့တတ်လို့ သံသရာလည်... ဒါ လှည့်ဖျားခြင်းပဲ၊ ဒါ ကံတရားပဲကွယ်... ငါနိုးထမှ နှလုံးသားတခုကို... မင်းက ငါ့ကို စတေး...

အခန်း (၅)

အပြင်မှာ မိုးတွေသည်းနေတာကို ပြတင်းပေါက်ကနေ ကျွမ ထိုင်ငေးနေခဲ့တယ်။ အုန်းလက်တွေဟာ လေတွေကြားမှာ တရှဲရှဲ မြည်အောင် ရမ်းခါလို့။ လှမ်းမြင်နေရတဲ့ ပင်လယ်ဟာ မိုးရေတွေ ကြားမှာ ဝေဝါးနေတယ်။ သူ့အချိန် မဟုတ်လို့ ဟိုတယ်က မီးမပေး တော့လို့ အခန်းက နည်းနည်းမှောင်နေတယ်။ အပြင်က မိုးရေထဲကို ထွက်ဖို့ကိုလည်း ကျွမ စိတ်မပါဘူး။ Beatles ရဲ့ Hey Jude ကို Cover ပြန်တီးထားတဲ့ Classic Heaven ရဲ့ ဂစ်တာသံကို ဖုန်းကနေ တိုးတိုးကလေး ဖွင့်ထားလိုက်မိတယ်။

ey Jude, don't make it bad

ake a sad song and make it better...

ကျွမ ပြေးထွက်လာတာ မှန်ရဲ့လား၊ မသိဘူး။ အခုတလော အမှန်တွေ၊ အမှားတွေကို ကျွမ သိပ်ပြီး မခွဲခြားချင်ဘူး...။ ခွဲလည်း မခွဲခြားနိုင်လောက်ဘူး ထင်တယ်။ ကိုကိုနဲ့ ပြဿနာဖြစ်ပြီးတဲ့ နောက်မှာ ကျွမ ဒီကိုတယောက်တည်း ထွက်လာခဲ့တာ။ ဒါပေမယ့် ကျွမ မနက်ဖြန် ပြန်ရမယ်။ ဒီကမ်းခြေကို ရောက်နေတာ ဒီနေ့နဲ့ဆို ၄ ရက် ရှိပြီ။ဒီထက် ကြာကြာ ပစ်ထားလို့မရတဲ့ တာဝန်တွေ၊ ဝတ္တရားတွေ ကျွမ ထမ်းထား ရတာ ရှိနေသေးတယ်။

အခန်းထဲက အမှိုက်ပုံးကလေးမှာ Wood's ဆိုတဲ့ ချောင်းဆိုး ပျောက်ဆေးပုလင်းခွံတွေ များနေပြီ။ ခုတလော အရက်တွေက ကျွမကို မမူးစေတတ်တော့သလို ဖြစ်နေပေမယ့် အဲဒီချောင်းဆိုးပျောက် ဆေးကို 30 ml လောက် သောက်ပစ်လိုက်တာနဲ့ ရီဝေပြီး ချာချာလည် လာရော။ အိပ်ပျော်သွားတာလား နိုးနေတာလားတောင် တခါတလေ မကွဲပြားဘူး။ အဲဒီဆေးက ကျွမကို အရာရာသော ခံစားချက်တွေကနေ လုံးဝကင်းလွတ် စေသလိုမျိုးပဲ။ ဟိုတယ်က ကလေးတွေကို အဲဒီ ဆေးတွေ သွားသွားဝယ် ခိုင်းပြီး ဒီမှာနေတဲ့ တောက်လျှောက်လုံး သောက်နေခဲ့တာ။

မိုးရေတွေကို ထိုင်ငေးနေရာကနေ စားပွဲပေါ်တင်ထားတဲ့ လက်ကျန် ဆေးရည်ပုလင်းလေးကို လှမ်းယူမလို့ ဟန်ပြင်နေတဲ့ ကျွမ ဘေးကို မောင်မောင် ရောက်လာတယ်။ ကျွမ လက်တွေကို ဆွဲထားပြီး ကော်ဖီပူပူတခွက်ကို လက်ဖဝါးနှစ်ဖက်ထဲကို ထည့်ပေးတယ်။ ကျွမ မျက်လုံးတွေကို စိုက်ကြည့်ပြီး ခေါင်းကို ယမ်းပြပြီး အသံတိတ်နည်းနဲ့ တားတယ်။ ကျွမ ဝတ်ထားတဲ့ ကြိုးတချောင်းတည်းဂါဝန်က ပခုံးကြိုး တဖက် လျှောကျနေတာကို အသာဆွဲတင်ပေးတယ်။ ပြီးတော့ ကျွမ နောက်ကနေ ကပ်ထိုင်ပြီး ကျွမ ပခုံးပေါ်ကို သူ့ခေါင်းတွေ မှီထားတယ်။

ဒီလိုအချိန်မှာ ကျွမကို ဘာတခွန်းမှ မမေးလို့၊ မပြောလို့ ကျွမ မောင်မောင့်ကို ကျေးဇူးတင်ရပါတယ်။ ပြီးတော့ အခုလိုအချိန်အထိကျွမရဲ့ အလိုကို အစွမ်းကုန်လိုက်တဲ့ ကိုကို့ကိုရောပေါ့။ ကျွမ ထွက်လာ ခဲ့တာ တပတ်လောက်ကြာတဲ့ အချိန်မှာ ကိုကိုက ကျွမကို ပြန်ခေါ်လာဖို့ မောင်မောင့်ကို လွှတ်ခဲ့တယ်။ "ခင်ဗျား.. ရအောင် ပြန်ခေါ်လာမယ် ဆိုတာ ကျနော် ယုံတယ်" ဆိုတဲ့

စကားတခွန်းတည်းနဲ့ပါပဲတဲ့။

ဒါပေမယ့် ကျမ ကိုကို့ကို ပြောပြချင်တာရှိနေတယ်။ ကျမ မောင်မောင် လာခေါ်လို့ ပြန်လိုက်မှာမျိုး မဟုတ်ဘူး ဆိုတာကို ကိုကို သိစေချင်တယ်။ ကျမ ပြန်လာသင့်လို့ ပြန်လာတာ။ ပြီးတော့ ကျမဟာ ထွက်ပြေးနေတာ မဟုတ်ဘဲ ခဏကလေး ရှောင်ထွက်သွားရုံပါ ဆိုတာ ကို သိစေချင်တယ်။ ကျမ ဒါကြောင့် ဘယ်ကိုသွားမယ် ဆိုတာကို ကိုကို့ ကို အသိပေးခဲ့တဲ့အပြင် ဖုန်းကိုလည်း တရက်မှ ပိတ်မထားခဲ့တာ။ ဖုန်း ခေါ်သမျှကို မကိုင်ချင်လို့ မကိုင်ဖြစ်တာက လွဲရင်ပေါ့။

မိုးတွေ ပိုသည်းလာတယ်။ ကိုင်ထားတဲ့ ကော်ဖီခွက်က အနွေး ဓာတ်တွေလည်း တဖြည်းဖြည်း လျော့သွားပြီ။ Repeat နဲ့ ဖွင့်ထားတဲ့ Hey Jude သီချင်းကလည်း ဆက်ပွင့်နေတုန်းပဲ။ ကျမရဲ့ နားရွက် နောက်ကို မောင်မောင် အသာကလေး နမ်းလိုက်တာကို ခံစား ရတယ်။ ပြီးတော့ နားရွက်ဖျားကို ဖွဖွကလေး ကိုက်တယ်။ ကျမ မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။

မောင်မောင် ကျမရဲ့ အောက်နှုတ်ခမ်းကို သာသာကလေး နမ်းယူလိုက်တဲ့ အချိန်မှာ ကျမခေါင်းထဲကို စကားလုံးတချို့ ရောက် လာတယ်။ ဘယ်မှာ ဖတ်ကြည့်ဖူးတဲ့ စာကြောင်းလည်း ဆိုတာကိုတော့ ကျမ မမှတ်မိတော့ဘူး။ “မေတ္တာအရရော… လိင်စိတ်အရပါ ရှင့်ကို ချစ်တယ်” တဲ့။ ဒါပေမယ့် ကျမရဲ့ ပြဿနာကတော့ မေတ္တာအရ ကိုကို့အပေါ်မှာ ချစ်ခင်မြတ်နိုးခဲ့ပြီး၊ မောင်မောင့်အပေါ်မှာ လိင်စိတ်အရ တပ်မက်နေခဲ့တာပါပဲ။

အခုအခြေအနေမှာတော့ မေတ္တာတရားဆီကရော လိင်စိတ်ဆီကပါ ကျမ ရှောင်ပြေးပုန်းခို ချင်နေခဲ့တယ်။

အခန်း (၆)

အပြင်မှာ တဖြည်းဖြည်း မှောင်လာပြီ။ ကျမ အခုထိ အိပ်ခန်း မီးကို မဖွင့်ဖြစ်သေးဘူး။ အိမ်ခန်းတံခါးကို သော့ဖွင့်တဲ့ အသံကို ကြား တယ်။ မီးခလုတ်တွေ ဖွင့်သံ၊ တရှပ်ရှပ် လျှောက်လာတဲ့ ခြေသံတွေ။ အိပ်ခန်းတံခါးက ကလစ်ကနဲ မြည်ပြီး ပွင့်လာတယ်။ တဆက်တည်းမှာပဲ အိပ်ခန်းမီးဖွင့်သံနဲ့အတူ ကျမ အနားကို ကိုကို ရောက်လာတယ်။

ငွေဆောင်ကနေ ကျမကို မောင်မောင် လိုက်ခေါ်လာပြီး အိမ်ကို ပြန်ရောက်ကတည်းက ကျမ ကိုကို့ကို မျက်နှာချင်း မဆိုင်ဘဲ ရှောင်နေခဲ့တယ်။ မျက်နှာချင်း မဆိုင်ချင်ဘူးဆိုတာ မုန်းလို့ မဟုတ်ဘူး။ မုန်းချင်းမုန်းရင် ကိုကိုကသာ ကျမအပေါ်မှာ မုန်းရမှာ။ အခု ကျမ ဖြစ်နေ တာက ကိုကိုနဲ့ ပတ်သက်တဲ့ စိတ်မလုံခြုံမှု၊ ကိုကို့အပေါ် ကျမရဲ့ လော်လည်မှု၊ ကိုကို ကျမ အပေါ်မှာ ပေးလာတဲ့ ကြင်နာမှုတွေ၊ ညှာတာမှု တွေဟာ ကျမနဲ့ ဘယ်လိုမှ မထိုက်တန်ဘူးလို့ ထင်ယောင်နေမှုတွေ။ ကိုကို့အနေနဲ့ ကျမကို ခွင့်မလွှတ်သင့်ဘူး။

ကျမ လုပ်ခဲ့သမျှ အားလုံးကို ကျမ နောင်တရနေတာ ရှိလား လို့ မေးလာခဲ့ရင် ကျမ နောင်တရနေတာတွေ ရှိတယ်။ တချို့ကိစ္စတွေမှာ ကျမ တကယ်ပဲ အရမ်းကို နောင်တရတယ်။ ဒါပေမယ့် အဲဒါကို ကျမ ဘယ်တော့မှ ဝန်ခံမှာ မဟုတ်ဘူး။ ကျမ အကျင့်ကိုက ကိုယ့်ရဲ့ အားနည်း ချက်တွေ၊ ကိုယ့်နာကျင်မှုတွေ၊ ကိုယ့်ရဲ့ အပြစ်တွေကို တခြားသော ဥခွံ တခုနဲ့ အပြေးအလွှား ပုန်းကွယ်ပစ်တတ်တယ်။ အခုလည်း ကျမ ကိုကို နဲ့ ပတ်သက်ပြီး ဝမ်းနည်းနေပေမယ့် ဘာခံစားချက်မှ မရှိသလို၊ ကိုကို့ ခံစားမှုတွေကို ဘယ်တုန်းကမှ ဂရုမထားခဲ့ဖူးသလို ကျမ ဟန်ဆောင် နေခဲ့တယ်။

ကျမ အနားကို ရောက်လာပြီး ခုတင်ပေါ်မှာ ခွေခေါက်ပြီး လှဲအိပ်နေတဲ့ ကျမကို ကိုကိုက နမ်းတယ်။ ကိုကို့ဆီကနေ ဝီစကီနဲ့၊ ချွေးနံ့နဲ့အတူ အမျိုးသမီးသုံး ရေမွှေးနံ့ မှျင်မှျင်ကလေး တခုကို ရတယ်။ ကျမ ရင်ထဲမှာ စူးကနဲ နာသွားတယ်။ အဲဒီလို နာသွားလို့လဲ ကိုယ့်ကိုယ် ကိုယ် မုန်းတယ်။ ကျမကျတော့ သာယာချင်တိုင်း သာယာနေသ လောက် ကိုကို့မှာ နောက်တယောက် ရှိလာမှာကို ကြောက်နေတယ်တဲ့လား။ ကျမစိတ်က ရွံစရာသိပ်ကောင်းတာပဲ။

အခန်းထဲမှာ ဟိုဟိုဒီဒီလျှောက်နေတဲ့ ကိုကို့ အသံတွေကို နားထောင်နေရင်း ကျမ မွန်းကျပ်လာတယ်။ ကျမ ထွက်ပြေးချင်နေ တုန်းပဲ။ ကျမ ကိုကိုနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး။ ကိုကို ကျမ ဘေးမှာ ရှိနေရင် ကျမကို ရေထုထဲကို ဆွဲနှစ်ထားသလို လေးပင် မွန်းကျပ်တဲ့ ခံစားချက်ကြီး ဖြစ်နေတယ်။ ရေချိုးခန်းထဲကို ကိုကို ဝင်သွားတဲ့အသံကို ကြားရတယ်။ မရဘူး။ ကျမ မနေနိုင်တော့ဘူး။

ဝတ်ထားတဲ့ ဂါဝန်ကို ခေါင်းပေါ်ကနေ ကျော်ချွတ်လိုက်တယ်။ စားပွဲပေါ်က Wet Tissue ကို ယူပြီး ချွေးနံ့ထွက်လောက်မယ့် နေရာတွေ ကို ပွတ်သုတ်လိုက်တယ်။ ရေမွှေး ဆွတ်တယ်။ မျက်နှာကို Toner နဲ့ သန့်ပစ်ပြီး Serum လိမ်းတယ်၊ Cream လိမ်းတယ်။ Lip Plumer ဆိုးပြီး Lip Gloss ပဲ ထပ်ဆိုးလိုက်တယ်။ Lotion တွေ ပြန်လိမ်းတယ်။ ခေါင်းစွပ်ဟူဒီတထည်နဲ့ ဂျင်းဘောင်းဘီတိုကို ဝတ်လိုက်တယ်။ အားလုံးဟာ ငါးမိနစ်အတွင်း အဆင်သင့်

ဖြစ်သွားတယ်။

ဘောင်းဘီတို အိတ်ကပ်ထဲကို ATM Card ရယ်၊ ပိုက်ဆံနည်း နည်းရယ် ထည့်ပြီး ဖုန်းကို ယူလိုက်တယ်။ ဆံပင်တွေကို ဆောင့်ဆွဲပြီး ချပြီး မြင့်မြင့်မှာ စုချည်လိုက်တယ်။ ကိုကို ရေချိုးခန်းက ထွက်လာတော့ ပြင်ဆင်ပြီးနေတဲ့ ကျမကို ကိုကိုက နားမလည်သလို ကြည့်ရင်း "ကလေး အပြင်သွား မလို့လား" လို့ မေးတယ်။ ကျမက ခေါင်းပဲ ညိတ်ပြ လိုက်တော့ "ကားယူသွားဦးမလား" လို့ ထပ်မေးတယ်။

ကိုကိုရေ... ကျမကို တားလေ၊ ကာမပိုင်တယောက်ရဲ့ အာဏာ တွေနဲ့ ကျမကို တားပါ။ အော်ပါ၊ ဆူပါတော့။ ကျေးဇူးပြုပြီး အရာရာကို အလိုလိုက် မနေပါနဲ့လား။

တနေရာရာမှာ မိန်းမတယောက်ဆီကနေ အသံကုန် အော်နေ တဲ့ အဲဒီအသံတွေကို ကြားနေရတယ်။ တခြား နောက်ထပ် တနေရာက မိန်းမကတော့ မျက်နှာထားကို တင်းနိုင်သမျှ တင်းထားပြီး ဂရုမစိုက်သလို အထာနဲ့ အခန်းထဲကနေ အမြန်ဆုံးထွက်သွားဖို့ ကြံစည် နေတယ်။

ကျမ အလန့်တကြား သိလိုက်ရတာကတော့ အဲဒီနှစ်ယောက် စလုံးရဲ့ အသံဟာ ကျမ တယောက်တည်းပဲ ဖြစ်နေပြီး၊ သူတို့ဟာ ကျမရဲ့ စိတ်အတွင်းသားဆီကနေ ကိုယ့်ဆန္ဒတွေကို အပြိုင်အဆိုင် ဖော်ပြနိုင်ဖို့ အကြောက်အကန်ကို ကြိုးစားအားထုတ်နေကြတယ် ဆိုတာကိုပါ။

အခန်း (၇)

ဖုန်းမြည်လာလို့ ရေချိုးဇလုံထဲကနေ ဖုန်းကို လှမ်းယူပြီး ဖြေလိုက်တော့ တဖက်က သူငယ်ချင်းက သူ့အိမ်ကနေ ထွက်လာနေပြီ လို့ လှမ်းပြောတယ်။ ဖုန်းကို ပြန်ထားလိုက်ပြီး ရေချိုးဇလုံထဲကနေ ထလိုက်တယ်။ ညက တညလုံး ကားစီးလာရလို့ ညောင်းညာနေတဲ့ ကိုယ်လုံးကို ရေနွေးပူပူထဲမှာ စိမ်ထားရတာကို ကျမ ကြိုက်တယ်။ အပူတွေက နာကျင် ကိုက်ခဲတာတွေကို စုပ်ယူသွားတယ်လို့ ခံစားရ တယ်လေ။

ရေပန်းအောက်ကို ဝင်ရပ်၊ အအေးခလုတ်ဘက်ကို လှည့်ပြီး ရေပန်းကို ဖွင့်ချလိုက်တယ်။ အရှိန်ပြင်းပြင်း ကျလာတဲ့ ရေတွေဟာ အေးစက်နေတာကြောင့် ကျမ ရင်သားတွေပေါ်မှာ ကြက်သီးဖုကလေး တွေ ထလာတယ်။ ဆပ်ပြာတွေ ပြောင်သွားတာနဲ့ ရေပန်း အောက်ကနေ ထွက်လိုက်တယ်။ ရေငွေ့တွေနဲ့ ဝါးနေတဲ့ မှန်မှာ ပေါ်နေတဲ့ ကျမ ခန္ဓာကိုယ်ရဲ့ ပုံရိပ်ကို ပြန်ငေးကြည့်နေမိတယ်။ ခုတလော ကျမ နည်းနည်း ပိန်သွားလို့ လည်ပင်းက Collar Bones တွေက ပိုပြီးတော့ ထင်ရှားနေ တယ်။ ကျမကိုယ် ကျမ ဆွဲဆောင်မှုရှိတယ်လို့ ဘယ်တုန်းကမှ မထင်ဘူး။ ပြီးတော့ လှတယ်လို့ရောပေါ့။ ငါးပေလေးလက်မဆိုတဲ့ အရပ်ဟာ သိပ်မမြင့်သလို မနိမ့်လှပါဘူး။ ပြီးတော့ ကျမ တင်ပါးတွေကို ဘယ်တုန်းကမှ စွဲမက်စရာ မကောင်းလှဘူးလို့ ကျမက ထင်ထားတယ်။ သာမန် တင်သားနဲ့ပေါ့။ ထဘီဝတ်လို့ သိပ်မလှဘူးလေ။

ကျမက ယောက်ျားတွေကို ခန္ဓာကိုယ်နဲ့ ဆွဲဆောင်တတ်တဲ့ မိန်းမထဲမှာ ကျမ မပါဘူးလို့ ထင်တယ်။ ဒီလိုလေ အတူနေတာကတော့ တပိုင်းပေါ့။ ပြောချင်တာက ခန္ဓာကိုယ်အလှအပနဲ့ ဆွဲဆောင်ထားတာ မဟုတ်ဘူးလို့ ဆိုလိုတာ။ အဲဒါနဲ့ မဆွဲဆောင်ရင် နင်ဘာနဲ့ ဆွဲဆောင် ထားလဲလို့ မေးရင် ကျမ မသိဘူးလို့ပဲ ဖြေရမှာပဲ။

ကျမကို ဘာလို့ချစ်တာလဲလို့ မောင်မောင့်ကို မေးခဲ့တုန်း ကတော့ သူ မသိဘူးလို့ ပထမ ဖြေတယ်။ ပြီးတော့မှ... ဟော့ဒီ နှုတ်ခမ်း ဖူးဖူးလေး၊ နှာသီးခေါင်း သေးသေးလေးနဲ့ မောင့်ကို ကြည့်နေတဲ့ အဲဒီ မျက်လုံး ဝိုင်းဝိုင်းကလေးကို ချစ်တာများလား မသိပါဘူးကွာ” လို့ ဖြေပြီး ကျမ နှာသီးခေါင်းကလေးကို လက်နဲ့ အသာအယာ ပွတ်ချေနေခဲ့တယ်။

ကိုကို့ကို မေးတော့ ကျမရဲ့ နာမည်ကို ခေါ်ပြီး ကျမကို ကျမ ဖြစ်နေလို့ကို ချစ်တာတဲ့။ သူ အမြဲတမ်း ကျမ တသက်လုံး နွေးထွေး လုံခြုံအောင် စောင့်ရှောက်ပေးသွားမှာပဲ။ ဒါက သူ ကျမ အပေါ်ပေးနိုင် တဲ့ အချစ်ပါတဲ့။ အဖြေနှစ်ခုစလုံးရဲ့ အတိမ်အနက်တွေကို ကျမရဲ့ အသိဉာဏ်အရ သိပ်ကို ခွဲခြားနိုင်ပါတယ်။ ဒါပေမယ့် လူဆိုတာ သိထားတဲ့ အသိဉာဏ်နဲ့ လုပ်တတ်တဲ့ လုပ်ဆောင်ချက်တွေဟာ အမြဲတမ်းအတွက် ထပ်တူညီတတ်တာ မဟုတ်ဘူးမို့လား။

ရေချိုးခန်းထဲက ထွက်ပြီး အဝတ်အစားတွေ ပြန်ဝတ်လိုက် တယ်။ အိမ်က ထွက်လာကတည်းက ကျမဆီမှာ ဖုန်း၊ ATM Card နဲ့ အိမ်သော့ကလွဲရင် ဘာမှ ပါမလာခဲ့ဘူး မဟုတ်လား။ ညဘက်ကြီး အိမ်ပြင်ထွက်လာပြီးမှ ဘယ်သွားရမှန်း မသိဘဲနဲ့ အဝေးပြေးဂိတ်ကနေ မန္တလေးကို ကားတက်စီးလာခဲ့တာ။ မန္တလေးဟာ ကျမ စိတ်တွေကို သေချာပေါက် ကုစားပေးနိုင်မယ်လို့ ယုံကြည့်ခဲ့လို့ပဲ။ အဲဒီယုံကြည် ချက်တွေရဲ့ တခုတည်းသော မဏ္ဍိုင်က ကျမရဲ့ အချစ်ခင်ဆုံးသော

ယောက်ျားတယောက်ဆီမှာပါပဲ။

အခု ကျမကို လာတွေ့မယ့်သူက ကျမရဲ့ တဦးတည်းသော အရင်းနှီးဆုံး သူငယ်ချင်းပဲ။ အဲဒီကောင်က ကျမရဲ့ အစိတ်အပိုင်း တခု ဆိုလည်း ဟုတ်တယ်။ ကျိုးကြေပျက်စီးနေတဲ့ ကျမရဲ့ စိတ်တွေကို သူကမှ ပြန်ပြီးစီစဉ်တကျ မဆက်စပ်ပေးနိုင်ခဲ့ရင် ဒီလောကကြီးမှာ ကျမကို ဘယ်သူကမှ ပြန်ပြီး တည်ဆောက်ပေးလို့ ရတော့မှာ မဟုတ် ဘူး။ ဒဏ်ရာဗရပွနဲ့ သားရဲတကောင်ဟာ သူဝပ်ကျင်းကလေးကို ပြန်ပြီး ခိုဝင်လာသလိုမျိုး ကျမ သူရှိတဲ့အရပ်ကို အပြေးအလွှား ခိုဝင်လာခဲ့တာ။

အဝတ်အစားလဲပြီး ကျမ ဆံပင်တွေကို Dryer မှုတ်နေတုန်း သူ ရောက်လာခဲ့တယ်။ တံခါးဖွင့်ပေးပြီး အခန်းထဲကို ရောက်တာနဲ့ သူ့ လည်ပင်းကို တွဲခိုဖက်လိုက်တဲ့ ကျမကို သူက ခါးကနေပြန်ပြီး ပွေ့ချီ ထားခဲ့တယ်။

ကျမနဲ့ မောင်မောင့်အကြောင်းကို ကိုကို သိသွားပြီးတဲ့နောက်၊ ပြဿနာပေါင်းစုံရဲ့နောက်မှာ မျက်ရည်တစက်မှ မကျခဲ့တဲ့ ကျမဟာသူနဲ့ တွေ့တွေ့ချင်းမှာပဲ သူ့ပခုံးပေါ်ကို မျက်ရည်တွေဟာ မိုးရေလို တားမနိုင် ဆီးမရအောင် ရွာကျနေခဲ့ပြီးပြီ။

ကမ္ဘာပေါ်မှာ ကျမ မဟုတ်တာတွေ လုပ်တိုင်း ကျမကို တခဏ စိတ်တိုရုံက လွဲပြီး စိတ်မဆိုးသွားတတ်တဲ့လူကို ပြပါဆိုရင် သူ့ကို ပြရ မှာပဲ။ သူက သူ့ကို လိမ်တတ်တဲ့သူတွေကို သိပ်မုန်းပေမယ့် ကျမသူ့ကို လိမ်သမျှတိုင်းကိုတော့ သူအမြဲတမ်း သိသလို အမြဲတမ်းလည်း ခွင့်လွှတ်ခဲ့တယ်။ “နင်လိမ်နေတာ ငါသိလည်း နင် လိမ်သမျှ ဇာတ်လမ်း တွေကို ငါက ချစ်နေတာပဲတဲ့။ ချစ်ခြင်းမေတ္တာက ဆန်းကြယ်တယ်။ ကျမတို့ တယောက်အပေါ်တယောက် ဘယ်လောက်ချစ်ချစ် သူငယ် ချင်း အဖြစ်ကနေ တခြား relationship အဖြစ်ကို ဘယ်တော့မှ မပြောင်းဖြစ်ခဲ့ဘူး။

ဘာဖြစ်လို့လဲ ဆိုတော့ ကျမတို့ ဘယ်တော့မှ ပြတ်တောက် မသွားချင်တဲ့ စမ်းရေတွေအဖြစ် အတူတူ စီးဆင်းသွားချင်ကြလို့ ဆိုတာ သူရော ကျမရော သိနေကြတယ်။ ငိုနေတဲ့ ကျမကို တိတ်ပါလို့ သူ တခွန်းမှ မပြောဘူး။ ကျမ အားရပါးရ ငိုပြီးတဲ့အထိ တိတ်တိတ်ဆိတ် ဆိတ်နဲ့ ကျမ ကျောပြင်ကို အသာအယာ ပုတ်ပေးနေခဲ့တယ်။ ငိုရတာ မောလာလို့ ကျမ ရပ်ပြီး ရှိုက်နေတော့မှ ကျမကိုယ်ကို ကုတင်ပေါ်ထိုင်ချ စေပြီး ရေခဲသေတ္တာထဲက ရေဘူးကို သွားယူလာပေးတယ်။ သူကိုယ် တိုင် ခွက်ထဲထည့်ပြီး သောက်ဖို့ ကမ်းပေးတယ်။ ပြီးမှ ရှိုက်နေတုန်း ရှိသေးတဲ့ ကျမဘေးမှာ လာထိုင်ပြီး တစ်ရှူးတရွက်နဲ့ မျက်ရည်တွေကို သုတ်ပေးဖို့ ကြိုးစားတယ်။

ကျမကလည်း ရှိုက်နေရင်း သူ့ဂျာကင်ပခုံးပေါ်က ကျမ မျက်ရည်တွေကို ပြန်သုတ်ပစ်ပေးဖို့လုပ်တော့ “နင် အသစ်ဝယ်ပေးရ မှာ... မျက်ရည်တွေချည်းမှ မဟုတ်တာ၊ သွားရည်တွေရော၊ နှပ်တွေရောလို့ ကျမကို စတယ်။ ကျမ သူ့ကို တစ်ရှူးစနဲ့ ပစ်ပေါက်ပြီး တဟား ဟား အော်ရယ် လိုက်မိတယ်။ ကျမ ဒီလို မရယ်နိုင်တာရော၊ မငိုနိုင် တာပါ ကြာခဲ့ပြီပဲ။ သူက “ညစာ ဘယ်မှာစားမလဲ” လို့ ကျမကို မေးတယ်။ ကျမ သူ့ကို ပခုံးပဲ တွန့်ပြလိုက်တယ်။

သူ့ဆိုင်ကယ် ကလစ်ဘီးအဖြူလေးကို ကျမ တည်းတဲ့ ဟိုတယ်မှာ ထားခဲ့ပြီး

လမ်းလျှောက် ထွက်လာခဲ့ကြတယ်။ အနီးအနား မှာ ရှိတဲ့ Fashion ဆိုင်ကနေ ကျမအတွက် တကိုယ်ရည် အသုံး အဆောင် တချို့ကို နည်းနည်းဝယ်တယ်။ လမ်းဆက်လျှောက်လာကြ ရင်း ကျမစီးလာတဲ့ Jelly bunny ဖိနပ်က ချော်နေလို့ ဖိနပ် နှစ်ဖက် စလုံးကို ချွတ်ပစ်ပြီး လက်တဖက်က ကိုင်၊ နောက်လက် တဖက်နဲ့ သူ့ လက်မောင်း ကို မှီတွယ်ပြီး လျှောက်နေတော့ သူက ရယ်တယ်။ သူမှ မဟုတ်ပါဘူး ဖိနပ်ပါရဲ့သားနဲ့ မစီးတဲ့ ကျမကို ပတ်ဝန်းကျင်က သတိထားမိတဲ့သူတိုင်း ပြုံးစိစိနဲ့ ကြည့်ကြတာပါပဲ။

ကျမတို့နှစ်ယောက် ညစာကို အခန်းထဲမှာပဲ စားကြဖို့ ဆုံးဖြတ် လိုက်တယ်။ လမ်းဘေးဆိုင်လေး ကနေ ချိုချဥ်ကြော်နဲ့ ဂေါ်ရခါးညွန့် ကြော်တွေ ဝယ်လာခဲ့ကြတယ်။ အဲဒီလမ်းဘေးဆိုင်လေးက လူသိပ်စည် နေလို့ ကျမက မေးတဲ့အခါ မန္တလေးရဲ့ အထာက လမ်းဘေးဆိုင်လေးတွေဟာ သိပ်စားကောင်းတတ်တဲ့ အကြောင်း သူက ပြောပြတယ်။ အခန်းထဲကိုရောက်တော့ ဟန်နီကန်ဘီယာ တယောက် တပုလင်းစီနဲ့ ရောက်တတ်ရာရာတွေ လျှောက်ပြောရင်း ညစာ စားကြတယ်။ သူက တော့ သူ့အမျိုးသမီးကလေးတွေရဲ့ အကြောင်း၊ သူ့အိမ်အကြောင်း စုံလို့ပါပဲ။

ကျမကတော့ ဘာအကြောင်းမှ သိပ်မပြောဖြစ်ဘူး။ ကျမနဲ့ပတ်သက်တဲ့ အကြောင်းအရာအားလုံးကို ကျမနဲ့ လုံးဝမဆိုင်တဲ့ အရာ တွေလိုမျိုး ဘေးဖယ်ထားပစ်ချင်တယ်။ သူကလည်း မမေးပါဘူး။ ကျမ တို့ ရုပ်ရှင်တွေအကြောင်း၊ စာအုပ်တွေအကြောင်း၊ သီချင်းတွေ အကြောင်း လျှောက်ပြောကြတယ်။ ဘီယာနှစ်ပုလင်းကုန်တော့ ထူးထူး ဆန်းဆန်းပဲ ကျမ မူးလာတယ်။ မူးလာတာနဲ့အတူ စကားတွေ ပြောနေ တဲ့ သူ့နှုတ်ခမ်း ပါးပါးလေးကို ကျမ ငြိမ်ပြီး ငေးကြည့်နေမိတယ်။

ကျမ သူ့ကို တခါမှ မနမ်းဖူးဘူး။ သူ့နှုတ်ခမ်းတွေက စိုစွတ်ပြီး နွေးမြနေမှာလား။ ကျမ အတွေးတွေ ပရမ်းပတာ ဖြစ်လာတယ်။ ငြိမ်ပြီး သူ့ကို ငေးနေတဲ့ ကျမကို သူ စကားပြောတာရပ်ပြီး "ဘာဖြစ်လို့လဲ"လို့ လှမ်းမေးတယ်။ ကျမ သူ့ရှေ့ကို ရောက်သွားပြီး သူ့မျက်နှာကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး အသာပင့်မလိုက်တယ်။ သူ့မျက်လုံးတွေထဲမှာ ဖြတ် ပြေးသွားတဲ့ ထိတ်လန့်မှုတချို့ကို တွေ့ရတယ်။ ကျမကို သူ... နည်းနည်း တောင် ကြောက်နေသလိုပဲ။ ကျမ သဘောကျလွန်းလို့ ပြုံးမိ ရင်းကနေ သူ့နှုတ်ခမ်းတွေကို ဖိနမ်းလိုက်တယ်။ သူ တခဏလောက် တွေဝေ တုံ့ဆိုင်းနေပြီးမှ ကျမ အနမ်းတွေကို တုံ့ပြန်လာတယ်။

သူ့နှုတ်ခမ်းတွေက ကျမ ထင်ထားတာထက် အများကြီး နူးညံ့စိုစွတ်ပြီး ပူနွေးနေတယ်။

အချိန်တွေ ကုန်သွားပြီးတဲ့နောက်မှာ ကျမ အိပ်ပျော်နေရာ ကနေ ရီဝေဝေနဲ့ နိုးလာတယ်။ ကျမဟာ သူ့လက်မောင်းကို ခေါင်းအုံး ထားပြီး သူ့ရင်ခွင်ထဲမှာ အိပ်ပျော်နေခဲ့တာ။ သူ့လက်ချောင်း သွယ်သွယ် ကလေးတွေက ကျမ ရင်သားအောက်မှာ သက်သောင့်သက်သာ တင်လို့။ ကျမ ကိုယ်ကို တချက်လှုပ် လိုက်တော့ သူ နိုးလာတယ်။ ငါ အိပ်ပျော်သွားတယ်" လို့ ကျမက ပြောတော့ သူက "ငါရောပဲတဲ့"။ ကျမ သူ့လက်မောင်း ပေါ်မှာ အိပ်နေရာကနေ ဖယ်ခွာဖို့ ကြိုးစားပေမယ့် သူက ကျမကို မလွှတ် ပေးဘဲ ပြန်ဖက်ထားတယ်။သူ့ရင်ခွင်ရဲ့ နွေးထွေးမှုရယ်၊ သူဖက်ထားတဲ့ အထိအတွေ့ရယ်ဟာ အင်မတန် သိမ်မွေ့ ညင်သာလွန်း လို့ ကျမ မျက်စိတွေကိုတောင် မဖွင့်ချင်တော့လောက်အောင်

သက်သောင့်သက်သာနဲ့ အသာယာကြီး သာယာနေမိတယ်။

ကျမ အရမ်းပင်ပန်းလာတဲ့အချိန် ပြေးထွက်ရမယ့် နေရာဟာ သူ့ရဲ့ဘေးနားကိုပဲ ဆိုတာကို ကျမ စိတ်ရော ခန္ဓာကိုယ်ကပါ လက်ခံ လိုက်တယ် ထင်တယ်။ ကမ္ဘာပေါ်မှာ ကျမကို ပိုင်ဆိုင်ဖို့တွေ၊ ရယူဖို့တွေ စိတ်ဝင်စားနေမှာ မဟုတ်ဘဲ၊ အရှိအတိုင်း ကျမကို အရိုးစင်းဆုံး လက်ခံပေးမယ့် လူသားဟာ သူတယောက်ပဲ ရှိတယ်။ သူက ကျမ လည်ဂုတ်သားကို သူ့နှုတ်ခမ်းတွေနဲ့ ဖွဖွကလေး နမ်းတယ်။ ပြီးတော့ “မိန်းမဆိုးလေး နင်ဟာလေ… ရောင်စုံ ဒုက္ခပေးသူရေ…” တဲ့၊ သူ့ဟာသူ ဆိုပြီး သူ့ဟာသူ တိုးတိုးကလေး ရယ်နေခဲ့ပါတယ်။

အခန်း (၈)

"ဒီမှာကြည့်စမ်း..." ဆိုပြီး မောင်မောင်က သူ့ပိုက်ဆံအိတ်ရဲ့ အိတ်ကပ်ကလေး တခုထဲကနေ သေသေချာချာ ခေါက်ထားတဲ့ တထောင်တန်နဲ့ ငါးရာတန်လေးကို ထုတ်ပြလာတယ်။ "ဘာလဲ မောင် မောင်" လို့ ကျမက မေးတော့ "မောင်တို့ စတွဲတဲ့ ပထမဆုံးနေ့က သောက်တဲ့ မြန်မာဘီယာကနေ ကံစမ်းမဲ ပေါက်တဲ့ဟာကို မောင် သိမ်းထားတာတဲ့"။ မောင်မောင့် မျက်လုံးထဲမှာ တလဲ့လဲ့ပြေးနေတဲ့ သံယောဇဉ်တွေကို ကျမ မြင်နေရတယ်။

မောင်မောင်က လှဲအိပ်နေရာကနေ ကိုယ်တဝက်ကို ကြွပြီး ကျမ မျက်နှာကို ငေးကြည့်ရင်း ကျောအောက်ကနေ အသာပွေ့မပြီး ကျမ မေးစေ့ကို ဖွဖွကလေး ကိုက်တယ်။ ခုတင်ခေါင်းရင်းပေါင်ကို ကျောမှီပြီး ကျမကို သူ့ရင်ခွင်ထဲမှာ ကလေးလေးလို ပွေ့ထားတယ်။ ပြတင်းက ခန်းဆီးကို သိမ်းထားလို့ ကောင်းကင်ပြာပြာမှာ တိမ်တွေပါးပါး လျှားလျှားနဲ့ ရွေ့နေတာကို မြင်နေရတယ်။ အပြင်မှာ နေပူနေ ပေမယ့် အခန်းထဲက အဲကွန်းကို အအေးဒီဂရီ အမြင့်ဆုံးမှာ ထားထား လို့ ကျမ လက်မောင်းမှာ ကြက်သီး အဖုကလေးတွေ ထနေတယ်။

မောင်မောင်က ကျမရဲ့ လက်မောင်းတလျှောက်ကို ခပ်ဖွဖွနဲ့ အစုန်အဆန် ပွတ်သပ်နေတယ်။ ကျမ လည်ဂုတ်ပေါ်နဲ့ ညှပ်ရိုးကလေး တွေကို သူ့နှုတ်ခမ်းနဲ့ အသာအယာပွတ်သပ် နမ်းရှုံ့နေတယ်။ ကျမ စိတ်ထဲမှာ ဘာ အစပ်အဆက်မှ မရှိဘဲ ရုတ်တရက် ဖြစ်လာတဲ့ စိတ်နဲ့ မောင်မောင့်ကို "ကျမတို့ လမ်းခွဲရအောင်" လို့ ပြောလိုက်တယ်။ အဲဒီ စကားကို ပြောဖို့အတွက် ကျမမှာ အစီအစဉ်ကို မရှိဘူး။ မနေ့ကတောင် နောက်လမှာရှိမယ့် မောင်မောင့်မွေးနေ့အတွက် သူသဘောကျတဲ့ တောင်တက်တဲ့ ခရီးစဉ်တခုကို ဝယ်ပေးမလို့ စဉ်းစားနေခဲ့သေးတာပဲ။

မောင်မောင်က ကျမကို "ဘာပြောလိုက်တယ်´လို့ မေးတယ်။ မျက်မှောင်ကို ကျုံ့ထားလို့ ထိဆက်နေတဲ့ မောင်မောင့်မျက်ခုံးတွေက ပိုပြီး နီးကပ်သွားတယ်။ "ဟုတ်တယ်.. မောင်မောင်နဲ့ လမ်းခွဲချင်ပြီ လို့ ကျမ ဆက်ပြောလိုက်တယ်။ ဒီစကားက မောင်မောင့်ကို သေချာအောင် ထပ်ပြီး ပြောပြတာထက် ကျမကိုယ် ကျမ အတည်ပြုနေတာ ဆိုတာ ကျမ သိတယ်။ ဟုတ်ရဲ့လား... ကျမ မောင်မောင့်ကို လမ်းခွဲချင်တာ သေချာလား...။

ကျမဟာ ကိုယ့်စာမေးပွဲတိုင်းမှာ ကိုယ့်မေးခွန်းတွေနဲ့ ကိုယ်တိုင် အမြဲတမ်း ကျရှုံးနေရတာ။ ကျမ မောင်မောင့်ကို ချစ်တယ်။ ချစ်တယ် ဆိုတာ လင်ယောကျ်ား တယောက်လို၊ မရှိမဖြစ် လူ တယောက်လို အရာအားလုံးကို ဖွင့်လှစ်ပြီး ချစ်ပြချင်တာ မဟုတ်ဘူး။ ကျမ မပိုင်ပေမယ့် ကြုံရင် အစာကျွေးနေကျ ခွေးကလေးတကောင်၊ ကြောင်ကလေး တကောင်လို ချစ်တာ။ အဲဒီစကားတွေကိုသာ ထုတ် ပြောလိုက်ရင် ကျမ ဒီနေရာမှာ မောင်မောင့်ကြောင့် တခုခု ဖြစ်သွားမယ် ထင်တယ်။

"ဘယ်တော့မှ လမ်းခွဲမပေးဘူး" လို့ မောင်မောင်က ပြောတယ်။ ကျမ သူ့ရင်ခွင်ထဲက ရုန်းထလိုက်တော့ မောင်မောင်က ခါးကို ဆွဲပြီး ခုတင်ပေါ်ကို လှဲချတယ်။ ကျမကိုယ်ပေါ် အုပ်မိုးလာဖို့ ကြိုးစားတဲ့ သူ့ရင် ဘတ်ကို တွန်းထုတ်နေတဲ့ ကျမ လက်နှစ်ဖက်ကို မောင်မောင်က ပူးကပ် ချုပ်ပြီး မွေ့ယာပေါ်ကို ဖိကပ်ထားတယ်။ မောင်မောင်က နာကျင်ရိပ်တချို့ ရှိနေတဲ့ ကျမ မျက်လုံးတွေကို စိုက်ကြည့်နေတယ်။

မောင်မောင့် မျက်လုံး တွေထဲမှာ ကျမအပေါ် အနိုင်လိုချင်တဲ့ စိတ်တွေကို မြင်နေရတယ်။ ကျမ နာနာကျင်ကျင် ပြုံးလိုက်မိတယ် ထင်တယ်။ မောင်မောင်က ခေါင်းငုံ့ပြီး ကျမ ရင်သားတွေပေါ်မှာ Love bites အရာတွေကို မထင်ထင်အောင် လုပ်နေတယ်။ ကျမ မကြိုက်ဘူးဆိုတာ သူ သိရဲ့သားနဲ့။

"မင်းကို ကို... နဲ့ မောင်က လွဲရင် ဘယ်သူ့ကိုမှ မပေးနိုင်ဘူး၊ ကျန်တဲ့ ငါ..မသားနဲ့မှ မမျှဝေနိုင်ဘူး.. သိလား"တဲ့။ "ငါ့ကို ပစ်ပြီး တခြား ကောင်နဲ့ အိပ်တာ သိရင် ငါ လိုက်သတ်မှာနော်... " ဆိုပြီး ကျမ နာမည့် ရင်းကို အပြည့်ခေါ်ပြီး ပြောတယ်။ ကျမ အနေနဲ့ မောင်မောင့်ကို လုံးဝ ကြီးကို မလိုချင်တော့ဘူး ဆိုတဲ့စိတ် ဖြစ်လာတာဟာ ပထမဆုံး အကြိမ် ပဲ။ အရင်က တွေဝေဒွိဟတွေ ဖြစ်နေခဲ့ပေမယ့် အခုတော့ ပိုပြီးသေချာ သွားတယ်။ ကျမ မောင်မောင့်ကို မလိုချင်တော့ဘူး။ ကျမကို ဘယ်သူနဲ့ နေရမယ်၊ ဘယ်သူနဲ့ကတော့ မနေရဘူးလို့ သူ့မှာပြောခွင့် မရှိဘူး မဟုတ်လား။ မန္တလေးကို မပြောမဆိုဘဲ ထွက်သွားပြီး ပြန်လာတဲ့နောက်မှာ မောင်မောင်ဟာ ကျမကို မယုံသင်္ကာစိတ်တွေ သိပ်များလာ တယ်။ ဒါပေမယ့် ကျမနဲ့ သူဟာ တယောက်ကိုတယောက် ပိုင်ဆိုင်ကြတာမှ မဟုတ်တာ၊ သူ ကျမကို သဝန်တိုလို့ မရဘူး၊ သဝန်တိုခွင့်လည်း မရှိဘူးလေ။

မောင်မောင်က ကျမ တကိုယ်လုံးကို တင်းကျပ်နေအောင် ပွေ့ဖက်ပစ်လိုက်တယ်။ သူနဲ့ ပတ်သက်ပြီး ကျမဆီမှာ ဘာအာရုံမှကို မရှိဘူး၊ ပြတင်းကနေ လှမ်းမြင်နေရတဲ့ ကောင်းကင်ပြာပြာနဲ့ တိမ်တွေ ဆီကို ခပ်ကြောင်ကြောင် လိုက်ငေးနေမိတာပဲ ရှိတယ်။ ကောင်းကင် ပေါ်မှာ လေထန်နေတယ် ထင်တယ်။ ရွေ့လာတဲ့ တိမ်ဖြူတွေနောက် ကနေ တိမ်မည်းမှုင်တွေ ကပ်ပါလာတယ်။ ကြည့်နေရင်းကနေ ခဏနေ တော့ ခုနက ကြည်စင်နေတဲ့ ကောင်းကင်ကြီးဟာ မီးခိုးရောင် ခပ်ပါး ပါးနဲ့ တိမ်တွေ ပြင်လိုက်ကြီး လွှမ်းသွားတယ်။ ကျမခေါင်းထဲမှာ Big Bag ရဲ့ Nostalgia သီချင်းသံက အကျယ်ကြီး အော်မြည်နေတယ်။

"ငါဘာတွေ လွှတ်ချခဲ့တာ... မင်းလိုသိနိုင်မလဲ"...

မောင်မောင်က မွေ့ရာပေါ်ကနေ ထထိုင်လိုက်ပြီး ကျမကိုပါ ဆွဲပွေ့တယ်။ "ထ...ရေချိုး၊ အိမ်ပြန်ပို့မယ်" တဲ့။ ကျမက ဒီမှာဆက်နေ ဦးမယ်လို့ ပြောတော့ "ဘယ်ကောင်လာဖို့ ချိန်းထားသေးလို့လဲ" တဲ့။ ကျမ စိတ်ထဲမှာ ထောင်းခနဲနေအောင် ဒေါသတွေ အုံကြွလာပေမယ့် ကျမ သူ့ကို ဘာစကားမှ ပြောချင်စိတ်မရှိဘူး။ မောင်မောင့်ကို လူ့စည်း၊ ဘီလူးစည်း အကြောင်းတွေ နားလည်အောင် ရှင်းပြလိုက်ဖို့တောင် ကျမ စိတ်ရှည် မနေခဲ့ဘူး။ မောင်မောင့်ပါးကို ကျမရဲ့ ညာဘက် လက်ဖဝါးနဲ့ အသာကလေး လှမ်းကိုင်ရင်း မောင်မောင့်မျက်လုံးတွေကို စိုက်ကြည့် လိုက်တယ်။ ကျမ စကားသံဟာ ကျမဆီက အသံပါလို့ မပြောနိုင်လောက်အောင် အေးစက်နေခဲ့တယ်။

"ကျမလေ...ကိုယ်မွေးတဲ့မျောက်က ကိုယ့်ကို ပြန်ခြောက်တယ်" ဆိုတဲ့ စကားကို အခုမှပဲ သေသေချာချာကြီးကို နားလည်လာတော့တာ မောင်ရဲ့...

မောင်မောင်ဟာ ကျမကို နားမလည်နိုင်တဲ့ မျက်လုံးတွေနဲ့ပဲ ပြန်ပြီး ငေးစိုက်ကြည့်နေခဲ့ပါတယ်။

အခန်း (၉)

သိပ်ချစ်ရတဲ့ ပန်စီရယ်.. စိတ်ညစ်ရတဲ့ ပန်စီရယ်.. အိပ်ပျက် ရတဲ့ ပန်စီရယ်..ကွယ်...တဲ့။

ကိုကို မူးလာရင် ကျမ ပခုံးကို ဖက်ပြီး အော်ဆိုတတ်တဲ့ ဒီ သီချင်းကို ကျမ သိပ်မုန်းတယ်။ အခုကျတော့ ခေါင်းရင်းဘက် အခန်း ကနေ ဖွင့်ထားလို့ ကြားနေရတော့ ကိုကို့ကို တအားကို သတိရလာ မိတယ်။

ကိုကို ကျမအပေါ် ဘယ်လိုစိတ်နဲ့များ သည်းခံနေပါလိမ့်။ မနေ့က ကိုကို့ Timeline မှာ တင်ထားတဲ့ status ကို ဖတ်ရတယ်။ ရောက်တဲ့အရပ်ကနေ ပြန်လှည့်လာခဲ့ပါတဲ့။ ကိုကို ကျမအပေါ် စိတ်မကုန်နိုင် သေးတာတွေကို ကျမ မုန်းတယ်။ လူတွေ ဘယ်လိုပဲ မြင်မြင် ကိုကိုဟာ ကျမအတွက် ဘယ်တုန်းကမှ အရှုံးသမား မဟုတ် ခဲ့ဘူး။ ချစ်ခြင်းမေတ္တာ တခုတည်းနဲ့ ကျမအပေါ်အမြဲတမ်း အနိုင်ရခဲ့တဲ့သူပဲ။ ကိုကိုက ခွင့်လွှတ်လေလေ ကျမက ကျရှုံးလေလေပဲ။

အခုလည်း ကျမ ထွက်ပြေးခဲ့မိပြန်ပြီ။ ကိုကို့ဆီမှာ ကျမရဲ့ လိပ်ပြာ မလုံမှုတွေအတွက် မနေချင်တာလား.. ဒါမှမဟုတ် မောင်မောင့်ရဲ့ အချည်အနှောင်တွေကနေ လွတ်မြောက်ချင်တာမျိုးလား၊ ဒါမှမဟုတ် ထွက်ပြေးရတာ အကျင့်ပါနေတာလား... ကျမ မသိဘူး။ ကျမ ကိုကို့ ဆီကို စာတိုက်ကနေ စာတစောင် ထည့်လိုက်တယ်။ ကျမ ဘယ်သူနဲ့မှ မတွေ့ ချင်လို့ တယောက်တည်း အေးအေးဆေးဆေး နေဦးမယ် ဆိုတဲ့ အကြောင်းပေ့ါ။ ကျမ ကိုင်နေကျဖုန်းကိုလည်း ပိတ်ထားလိုက်တယ်။

ကျမ နေတဲ့ အခန်းလေးက သေးသေးလေး၊ ဆယ်ပေ၊ ဆယ့် ငါးပေ အကျယ်နဲ့ အခန်းထဲမှာ ရေချိုးခန်းနဲ့ အိမ်သာလေး တွဲလျက်ပါ ပါတယ်။ လူတယောက် နေသာရုံကလေးပေ့ါ။ ဒီနေရာလေးမှာ ကျမ ကိုယ် ကျမ ရှာဖွေကြည့်ချင်တယ်။ ကျမ အခန်းကနေ ကြည့်ရင် ခြံထောင့်က ကံ့ကော်ပင်ကလေးကို လှမ်းမြင်နေရတယ်။ အပွင့်တွေ မရှိပေမယ့် ကံ့ကော်ပင်ကလေးကို မြင်နေရတာကိုက ကျမအတွက် ငြိမ်းချမ်းမှုတွေ ဖြစ်နေခဲ့တယ်။

အခန်းကလေးက ကြည်ပြာရောင် ဆေးလေးတွေ သုတ်ထားတယ်။ လူတယောက်နေဖို့ လုံလောက်မယ့် အသုံးအဆောင်တွေကို ကျမ အစကနေ ပြန်ဝယ်ရတယ်။ ထမင်းပေါင်းအိုး သေးသေးလေး၊ ဒယ်အိုး အနီ သေးသေးလေး၊ အဝတ်လှမ်းစင်ကလေး၊ ပန်ကာ ကလေး... စသဖြင့်ပေ့ါ။ ခြင်လုံဇကာမရှိတဲ့ ပြတင်းတွေအတွက် ဇာခန်းဆီး အဖြူလွလွကလေး တခုတပ်တယ်။ ရေချိုးခန်းဒီဘက်က ပိုနေတဲ့ ထောင့်လေးမှာ စားပွဲကလေးချပြီး မီးဖိုနေရာကလေး လုပ်တယ်။ ဆား၊ ဆီ၊ ကြက်သွန်တွေကို ခြင်းတောင်းကလေး တခုထဲကို ထည့်ပြီး သပ်သပ်ရပ်ရပ် ထားတယ်။

အခန်းရှင်ကို ၆ လစာ တခါထဲ အခန်းခရှင်းတော့ သဘော တွေ ကျနေတယ်။ သူက တလချင်းပဲ ယူတာလေ။ ကျမ အခန်းထဲမှာ ပန်းကန်ဆေးဖို့ ဘေစင်ကလေး လိုချင်တယ်လို့ ပြောတော့ ပိုက်အပြာ တွေနဲ့ သူ ကိုယ်တိုင်ဆောက်တဲ့

ဘေစင်ကလေးကို လာဆင်ပေးသွားတယ်။ ကျမ ATM ထဲက ပိုက်ဆံတွေ လျော့သွားပေမယ့် အဲဒီ အခန်း လေးမှာ ကျမ နေပျော်လာတယ်။ ကျမန့် ပတ်ဝန်းကျင်မှာကတော့ စက်ရုံ လုပ်သားတွေ များတယ်။ သူ့ကိုရော ကိုယ့်ကိုပါ စပ်စုကြဖို့ အချိန် မအားကြတဲ့ မိသားစုတွေနဲ့ တိုက်ခန်းတွဲကလေးပေါ့။

ကျမရဲ့ အရင်အခန်းကလို ခုတင် မရှိဘူး၊ သမံတလင်းပေါ်မှာ ကော်ဇာခင်းထားပေမယ့် အိပ်ရတာ အဆင်မပြေလို့ စက်ပစ္စည်းတွေကို နိုင်ငံခြားက ပို့တဲ့အခါ ပါလာတတ်တဲ့ သစ်အပွနဲ့ လုပ်ထားတဲ့ လေးထောင့် အပြားလေး လေးချပ်ကို ထပ်ပြီး ခုတင်လို လုပ်ထားလိုက်တယ်။ ကျမ အဲဒါတွေကို ထောက်ကြံ့ကနေ သွားဝယ်လာတာ၊ လေးလက်မ မွေ့ရာ ကလေး တင်လိုက်တော့ နေလို့ အဆင်ပြေသွားတယ်။ ရေခဲသေတ္တာ အသေးကလေး ဝယ်ထည့်လိုက်တော့ ခုတင်ဝယ်ဖို့ ဘတ်ဂျက် မလောက်တော့ဘူးလေ။

မနက်ဆိုရင် ကျမ အခန်းကလေးထဲကို နေရောင်ဝင်တာ စောတယ်။ အလင်းရောင်ရှိနေရင် အိပ်မပျော်တတ်တဲ့ ကျမအတွက် နေရောင်ဟာ နှိုးစက်ပဲ။ အိမ်မှာနေတုန်းက နေ့နဲ့ည မှားနေတတ်တဲ့ ကျမ ခုဆို မနက်အစောကြီး နိုးနေတတ်ခဲ့ပြီ။ နိုးလာရင် ပြတင်းပေါက် ဖွင့်၊ ပြတင်းပေါင်မှာ တင်ထားတဲ့ indoor plants ကလေးတွေကို ရေလောင်း၊ ရေနွေးအိုးကို တည်ထားပြီး ကိုယ်လက် သန့်စင်တယ်။ ပြီးရင် စာအုပ်စင်ပေါ်မှာ နေရာလုပ်ထားတဲ့ ဘုရားကျောင်းဆောင်က ရေအိုးတွေ၊ ပန်းအိုးတွေကို လဲတယ်။ ဝယ်ထားတဲ့ မုန့်ခြောက်ကလေး တွေနဲ့ ကော်ဖီကို ဘုရားဆွမ်းတော် ကပ်ပြီးရင် ဟင်းချက်ဖို့ ရပ်ကွက် ဈေးကလေးကို ထွက်လာရတယ်။

တနေ့ကို အစားအသောက်အတွက် သုံးထောင်ပဲ သုံးမယ်လို့ ကျမ သတ်မှတ်ထားတယ်။ ပျော်စရာကောင်းတာက ဒီဈေးကလေးမှာ ကြက်သား၊ ဝက်သား စတာတွေကို တထောင်ဖိုးဆိုပြီး ဝယ်လို့ ရတယ်။ ကျမ အရင်နေတဲ့ နေရာမှာက အဲဒီလိုမျိုး တခါမှ မဝယ်ဖူးဘူး။ ပြီးတော့ ငါးပိရည်ကျိုနဲ့ တို့စရာအစုံကို အဆင်သင့် ဝယ်စားလို့ ရတာ ကိုလည်း ကျမ သဘောကျတယ်။ ငါးပိရည်နဲ့ နယ်စားရတာကို ကျမက ကြိုက် ပေမယ့် ကိုကိုက ငါးပိနံ့ မခံနိုင်လို့ မစားဖြစ်တာ ကြာပြီပဲ။ မနက်စာကို ဈေးထဲက အသုပ်တို့၊ မုန့်ဟင်းခါးတို့ ဝင်စားတယ်၊ ပြီးရင် ချက်စရာလေး ဝယ်ပြီး ပြန်လာတယ်။

တယောက်တည်း နေရတာ ကျမအတွက် အခက်အခဲ သိပ် မရှိဘူး။ ဟိုးအရင် ငယ်ငယ်ကလည်း တယောက်တည်း နေဖူးတာကိုး၊ အလုပ်တချို့ကို ပြန်ဆက်သွယ်ပြီး ကျမ နေထိုင်၊ စားသောက်ဖို့ အဆင် ပြေရုံ လက်ခံလိုက်တယ်။ အလုပ်ကလေး နည်းနည်းလုပ်၊ ကိုယ့်အဝတ် ကို ကိုယ့်ဟာကိုယ်လျှော်၊ စားချင်တာလေးရှိရင် ချက်စားနဲ့ တခြားဘာမှ လုပ်စရာမရှိတော့လည်း စာအုပ်လေး ဘာလေး ဖတ်ပေါ့။ ညရောက်ရင် တော့ အသင့်ဝယ်ထားတဲ့ အရက်ကလေး သောက်ပြီး ရုပ်ရှင်ကလေး ကြည့်လို့၊ တခါတလေ မူးလာရင်လည်း Miley Cyrus ရဲ့ Malibu သီချင်း ကို အော်ဆိုလို့ ကျမရဲ့ ဘဝဟာ တလခွဲလောက်ကို အဆင်ပြေ သာယာနေခဲ့တယ်။

ရေးဘဝက ရေစက်တွေပဲလား၊ ကျမဆီမှာကျမှ ဘယ်အရာ တွေကပဲ အကျိုးပေးသန်နေသလဲဆိုတာ မသိတော့လောက်အောင်ပဲ ကျမဘဝထဲကို နောက်ထပ်ပတ်သက်မှု တခုအဖြစ် မြတ်နိုးဟာ အရမ်း ကို ညင်သာတဲ့ ခြေသံတွေနဲ့

ထပ်ပြီး ဝင်ရောက်လာခဲ့ပါတယ်။

မြတ်နိုးလို့ သူ့ကို ကျမက ခေါ်တယ်။ ပထမတုန်းက သူ့ကို ဂျူးရဲ့ ဒေါ်နီနီဇော်က အုပ်စိုးကို ခေါ်သလိုမျိုး ရှေရီ (che’ri) လို့ ခေါ်ဖို့ စဉ်းစားကြည့်တယ်။ ဒါပေမယ့် သူ ကျမအပေါ် ထားတဲ့ ဆက်ဆံပုံနဲ့ စိတ်ထားလေးက Cherishingly ဖြစ်လွန်းလို့ သူ့ကို မြတ်နိုးလို့ ခေါ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ မြတ်နိုးဟာ ကျမထက် သုံးနှစ်ငယ်ပြီး ကုမ္ပဏီတခုရဲ့ ဝန်ထမ်း။ စာတွေ၊ ကဗျာတွေ ကြိုက်တတ်တဲ့။ ကဗျာနည်းနည်းလည်း ရေးတဲ့ သာမန်ကောင်လေး တယောက်ပါပဲ။ ကျမ နေနေတဲ့ အဆောင်ကို ပြောင်းလာတဲ့ အဆောင်သား အသစ်ကလေးပေ့ါ။

သူ့ကို ကျမ ပထမဆုံးအကြိမ် မြင်ဖူးတာက အခန်းနံပါတ် မှားပြီး ကျမ အခန်းကို တံခါးလာခေါက်တဲ့ နေ့ကပေ့ါ။ မျက်လုံးပြူးပြူး၊ အသားဖြူဖြူနဲ့ ရှိရင်းစွဲ အသက်ထက် ငယ်နုပုံရတဲ့ ရုပ်ရည်နဲ့ ကောင် ကလေးဟာ ကျမက တံခါးကို ဖွင့်လိုက်တော့ ကျမကိုတလှည့် အခန်း နံပါတ်တွေကို တလှည့်ကြည့်ပြီး ရှက်ကိုးရှက်ကန်းနဲ့ ‘ဆောရီးပါ ခင်ဗျ ဆိုတဲ့စကားကို အထပ်ထပ် ပြောသွားခဲ့ပြီး ကျမနဲ့ မျက်နှာချင်းဆိုင် အခန်းကို တံခါးလှည့်ခေါက်လိုက်တယ်။

မြတ်နိုးဟာ သူ့ကို မသိရင် အရမ်းရုပ်တည်တယ်။ လမ်းသွား ရင်တောင် ဘယ်သူ့ကိုမှ မကြည့်ဘူး။ သူ့ဟာသူ ဖုန်းနဲ့မျက်စိ မခွာတမ်း သုံးပြီး လုပ်စရာရှိတာ လုပ်နေတာပဲ။ ထူးထူးဆန်းဆန်းပဲ အဲဒီကောင်လေးဟာ ကျမအပေါ်မှာ တမြတ်တနိုးနဲ့ ဂရုစိုက်ခဲ့တယ်။ အလုပ်ကိစ္စအတွက် စဉ်းစားရကျပ်နေလို့ ညသန်းခေါင်ကြီး အဆောင်ရဲ့ လှေကားထစ်မှာ ဆေးလိပ်ထိုင်သောက်နေတဲ့ ကျမရဲ့ဘေးကို “အဲဒီလောက်သောက် နေရင် သေလိမ့်မယ်နော်” ဆိုတဲ့ စကားနဲ့ ရောက်လာခဲ့တယ်။

မြတ်နိုးနဲ့ ကျမရဲ့ အကြောင်းအရာက မရှည်ကြာပါဘူး၊ ကျမ တို့က ကာလရှည် ပတ်သတ်မှု မဟုတ်ခဲ့ဘူး။ မြတ်နိုးနဲ့ ကျမ စကားတွေ အများကြီး ပြောကြတယ်။ မြတ်နိုးက ကျမနဲ့ စကားပြောရတာကို ကြိုက် တယ်။ ကျမဆီမှာ ရှိနေတဲ့ ပါရမီခေါ်မလားပဲ ကျမက လူတွေရဲ့ စိတ်ကို ဖွင့်နိုင်နေသလိုမျိုး၊ ကျမဟာ သူတို့စိတ်ရဲ့ Fb timeline တခု လိုမျိုး၊ လူတွေဟာ ကျမနဲ့ စကားပြောပြီးတဲ့အခါ ကျမဆီကို အကြောင်း အရာမျိုးစုံ ရင်ဖွင့်လာလေ့ရှိတယ်။ မြတ်နိုးဟာ ကျမ ရှေ့မှာ ဘယ်အရာ ကိုမှ ထိန်းချုပ် ကွယ်ဝှက်စရာ မလိုအပ်ခဲ့လို့ သူ ကျမအပေါ် သာယာ လာခဲ့တယ်။

အလုပ်ဆင်းတဲ့ ညနေတိုင်း ထမင်းဇလုံလေးကိုင်ပြီး ကျမ အခန်းကို သူ ကူးလာတတ်တယ်။ “ပတ်ဝန်းကျင် အခန်းတွေက ဘယ်လို မြင်မလဲ” လို့ အစတုန်းကတော့ သူ တားခဲ့ပေမယ့် ကျမ ဂရု မစိုက်ပါဘူး။ မြတ်နိုးက ကျမကို စကားတွေ လာပြောတတ်တာကို ကျမ ပျော်တယ်။ လူတွေရဲ့ အမြင်တွေထက် ကျမ ပျော်ရွှင်မှုကိုပဲ ကျမ ရွေးချယ်မယ်၊ ကျန်တာတွေ ခေါင်းအရှုပ်ခံပြီး စိတ်ကူးထဲ ထည့်ထားဖို့ကို ကျမ စိတ်မဝင်စားဘူး မဟုတ်လား။ တခါတလေလည်း ဟင်း အတူချက်စား၊ တခါတလေလည်း အကင်လေး၊ အကြော်လေးဝယ်လာပြီး ကျမအခန်းမှာ စကားပြောကြ၊ အရက်သောက်ကြ ပေ့ါ။ မြတ်နိုး ဟာ ကျမ အကြောင်းတွေကို တနေ့ထက် တနေ့ပိုပြီး သိချင်လာခဲ့တယ်။

မြတ်နိုးဟာ မောင်မောင့်ကို မနာလိုဘူး။ ပြောရမယ်ဆိုရင် မုန်းတောင်မုန်းတယ်။ “မမရယ် ကိုကို သနားပါတယ်။ အဲဒီမောင်မောင့် ကို စောက်မြင်ကို ကတ်တယ်”လို့လည်း ပြောတတ်တယ်။ “အဲဒီ မောင်မောင် ဆိုတဲ့ လူက

ဘာမှ ခင်ဗျားကို ချစ်တာမဟုတ်ဘူး။ ခင်ဗျား ကို ချချင်တိုင်း ချနေရလို့ သိရဲ့လား” လို့လည်း အရက်မူးမူးနဲ့ အငေါ် တူးတတ်တယ်။ “အိမ်ကို ပြန်တော့ လို့လည်း နှင်လွှတ်တတ်တယ်။ ဘယ်အိမ်လဲလို့ မေးရင် “ကိုကို ရှိတဲ့နေရာဟာ မမအိမ်ပဲတဲ့။ သူ မူးလာရင် မမကို ချစ်တယ်လို့ ခဏ ခဏပြောတယ်။ “ကလေးရယ် မမက မင်းအတွက် မတန်ပါဘူး”လို့ ပြောရင် ဒေါသတွေလည်း ထွက်တတ်ပြီး ‘ကျနော့်က မမရဲ့ ဦးဏှောက် ဖြစ်ချင်တာ၊ ကျနော့်ကို မောင်မောင်နဲ့ မယှဉ်ပါနဲ့” လို့လည်း ငိုတတ်တယ်။

ဒီလိုနဲ့ မြတ်နိုးဟာ ကျမရဲ့ နေ့စဉ်ဘဝမှာ အများကြီးကို စွက်ဖက်လာခဲ့တယ်။ မိန်းမတယောက်နဲ့ ယောက်ျားတယောက် အတူ နေတဲ့ ကိစ္စမျိုးတွေ ပြောကြပေမယ့် ကျမတို့ အတူမအိပ်ဖြစ်ကြဘူး။ “မြတ်နိုးရေ.. မမအပေါ် စိတ်မရှိဘူးလားလို့” ကျမက သူ့ကို စချင်လို့ မေးတဲ့အခါ ရှက်ကိုးရှက်ကန်းနဲ့ ‘ရှိတယ်... ကြောက်တယ်”တဲ့။ “မမ မျက်လုံးနဲ့ ကြည့်ရုံနဲ့တောင် ဒီမှာ ထွက်တော့မှာ” လို့ နားရွက်ဖျား ကလေးတွေ ရဲပြီး တိုးတိုးကလေး ပြောတတ်တယ်။

မြတ်နိုးဟာ ကျမကို အမြဲတမ်း ကိုကို့ဆီ ပြန်ပါလို့ တိုက်တွန်း တယ်။ အစားအသောက် မမှန်လို့ရော ဆေးလိပ်တွေ အလွန်အကျွံ သောက်လို့ ပိုပြီးပိန်လာတဲ့ ကျမကို ကြည့်ပြီး သူ့စကား နားမထောင်လို့ စိတ်ကောက်ပြီး ဆူတတ်တယ်။ ဒီလိုနဲ့ မြတ်နိုးဟာ ကျမ ဖုန်းထဲကနေ သီချင်းကူးမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုကို့ဖုန်းနံပါတ်ကို ကူးယူ သွားခဲ့တာကို ကျမ မသိခဲ့ဘူး။

တညမှာ အရက်အတူ သောက်နေရင်း မြတ်နိုးက ဒီည ကျမနဲ့ အိပ်ပါရစေလို့ ခွင့်တောင်းတယ်။ ယောက်ျားတယောက်နဲ့ အတူအိပ် ရတာ ကျမအတွက် မထူးဆန်းဘူး။ ဒါပေမယ့် အတူအိပ်ဖို့ ခွင့်တောင်း လာတဲ့လူဟာ မြတ်နိုး ဖြစ်နေလို့ ထူးဆန်းနေခဲ့တယ်။ ရှင်တို့ကတော့ ယောက်ျားမြင်ရင် ခင်ဗျားက အိပ်ချင်နေတာကိုးလို့၊ ဘာဆန်းလို့လဲလို့ ထင်ကြလိမ့်မယ်။ ဒါပေမယ့် မြတ်နိုးဟာ ကျမအတွက် အိပ်ချင်လောက် စရာ ယောက်ျားမဟုတ်ဘူး။

စကားပြောတာက မြတ်နိုးကို ယောက်ျားမပီသဘူးလို့ ပြော ချင်တာလည်း မဟုတ်ဘူး။ ကျမအတွက် မြတ်နိုးဟာ လိင်အာသာပြေဖို့ အိပ်ပစ်လိုက်ရမယ့်သူ မဟုတ်ဘူး။ ချစ်စရာ၊ သနားစရာ၊ ခင်မင်စရာ ကျမကို ရိုးရိုးကလေး မြတ်နိုးနေရှာတဲ့ မောင်ငယ်လေး တယောက် လိုပဲ။ ဒါပေမယ့် သူသာ ဆန္ဒရှိနေမယ်ဆိုရင် ကျမ သူ့ဆန္ဒကို လိုက် လျောပေးချင်တဲ့စိတ် ကျမမှာ ရှိတယ်။

ကျမရဲ့ တယောက်အိပ် မွေ့ရာပေါ်မှာ မြတ်နိုးနဲ့ ကျမ ပူးပူး ကပ်ကပ် လှဲနေခဲ့တယ်။ ကျမရဲ့ ဖုန်းထဲက idiot ရဲ့ ဆုလာဘ်ဆိုတဲ့ သီချင်း ကို ဖွင့်ပြီး နားကြပ်ကို တယောက်တဖက် တပ်ထားကြတယ်။ တောင့်တောင့်ကလေးနဲ့ ပက်လက်အိပ်နေတဲ့ မြတ်နိုးရဲ့ လက်မောင်းကို ဆွဲယူပြီး ခေါင်းအုံးလိုက်တယ်။ ဘယ်ဘက်လက်ရုံးမို့လို့ မြတ်နိုး ရင်ထဲက ရင်ခုန်သံ တဒုတ်ဒုတ်ကို ကျမ ကြားနေရတယ်။ မြတ်နိုးက သူ့လက်မောင်းကြွက်သားတွေကို တင်းနေအောင် တောင့်ထားခဲ့တယ်။ ဂျေဂျေဘောင်းဘီတိုကို ဝတ်ထားလို့ ပေါ်နေတဲ့ မြတ်နိုးရဲ့ ခြေသလုံးတွေကို ကျမ ခြေဖဝါးတွေနဲ့ အသာကလေး လိုက်ပြီး ပွတ်နေ ခဲ့တယ်။ မြတ်နိုးဆီက ထွက်လာတဲ့ မလုပ်နဲ့ မမရာ ဆိုတဲ့ စကားသံက ခပ်တိုးတိုးနဲ့ တုန်ရီလို့။ ကျမရဲ့ ညာဘက်လက်ကို မြတ်နိုးရဲ့ လည်ပင်း ပေါ်ကနေ ကျော်ပြီး လက်ပြန် အနေအထားနဲ့ သူ့ပါးရိုးတလျှောက်နဲ့ နားရွက်ဖျားကလေးကို ဖွဖွကလေး

လက်သည်းနဲ့ လိုက်ကုတ်တဲ့အခါ ကြက်သီးဖုကလေးတွေ ထလာတာကို ထိတွေ့မိတယ်။ မြတ်နိုးရဲ့ အသက်ရှူသံတွေ မြန်လာတာကို ခံစားရ တယ်။ သူ့ရဲ့ ဆောက်တည်ရာ မရ ခံစားချက်တွေကို ကြိုးစားပြီး တောင့်ခံနေတဲ့ မြတ်နိုးကို ကျမ ပိုပိုပြီး သဘောကျလာတယ်။

လှဲ့အိပ်နေရာကနေ ဝုန်းခနဲထတယ်။ သူ့ကို မထိတထိ ကလိနေတဲ့ ကျမရဲ့ ညာလက်ကို ခေါင်းအုံးနဲ့ ဖိကပ်ပြီး ချုပ်သလို ဖိထား တယ်။ ကျမကိုယ်ပေါ်ကနေ ကျမကို မထိသေးဘဲ အုပ်မိုးလိုက်တယ်။ ကျမကို စိုက်ကြည့်နေတဲ့ မြတ်နိုးရဲ့ မျက်လုံးထဲမှာ ကြယ်ရောင်တွေ တောက်နေသလိုပဲ။ သူ့အောက်နှုတ်ခမ်းလေးက မသိမသာနဲ့ တုန်ရီ နေတယ်။ ရယ်မြူးနေတဲ့ မျက်လုံးတွေနဲ့ သူ့ကို ပြန်ကြည့်နေတဲ့ ကျမကို မြတ်နိုးက နမ်းလိုက်တယ်။

ဟင့်အင်း... ရှင်တို့ ထင်နေသလို မဟုတ်ပါဘူး၊ မြတ်နိုးက ကျမနှုတ်ခမ်းတွေကို ဖိကပ်ပြီး နမ်းတယ်ဆိုရုံ တရိုက်မက်မက် အနမ်းနဲ့ လေးနဲ့ပဲ နမ်းခဲ့တာပါ။ ပြီးတော့မှ ကျမခါးကို တင်းနေအောင် ပွေ့ဖက် ပြီး... ကျနော် မမကို ဒီအတိုင်းလေးပဲ ချစ်တာပါဗျာတဲ့။ အဲဒီ ညက မြတ်နိုးရဲ့ ရင်ခွင်ထဲမှာ ကျမ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်သွားခဲ့ ပါတယ်။

နောက်တနေ့မှာ ကျမရဲ့ အဆောင်ခန်းတံခါးဝဆီကို ကိုကို ရောက်လာခဲ့တယ်။ တရားခံကတော့ မြတ်နိုးပါ။ သူ အဝင်အထွက် လုပ်နေတာ မြင်တိုင်း သူ့နေရာ ဝင်ယူပြီး စိတ်ထင်သလို နေတတ်တဲ့ ကျမအပေါ်အသားယူလို၊ အရိုးယူလိုကြတဲ့ အဆောင်က လူတချို့ကြား မှာ ကျမကို မထားနိုင်တော့တဲ့ စိတ်နဲ့ ကိုကို့ကို သူ ဆက်သွယ်ခဲ့တာပါ။

ကျမရဲ့ အပြစ်တင်တဲ့ မျက်လုံးတွေကို မြတ်နိုးဟာ ခေါင်းငုံ့နာ ခံနေခဲ့ပါတယ်။ သူရယ် ကိုကိုရယ် ကျမရဲ့ ပစ္စည်းတွေကို ထုပ်ပိုးနေ တာကို ကျမ ဒီအတိုင်းပဲ ထိုင်ကြည့်နေခဲ့တယ်။ အားလုံးပြီးလို့ ကိုကိုက ကားပေါ်ကို နောက်ဆုံးအကြိမ် ပစ္စည်းသွားပို့တဲ့ အချိန်မှာ မြတ်နိုးဟာ ဘာမပြော၊ ညာမပြောနဲ့ ကျမကို တင်းနေအောင် ပွေ့ဖက်ပြီး ကျမရဲ့ ပါးကို မွတ်မွတ်သိပ်သိပ် ဖက်နမ်းခဲ့ပါတယ်။ "ကျနော့်ကို ခွင့်လွှတ်နော်... မမ၊ ဒီကကောင်တွေ မမကို ကြည့်တဲ့အကြည့်တွေ၊ ပြောတဲ့ အပြောတွေ ကို ကျနော် မခံနိုင်လို့ပါလို့ ပြောလာခဲ့တယ်။

ကျမဟာ မြတ်နိုးထက်တောင် ပိုပြီး ကလေးဆန်သေးတယ်။ ကျမအတွက် လုပ်ခဲ့တာ ဆိုတဲ့ ကိစ္စကို သေသေချာချာကြီး သိနေခဲ့ပါ လျက်နဲ့ မြတ်နိုးကို စကားပြန်မပြောချင်ခဲ့ဘူး။ "ကျနော်က...မမအတွက် ဘာမှမဟုတ်ဘူး ဆိုတာ ကျနော် သိပါတယ်၊ နှုတ်ဆက်တယ်နော် တဲ့။ ကိုကို ပြန်တက်မလာခင် ဒီစကားလေး တခွန်းနဲ့ မြတ်နိုးဟာ ကျမကို နှုတ်ဆက်သွားခဲ့တယ်။ နောက်တော့ ကိုကို့ကို ကားနားမှာ လာနှုတ်ဆက် ပေမယ့် ကျမကို တချက်တောင်မှ လှည့်မကြည့်တော့ပါဘူး။

ကျမ ရင်ထဲမှာ ကွက်လပ်ကြီး ဖြစ်နေတယ်။ ငိုချချင်ပေမယ့် လည်း မငိုချနိုင်ဘူး။ ရင်ဘတ်ထဲက အရာအားလုံးဟာ ကျမ မကြား နိုင်တဲ့ အသံတွေနဲ့ အသံကုန် အော်ဟစ်ပြနေကြသလိုပဲ။ လည်ချောင်း ထဲမှာ ထွက်လာချင်တဲ့ အသံတွေဟာ တွန်းထိုးရုန်းကန်နေသလို ဆို့ကျပ်နေပေမယ့် ဘာသံမှတော့ လျှံထွက်မလာဘူး။ ဖြစ်နိုင်ရင် မှောင်မည်းအေးစက်တဲ့ ချောင်ကွယ် တခုခုမှာ ထိုင်ပြီး ဒဏ်ရာရနေတဲ့ တိရစ္ဆာန်တကောင်လို တအီအီ ညည်းညူချင်နေတယ်။

ကားမောင်းထွက်လာကြပြီးမှ ခါးပတ်မပတ်ထားတဲ့ ကျမကို ကိုကိုက ခါးပတ်ဆွဲယူပတ်ပေးရင်း စကားတခွန်း ပြောတယ်။ "သတ္တဝါ ဆိုးမလေးက လှောင်ချိုင့်လို ချင်နေတာလားတဲ့။ ပြီးတော့ ပြုံးတယ်။ ကျမ မမြင်ဖူးတဲ့ ထားသွားတခုလို အပြုံးမျိုး။ ကျမ မသိဘူး။ ကိုကို့ ဘေးနားမှာ နေတဲ့အခါ ရရှိနေတဲ့ လုံခြုံမှုတွေဟာ ကျမနဲ့ မထိုက် တန်သလိုမျိုး၊ ကြင်နာမှုတွေဟာ ကျမလည်ပင်းကို ရစ်ပတ်လာတဲ့ ကြိုးတွေလိုမျိုး ခံစားရတယ်။ ကျမ တကယ်ဖြစ်ချင်နေတဲ့ ဆန္ဒဟာ ကိုကို့ဆီကရော၊ မောင်မောင့်ဆီကတင်မကဘူး ကျမကိုယ် ကျမ ဆီကပါ ပြေးထွက်သွား နိုင်ဖို့ပဲ ဆိုတာကို ပိုပိုပြီး သေချာလာခဲ့တယ်။

ဒါပေမယ့် ကျမ ပြေးထွက်သမျှဟာ ကြိုးတပ်ထားတဲ့ လေတံ ခွန်တခု သူ့ရဲ့ ရစ်ဘီးဆီကနေ စွန့်ခွာသွားဖို့ အကြောက်အကန် ရုန်းကန် ခဲ့ရသလိုပဲ။ ဘယ်ကိုမှတော့ ခရီးမတွင်ခဲ့ပါဘူး။

အခန်း (၁၀)

t's a quarter after one, I'm a little drunk, and I need you now

Said I wouldn't call but I lost all control and I need you now

And I don't know how I can do without, I just need you now

ကားထဲမှာ repeate နဲ့ ဖွင့်ထားတဲ့ need you now သီချင်းက ကျယ်ကျယ်လောင်လောင်။ ကားရဲ့အရှိန်က ကီလို တရာ့နှစ်ဆယ်၊ ကျမ ကားကို အဲဒီလောက်အရှိန်နဲ့ တခါမှ မမောင်းဖူးဘူး။ အမြန်လမ်းမ ပေါ်မှာ ကျမ ကားလေးဟာ မြင်းရိုင်းတကောင်လို တလွှားလွှား ပြေးနေ တယ်။ ကျမ နားထဲမှာ "သတ္တဝါဆိုးမလေးက လောင်ချိုင့်ကို လိုအပ်နေ တာလားဆိုတဲ့ ကိုကို့ စကားကိုပဲ repeate လုပ်ထားသလို ပြန်ကြားနေရတယ်။

နားထဲမှာ အကြိမ်ကြိမ် ပြန်ကြားနေရတဲ့ အသံတွေ ပျောက် သွားနိုင်ဖို့ အတွက်လည်း သီချင်းသံကို အကျယ်ကြီး ဖွင့်ထားခဲ့တာ။ ကျမ တကိုယ်လုံးမှာ အကြောက်တရားတွေ ဖုံးလွှမ်းနေတယ်။ ဘာကို ကြောက်နေတာလဲ...။ ဟင့်အင်း ကျမ မသိဘူး။ ကျမ ခေါင်းထဲကနေ နောက်ထပ် အသံသေးသေးလေး တခုကနေ စကားတိုးတိုးလေးတွေ လာလာပြီး ပြောနေပြန်သေးတယ်။ "ထွက်ပြေး...ပုန်းနေတဲ့။ 'တဲ့။ ငါ ဘယ်ကို ထွက်ပြေးရင် တကယ်လွတ်မြောက်မှာလဲ" လို့ ကျမ သူ့ကို မေးပေမယ့် ပြန်မဖြေဘူး။ ထပ်ပြောတယ် "ထွက်ပြေး... ပုန်းနေတဲ့။

ကျမ တကယ်တမ်း ဘယ်သူ့ဆီကနေ ထွက်ပြေးနေတာလဲ ဆိုတာကို ကျမကိုယ် ကျမ မသေချာသရွေ့ ဘယ်တော့မှ လွတ်မြောက် မှာ မဟုတ်ဘူး ဆိုတာကိုလည်း ကျမ သိနေတယ်။ ကျမ ထွက်လာပြီ၊ ဘယ်သူ့ဆီကို သွားမှာတဲ့လဲ။ ကျမမှာ ပြေးစရာ မြေမရှိဘူး။ ဘယ်လောက် ပြေးပြေး နောက်ဆုံးမှာ ကျမအတွက် အလုံခြုံဆုံးပါလို့ လူတွေ သတ်မှတ်ထားကြတဲ့ ကိုကို့ဆီကိုပဲ ပြန်ရောက်ရတာပဲ။

သီချင်းထဲမှာ Lady Antebellum I just need you nowတဲ့။

ကျမကရော ဘယ်သူ့ကို လိုအပ်နေခဲ့တာလဲ။ ကိုကိုလား၊ မောင်မောင်လား၊ မန္တလေးက ကျမ သူငယ်ချင်းလား၊ မြတ်နိုးလား.. ဒါမှမဟုတ် နောက်ထပ် ကျမ မသိတဲ့ တယောက်ယောက်ကိုများ ကျမ လိုအပ်နေသေးတာမျိုးလား။ တယောက်ယောက်ကသာ ကျမကို လိုအပ်နေပါ တယ် ဆိုရင်ရော...။ ကျမကို တကယ်ပဲ လိုအပ်နေတဲ့သူ ဆိုတာ ရှိလား၊ ရှိရော ရှိခဲ့ဖူးလို့လား။ ကျမ မသိဘူး။ ကျမမှာ မသိတာတွေ တော်တော့်ကို များနေခဲ့ပြီ။ ကျမ တကယ်ပဲ မသိတာလား၊ မသိချင်ယောင် ဆောင်နေ တာလား၊ ဒါမှမဟုတ် တချို့အရာတွေကို ကျမ မသိဘူးဆိုတဲ့ စကားနဲ့ ကျမကိုယ် ကျမ ဖုံးကွယ်ပစ်တာမျိုးလား။ ပြီးတော့ ကျမ တကယ်ပဲ လွတ်မြောက်ချင်နေတယ် ဆိုတာ ရော ဟုတ်မှ ဟုတ်ရဲ့လား။ လွတ်မြောက်ချင်တယ်ဆိုရင် ဘာလို့ အဆုံး အထိ၊ ချောက်ကမ်းအဆုံးကိုပဲ ရောက်ရောက်လို့ တွေးပြီး ကျမဘာလို့ ဆက်မပြေးခဲ့သလဲ။

"ဘယ်ပြေးနိုင်မလဲ။ နှင့်လည်ပင်းမှာ လည်ပတ်ကြိုးနဲ့လေ

အသံသေးသေးလေးက တိုးတိုးကလေး ပြောတယ်။ "ဘာပြော တယ် ကျမ အသံထွက်အောင် အော်ပြီး သူ့ကို မေးလိုက်တယ်။ "ငါ့ကို မအော်နဲ့။ နင့်လည်ပင်း နင်ပြန်စမ်းကြည့်ပါလား "လည်ပတ်ကြိုးနဲ့ ကောင်မရဲ့" သူ့စကားကြောင့် ကျမလည်ပင်းကို တောင် ယောင်ယမ်းပြီး ပြန်စမ်းကြည့်လိုက်မိသေးတယ်။ ကျမကို အဲဒီလို ပြောပြီး သူ တအီအီနဲ့ ညည်းညူနေတယ်။ ဒဏ်ရာရနေတဲ့ ခွေးပေါက်ကလေးတကောင် ချောင်ထဲမှာ ပုန်းကွယ်ညီးညူနေသလိုမျိုး။

ကျမ အဲဒီအသံကို မေ့ထားနိုင်ဖို့ ကြိုးစားလိုက်တယ်။ သိပ် တော့ မကြိုးစားရဘူး။ သူလည်း ကျမကို ဘာစကားမှ လာထပ်မပြော တော့ဘူး။ ကားကို ကီလို ခုနစ်ဆယ်အထိ အရှိန်လျှော့ချလိုက်တယ်။ သီချင်းသံကို နည်းနည်း တိုးလိုက်တယ်။ နေ့လယ်နှစ်နာရီ ဆိုပေမယ့် မိုးအုံ့နေလို့ အပြင်မှာ ပူနေပုံ မရဘူးလို့ တွေးပြီးမှ ကားထဲမှာ အဲကွန်း ဖွင့်မောင်းနေတာကို တွေးမိပြီး ပြုံးလိုက်မိတယ်။ ကျမ နည်းနည်းတော့ လွတ်နေပြီ ထင်တာပဲ။

ကျမရောက်နေတာ သုံးဆယ့်ကိုးမိုင် လမ်းခွဲနားဆိုတော့ သပြေရိပ်မှာ ငါးနုပ်နဲ့ နေ့လယ်စာ ဝင်စားမယ်၊ ဘုရားကြီးက ပုရစ်ကြော်တွေ ကိုကိုနဲ့ မောင်မောင့်အတွက် ဝယ်သွားမယ်... စတဲ့ စိတ်ကူးတွေနဲ့၊ ဝယ်ပြီးရင် ပဲခူးဘက်ကနေ လှည့်ပြန်မယ်လို့ စဉ်းစားပြီး ကားကို ယာဉ်ရပ်နားကွင်းဘက်ကို ကွေ့ဝင် လိုက်တယ်။ ပုရစ်ကြော်ကို အပြင်က ဝယ်လာပြီးရင် ခြေထောက်လေးတွေ အတောင်လေးတွေ ပြန်ညှပ်၊ ကြက် သွန်ဖြူနဲ့ ပြန်ကြော်ရင် ကိုကို အရမ်းကို ကြိုက်တာ။

Toilet ဝင်တယ်၊ အအေးတွေ မသောက်ချင်လို့ ဘီယာ တပုလင်း မှာတယ်။ ထမင်းစားတယ်။ အခုတော့ ကျမ စိတ်တွေ အေးအေးဆေး ဆေးပါပဲ။ ခုနက စိတ်ရှုပ်ပေါက်ပြီး ကားမောင်းထွက် လာတဲ့ ကိုယ့်ကိုယ် ကိုယ်လည်း နည်းနည်းတော့ အံ့သြနေမိတယ်။ ထမင်းသိပ်မစားတာ ကြာလို့ ထင်တယ်၊ ငါးပိရည်တို့စရာနဲ့ ငါးနုပ်ဟင်းနဲ့ ထမင်းတွေ ထပ်ထည့် ရတဲ့အထိ စားကောင်းနေတယ်။

ထမင်းစားပြီးတော့ ဆေးလိပ်တလိပ်ကို ဖွာတယ်။ ဖုန်းကို ဖွင့်စစ်တော့ မောင်မောင့်ဆီက Wherer u? ဆိုတဲ့ စာကို တွေ့ရတယ်။ ပြန်မဖြေချင်လို့ ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်လိုက်တယ်။ ပိုက်ဆံ ရှင်းပြီး toilet နောက်တခေါက် ထပ်ဝင်တယ်။ ပြီးတော့မှ ဆေးလိပ်နောက် တလိပ်ကို ထုတ်ဖွာပြီး ကားဆီကို ပြန်လျှောက်လာခဲ့ တယ်။ ကျမ ကားဆီကို ရောက်တော့ ကျမကားမှာ မှီရပ်ပြီး ဆေးလိပ် သောက်နေတဲ့ မောင်မောင်......။

ကျမလက်ထဲက ကားသော့ကို ဆီးပြီးယူတယ်။ "မောင်မောင် ဒီကို ဘယ်လိုရောက်လာတာလဲ"လို့ ကျမက မေးတော့ ခပ်လှမ်းလှမ်းက Taxi ကို မေးငေါ့ပြတယ်။ ပြီးတော့ Taxi ကို လက်ပြလိုက်တယ်။ taxi က မောင်းထွက်သွားတယ်။ မောင်မောင်က ကျမ ကားထဲကို ဝင်ထိုင်ပြီး စက်နှိုးလိုက်တယ်။ ပြန်ပွင့်လာတဲ့ သီချင်းသံကို တိုးသွားအောင် လျှော့ချ ပစ်လိုက်တယ်။ ကျမ ကားထဲမဝင်သေးဘဲ သူ့ကို ငေးကြည့်နေမိတယ်။

ကျမ ကမ္ဘာလေး ဘာဖြစ်သွားတာလဲ...။

ကျမ ကားထဲဝင်ထိုင်လိုက်တယ်။ ကားခါးပတ်ကို ပတ်ဖို့ အတွက် ကျမ ဆွဲယူနေတာကို မောင်မောင်က ကူဆွဲယူပြီး ပတ်ပေး တယ်။ "ပြန်မှာ မဟုတ်လား..."တဲ့။ "ကျမ ဒီကိုရောက်လာတယ် ဆိုတာ ကို မောင်မောင်

ဘယ်လိုလုပ်ပြီး သိလဲ”လို့ မေးတော့ “ကိုကိုက လိုက်သွားဖို့ လှမ်းပြောလို့ လို့ ကျမကို ပြန်ပြောပြီး ကားကို မောင်းထွက် လိုက်တယ်။

ကားစီးနေရင်း အသက်ရှူရတာ မွန်းကျပ်လာလို့ ကားမှန် ပြတင်းတွေကို ချလိုက်တယ်။ ပုရစ်ဝယ်ချင်စိတ်လည်း ကျမဆီမှာ မရှိတော့ဘူး။ လေတိုးသံကို ဖုံးကွယ်နိုင်ဖို့အတွက် သီချင်းသံကို ကျမက ပြန်ကျယ်လိုက်တယ်။ မောင်မောင်က ကားကို အရှိန်မှန်မှန်နဲ့ မောင်းနေတယ်။ အပြင်မှာ နေရောင်ရှိနေ ပေမယ့် နေသာနေတဲ့ ကောင်းကင်ကို မမြင်ရဘူး။ မီးခိုးဖြူရောင်တိမ်တွေက ကောင်းကင်ကို ဖုံးထားတယ်။ မိုးဖြူ မစဲ မိုးမဲမရွာ တဲ့…။ ဒီမိုးကရော ရွာမှာလား။

ကျမခေါင်းထဲမှာ အသံသေးသေးကလေး ပြန်ပေါ်လာတယ်။ ဒီတခါ သူက ရယ်နေတာ၊ နားကလောလောက်အောင် စောက်မြင် ကပ်စရာ ကောင်းတဲ့ ရယ်ပုံမျိုးနဲ့။ “နင့်ဆီမှာ လည်ပတ်ကြီးနဲ့… သိလား.. ဟား ဟား ဟား”လို့ ကျေနပ်နေတဲ့ အသံနဲ့ ပြောပြီး စူးစူးရှရှ အော်ရယ် နေတယ်။ ဘယ်သူက ကျမကို လည်ပတ်ကြိုး တပ်ထားလို့လဲ… သွား စမ်းပါ၊ စောက်ပိုပြောနေတာတွေ။ “နင်.. ငါ့ကို စောက်ပိုတွေ လာလုပ်ပြ မနေနဲ့” လို့ ကျမ အော်ထုတ်လိုက်တော့ မောင်မောင်က ကျမကို “ဘာပြောတာလဲ”လို့ လှည့်မေးလာတယ်။ ကျမ သူ့ကို ဆောရီးလို့ပဲ ပြန်ပြော လိုက်တယ်။

ဟိုသတ္တဝါလေး ဘယ်ရောက်သွားလဲ နင်ပြောနေတဲ့ စောက်ရေး မပါတဲ့ လည်ပတ်ကို ငါ့ကို ဘယ်သူက ချည်ထားတာမို့လို့လဲ။ ကိုကို ကလား၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ “ကလေးပျော်မှာကို လုပ်ပါ၊ ကလေး ပျော်နေတာကိုပဲ မြင်ချင်ပါတယ်”တဲ့ အဲဒီလို အမြဲတမ်း ပြောတတ် တာပဲ။ ဒါပေမယ့် သူ ကျမ ကားကို GPS ခိုးတပ်ထားတာကရော ဘာသဘောနဲ့လဲ။ စိတ်မချလို့ပဲ ဖြစ်မယ် ထင်ပါရဲ့။ ဟိုတခါက သူ ပြောခဲ့ တဲ့ “သတ္တဝါ ဆိုးမလေးက လျှောင်ချိုင့် လိုနေတာလား” ဆိုတဲ့ စကား ဟာလည်း စကားတခွန်း သက်သက်ပဲ ဖြစ်မှာပါ။ ကျမဆိုးလို့၊ မလိမ္မာ လို့ ကျမကို ကရုဏာ ဒေါသောနဲ့ ပြောတာပဲ ဖြစ်မှာ သေချာတယ်။

ဟုတ်ပါရဲ့။ ဒါကို ကျမဘာလို့ အခုမှ တွေးဖြစ်ရတာလဲ။ ကိုကို က ကျမကို ဘယ်တုန်းကမှ နာကျင်အောင် လုပ်လည်း မလုပ်ဖူးပါဘဲ နဲ့လေ။

အခန်း (၁၁)

အိပ်မက်လို့ပဲ... ထင်ပါတယ်။ ဒါဟာ အိပ်မက်ပဲ ဖြစ်ပါလိမ့် မယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီလောက်ခြောက်သွေ့ရှည်လျားနေတဲ့ မြက်ရိုင်းတောမျိုးကို ကျမ တသက်တာမှာ ဘယ်တုန်းကမှ မဖြတ်သန်း ဖူးဘူး။ အို... ဖြတ်သန်းဖူးဖို့ မပြောနဲ့ ဘဝတလျှောက် မြင်တောင် မမြင် ဖူးဘူး။ နေရောင်က ကျမခေါင်း တည့်တည့်မှာ ဖွေးလက်တောက်ပနေ လွန်းလို့ ကောင်းကင်ဆီကိုတောင် ကျမ မမျှော်ကြည့်နိုင်ဘူး။ ခါးကိုဆန့်၊ ခြေဖျားကို ထောက်ပြီး ရှေ့ကို မျှော်ကြည့်တယ်။ ဝါညိုသွေ့ခြောက်နေတဲ့ မြက်ရိုင်းပင်ရှည်တွေ ကြားက မြွေတကောင်လို ကွေ့ကောက်နေတဲ့ လမ်းကျဉ်းကလေးကလွဲလို့ ကျမ ဘာကိုမှ မမြင်ရဘူး။

ကျမမှာ ဆက်လုပ်စရာဆိုလို့ ဒီလမ်းကို ဆက်လျှောက်သွား ဖို့ပဲ ထင်ပါရဲ့။ ခြေလှမ်းကို ပြန်စဖို့ ပြင်လိုက်တယ်။ ကျမ တကိုယ်လုံး ချွေးတွေနဲ့ ရွှဲနင့်နေတယ်။ ဝတ်ထားတဲ့ ဂါဝန်လို အင်္ကျီအဖြူဟာ ကျမအသားမှာ ချွေးတွေနဲ့ စီးပြီး ကိုယ်မှာ ကပ်နေခဲ့တယ်။ ကျမ ခြေထောက် က ခြေညှပ်ဖိနပ်အပါးကြောင့် ခြေထောက်တွေလည်း ပွန်းပွဲ့လို့။ ကျမ ဘာလို့ဒီလောက် အဝေးကြီးကို Walking Shoes လေး ဘာလေး မစီးခဲ့ တာပါလိမ့်။

ကျမ နောက်ပြန်လှည့်ရမလား။ နောက်ကျောဘက်ကို လှည့်ပြန် လှည့်ကြည့်ပြန်တော့လည်း မြက်ခြောက်ရိုင်း လွင်ပြင်ကြီးက လွဲရင် ဘာမှ မရှိဘူး။ ဘုရားရေ... ကျမ ရောက်နေတာ ကမ္ဘာကြီးရဲ့ ဇဟိုချက်များလားကွယ်။ ဘာမှ မထူးမယ့်အတူတူတော့ ရှေ့ကို ဆက် လျှောက်ဖို့ပဲ ကျမ ရွေးချယ်လိုက်တယ်။ မြင်ကွင်းရှေ့က ကာနေတဲ့ မြက်ပင်ရိုင်းတွေကို တွန်း ဖယ်ပြီး ဆက်လျှောက်တယ်။ ဘယ်နေရာကို ကြည့်ကြည့် ဒီမြင်ကွင်းပဲမို့လို့ ကျမ ဘယ်လောက်ထိ ခရီးပေါက်လာ ပြီလဲ ဆိုတာကို လုံးဝမသိနိုင် ဘူး။ လျှောက်သာ လျှောက်နေခဲ့ရပေမယ့် ကျမ အဖြစ်က ကမ်းစပ်မှာ ကြိုးချည်ထားတဲ့ လှေကို လှော်နေခဲ့သလိုပဲ။

မျက်လုံးရှေ့မှာ လက်ချောင်းတွေကိုကာပြီး ထပ်မျှော်ကြည့် တော့ ခပ်လှမ်းလှမ်းမှာ အိမ်ကလေး တလုံး။ ဘယ်ဟာကိုပဲလုပ်လုပ် ပန်းတိုင်တခုခုတော့ ရှိကို ရှိရမယ် ဆိုတာကို ဒီအချိန်မှ နားလည်လာ တာကတော့ နည်းနည်းရယ်စရာ ကောင်းတယ်။ ကျမအတွက် လတ် တလောပန်းတိုင်ကို မြင်လာရလို့ ထင်တယ်။ ကျမ ခြေလှမ်းတွေ ပိုပြီး သွက်လာခဲ့တယ်။ အဲဒီအိမ်ကို ရောက်ရင်တော့ သေချာပေါက် ရေ တောင်းသောက်ရမယ်။ ကျမ ရေငတ်နေပြီ။

ရည်ရွယ်ရာကို တွေ့ပါပြီဆိုမှ ရောက်နိုင်ဖို့ကို ပိုပြီးတော့ တောင် အလှမ်းဝေးလွန်းနေခဲ့သလိုပဲ။ ခုထက်ထိ အိမ်ကလေးဆီကို ကျမ မရောက်နိုင်သေးဘူး။ ရေဆာတဲ့ ဒဏ်က ပိုပြီး ဆိုးရွားလာတယ်။

ကျမ လည်ချောင်းဟာ ခြောက်သွေ့ပူလောင်ပြီး သံပူချောင်းကြီးကို မျိုထားသလို စူးရှဆို့နင် ပူလောင်နေခဲ့တယ်။ နှုတ်ခမ်းတွေလည်း ခြောက်သွေ့အက်ကွဲလို့။ လျှာနဲ့သပ်တဲ့အခါ လျှာကပါ ခြောက်ကပ် တောင့်တင်းလို့။ အခု ရောက်နေတဲ့ နေရာမှာပဲ ကျမ ပစ်လှဲချပစ် လိုက်ချင်ပြီ။

"ကလေးရေ..." တဲ့။ ကိုကို့ ခေါ်သံလား...။ ကိုကိုရေ.. ကျမ ဒီမှာလို့

အော်ဟစ်လိုက်ချင်ပေမယ့် ကျမ နှုတ်ခမ်းတွေက အသံတစွန်း တစမှ ထွက်လို့မရအောင် မာကျော ခြောက်သွေ့နေခဲ့ပြီ။ ရေတပေါက် လောက်တော့ သောက်ရမှ ဖြစ်မယ်။ ဟင့်အင်း ဘယ်သူကပဲ လှမ်းခေါ် ခေါ်အခုအချိန်မှာ ကျမအတွက် အရေးကြီးတာက ရေတစက်လောက် မရရအောင် သောက်ရဖို့ပဲ။ "ကလေး...... ကလေးရေ" တဲ့...။ ကိုကို့ ခေါ်သံတွေက ပိုပြီး ပီပြင်လာတယ်။

ရုတ်တရက်ကြီး မြက်ရိုင်းလွင်ပြင်ဟာ ကျုံ့ဝင်သွားခဲ့သလိုပဲ။ အိမ်ကလေးရဲ့ တံခါးလက်ကိုင်ဟာ ကျမရဲ့ လက်တကမ်းမှာ။ အားကို စုစည်းပြီး တံခါးကို ပုတ်လိုက်တယ်။ တချက်၊ နှစ်ချက်၊ သုံးချက်.. "ကျေးဇူး ပြုပြီး တယောက်ယောက်မှ မရှိကြဘူးလားရှင် ..။ ကျမ စကားကို ဖြေမယ့်သူ မရှိဘူး။ တံခါးလက်ကိုင်ကွင်းကို လှမ်းဆွဲ လိုက်တယ်။

သစ်သားတံခါး တချပ်ဟာ ဒီလောက်လေးပင်တယ် တဲ့လား။ ကျမ လက်ထဲမှာ ရန်းကန် ပြီး တကျွီကျွီ တအီအီ ပါလာတယ်။

တံခါးပွင့်သွားတယ်။ အိမ်အတွင်းပိုင်းဟာ ဖြူဖွေးလင်း လက်ပြီး အရာအားလုံး သူ့နေရာနဲ့သူ စနစ်တကျ ရှိနေတယ်။ မြင်လိုက် တာနဲ့ သေချာပေါက် သပ်ရပ်ခွေးထွေးတဲ့ အိမ်ကလေးတလုံးမှန်း အရမ်းကို သိသာနေခဲ့တယ်။ စားပွဲပေါ်မှာ ကြည်လဲ့နေတဲ့ ရေဖန်ခွက် တခွက်၊ ကျမ အာခေါင်တွေ ချက်ချင်းပဲ စိုစွတ်လာသလို ခံစားရတယ်။ နောက်ဆုံး တော့ ကျမ ရောက်လာခဲ့ပြီပဲ။ အိမ်ထဲကို လှမ်းဝင်ဖို့ ကျမ ခြေလှမ်းကြွလိုက်တယ်။

"ကလေးလေး..." ခေါ်သံနဲ့အတူ ကိုကိုက ကျမ လက် ကောက်ဝတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်တယ်။ စူးရှတဲ့ နာကျင်မှုဟာ လက်ကောက်ဝတ်ကနေ တကိုယ်လုံးကို စီးဆင်း ပျံ့နှံ့ လာတယ်။ ဟင့်အင်း... ကျမ ပြန်မလိုက်ချင်ဘူး၊ ကိုကိုရေ.. ကျမ ရေ သောက်ပါရစေနော်။ ဒီနေရာလေးက ကျမအတွက် တကယ်ငြိမ်းချမ်း မယ့် နေရာလေးလို့လည်း ထင်လို့... ကျမ နေခဲ့ပါရစေလား.. ခဏ လောက်လေးဖြစ်ဖြစ် နေပါရစေလား။ ကိုကိုက ကျမ လက်ကောက် ဝတ်ကို ထပ်ပြီး ဖျစ်ညှစ်ပြီး ဆောင့်ဆွဲလိုက်တယ်။

ကျမ မြင်ကွင်းရှေ့ကနေ အိမ်ကလေးပျောက်သွားတယ်။ အခု မြင်ကွင်းအသစ်က ကျမ အိပ်ခန်းထဲက ကိုယ်လုံးပေါ် မှန်ရှေ့မှာ ခပ်ကြောင်ကြောင်ရပ်နေတဲ့ မိန်းမတယောက်။ ညအိပ်မီး မှိန်မှိန်က အခန်းထဲမှာ ဝါလဲ့နေတယ်။ ဇာခန်းဆီးကို ဖြတ်သန်းပြီးဝင်လာတဲ့ အပြင်က လမ်းမီးရောင်ကြောင့် မှန်ရှေ့မှာ ရပ်နေတဲ့ အမျိုးသမီးရဲ့ အရိပ်က ပိုပြီး ရှည်လျားယိမ်းထိုးနေတယ်။ ရှုပ်ထွေးပွယောင်းနေတဲ့ ဆံပင်တွေရယ်၊ ကြမ်းပြင်မှာ ဒယဉ့်တိုက်နေတဲ့ ကြိုးတချောင်းနဲ့ ညဝတ် ဂါဝန် အဖြူရယ်၊ ငေါ်ထွက်နေတဲ့ ပခုံးရိုးတွေရယ်နဲ့...၊ မှန်ရှေ့မှာ ရပ်နေ တဲ့ အမျိုးသမီးဟာ တစ္ဆေတကောင်အလားပဲ။

အခန်းထဲမှာ လေအေးပေးစက်လည်သံ ခပ်တိုးတိုးနဲ့အတူ အမျိုးသားတယောက်ရဲ့ အသက်ရှူသံ မှန်မှန်ကိုပါ ကြားနေရတယ်။

နောက်ဘက်ကနေ မြင်ရတဲ့ အမျိုးသမီးရဲ့ ကျောပြင်ဟာ တသိမ့်သိမ့် လှုပ်လို့...၊ သူ ငိုနေတာများလား။ "ကလေးရေ......" ဆိုတဲ့ အိပ်ချင်မူးတူး ခေါ်သံနဲ့အတူ အိပ်ပျော်နေတဲ့ အမျိုးသားရဲ့ အရိပ်က လှုပ်လာတယ်။ အမျိုးသမီးရဲ့ ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်လှုပ်သွားတယ်။"လာခဲ့မယ် ကိုကို ပြန်ပြောလိုက်တဲ့ အမျိုးသမီးရဲ့

လေသံဟာ ရှင်ပျနေသယောင် ဟန်ဆောင်ထားပေမယ့် သူ့ဆီကနေ တုန်ခါနေတဲ့ လှိုင်းတွေကို ကျမ ခံစားမိနေတယ်။ အမျိုးသားက အင်း ဆိုတဲ့ အသံကို အိပ်ချင်မူးတူးပြုပြီး အသက်ရှူသံမှန်မှန် ပြန်ဖြစ်သွားတယ်။

အမျိုးသမီးက မှန်ဘက်ကို ပြန်လှည့်လိုက်တယ်။ ဆုံးဖြတ် ချက် တခုကို သေသေချာချာ ချလိုက်သလို အသက်ရှူသွင်းသံနဲ့အတူ သူ့ကျောပြင်တွေ မတ်ခနဲ။ သူ့ညာဘက်လက်ကို မြှောက်တယ်။ မီးရောင် မှိန်မှိန်အောက်မှာ သူ့လက်ထဲက တစုံဟာ လက်ခနဲ ... အမျိုး သမီးဟာ သူ့လက်ထဲက ဓားရဲ့ဓားသွားကို သေသေချာချာ စိုက်ကြည့် နေရင်း ဘယ်ဘက် လောက်ကောက်ဝတ်ပေါ်ကို ဓားသွားတင် လိုက်တယ်။

နာကျင်မှုကြောင့် သူ့ကိုယ်လုံး တဆတ်ဆတ် တုန်လာတယ်။ လက်ထဲက ဓားကလွတ်ကျပြီး ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားတယ်။ အမျိုးသမီးဟာ သူ့ လက်ကောက်ဝတ်ကို သူပြန်ဆုပ်ကိုင်ရင်း ကြမ်းပြင် ပေါ်ကို ပြိုလဲကျသွားတယ်။ ဂါဝန်အဖြူရောင်ရဲ့ ရှေ့ပိုင်းတခုလုံးဟာ သွေးရောင်တွေ စိုရွှဲပြန့်ကားလာလို့ တဖြည်းဖြည်းနဲ့ အနီရောင်ကို ပြောင်းလာတယ်။ အမျိုးသမီးဟာ သူ့ရဲ့သွေးတွေကို အေးစက်နေတဲ့ မျက်လုံးတွေနဲ့ စိုက်ငေးကြည့်နေခဲ့တယ်။ ကျောပေးထားရာကနေ ကျမဘက်ကို မျက်နှာလှည့်မိချိန်မှာ တွေ့လိုက်ရတာက ကြမ်းပြင်ပေါ်က သွေးအိုင်ထဲမှာ လဲကျနေခဲ့သူရဲ့ မျက်နှာဟာ ကျမ မျက်နှာ...၊ ကျမ ကိုယ်တိုင်လည်း အမျိုးသမီးနဲ့အတူ လဲကျသွားခဲ့တယ်။

မြင်ကွင်းတွေ တဖျပ်ဖျပ် ပြောင်းနေတယ်၊ လည်နေတဲ့ မီးအနီ တွေ၊ ထရော်လီဘီးရွေ့သံတွေ...၊ အသံတွေ.. ကျမပတ်လည်မှာ အရာအားလုံး ရွေ့နေသလိုပဲ။ ကျမ မျက်လုံးတွေကို ဖွင့်လိုက်တယ်၊ စူးရှတဲ့ အဖြူရောင်၊ ကျမ နေပူထဲမှာ ရပ်နေတုန်းပဲလား။ အာခေါင်တွေ နာကျင်ခြောက်သွေ့နေတာကို သတိထားမိသွားပြန်တယ်...။

“ကျမ ရေဆာလိုက်တာ.. ရေသောက်လို့ ရမလားဟင်... ရေ ကျမနှုတ်ခမ်းပေါ်ကို ရေစက်ကလေးတွေ ကျလာတယ်။ အငမ်းမရ သောက်ယူရင်း ကျမ ခေါင်းတွေ တဖြည်းဖြည်း ကြည်လင် လာတယ်။ မျက်စိတွေကို ခပ်ဖွေးဖွေး ဖွင့်ကြည့်လိုက်တော့ စူးရှနေတဲ့ အဖြူရောင်အလင်းဟာ LED မီးချောင်းတွေဆီက လာတယ်ဆိုတာ သိလိုက်ရတယ်။ မျက်တောင်တွေကို ပုတ်ခတ်ရင်း မြင်ကွင်းက ပိုပြီး ကြည်လင်လာတယ်။ ဒါ ကျမ အိပ်ခန်း မဟုတ်ဘူး။

“သတိရပြီလား..ကလေးတဲ့၊ ကျမရဲ့ ညာဘက် အသံလာရာ ကို ကြည့်တော့ စိုးရိမ်နေတဲ့ မျက်ဝန်းတွေနဲ့ ကိုကို၊ အဲဒီအပြင် နောက်ထပ် စိုးရိမ်နေတဲ့ မျက်ဝန်းတွေနဲ့ ကိုကို့နောက်မှာ ရပ်နေခဲ့ တာက မောင်မောင်။ ကျမ မျက်တောင်တွေကို ခတ်ပြီး ကိုကို့ အမေးကို တုံ့ပြန် လိုက်တယ်။ နှစ်ယောက်စလုံး ပြုံးတူနီးပါး သက်ပြင်းချလိုက်တာကို တွေ့ရတယ်။ ကိုကိုက မောင်မောင့်ကို ဆရာဝန် ဆီကို အကြောင်းကြားဖို့ လွှတ်လိုက်တယ်။ မောင်မောင် အခန်းထဲက ထွက်သွားတယ်။

ကိုကိုက ထလာပြီး ခုတင်ပေါ်ကနေ မိုးရပ်ပြီး ကျမကို စိုက်ကြည့်နေတယ်။ ကိုကို့မျက်လုံးတွေထဲမှာ ကျမ တခါမှ မတွေ့ဖူးတဲ့ အရိပ်တွေ... တငွေ့ငွေ့ လောင်မြိုက်နေတဲ့ အမည်မဖော်တတ်တဲ့ အရိပ် တွေ။ ကိုကို့လက်က စောင်အောက်ကို တိုးဝင်လာပြီး ကျမရဲ့ မိန်းမ ကိုယ်ရှိရာကို စမ်းသပ်အုပ်ကိုင်လိုက်တယ်။ အဝတ်ပေါ်ကနေပဲ အတွင်း သားတွေထဲကို

လက်ချောင်းတွေကို ခပ်ကြမ်းကြမ်း ထိုးထည့်လိုက်ပြီး ကျမ မျက်နှာဆီကို သူ့မျက်နှာနဲ့ ထိလုမတတ် အုပ်မိုးငုံ့ကိုင်းစိုက် ကြည့်လာတယ်။ ကိုကို.. ဘာလုပ်မလို့လဲ။

"ကလေးလေး.. မင်းဒီဟာကို ကြိုက်သလို သရမ်းလို့ရတယ်။ မင်းပိုင်တယ်၊ အေး မင်းအသက်နဲ့ မင်းဘဝကိုတော့ ကိုကို ပိုင်တယ်။ ငါက သေဆိုမှ မင်းသေရမယ် ကြားလား" လို့ အံကြိတ်သံနဲ့ ပြောတယ်။ ကျမ မိန်းမကိုယ်ကိုလည်း နာကျင်မှုကို ခံစားရလောက်အောင် ဖိညှစ်ပြီး ဆုပ်ကိုင်လိုက်တယ်။ ပြီးမှ နာကျင်မှုကြောင့် ပွင့်လာတဲ့ ကျမ နှုတ်ခမ်း တွေပေါ်ကို ခပ်ဖွဖွဖိနမ်းပြီး ခုံမှာ ပြန်ထိုင်လိုက်တယ်။ အဲဒီနောက် မောင်နဲ့အတူ ဆရာဝန်နဲ့ နာ့စ်တွေ ဝင်လာတယ်။

ကျမ သိပြီ။ ကျမ တကယ့်ကို သေလုမတတ် နာကျင်ခံစား နေရတာဟာ ကျမ လက်ကောက်ဝတ် ဆီကလည်း မဟုတ်ဘူး။ ကိုကို ဖိညှစ်သွားတဲ့ မိန်းမကိုယ်ဆီကလည်း မဟုတ်ဘူး။ နာကျင်မှုတွေဟာ ကျမ နှလုံးသားဆီကနေ သွေးတွေလိုမျိုး တစက်ချင်း တပေါက်ပေါက် နဲ့ကို စိမ့်ယိုစီးကျနေခဲ့တာ...။

အခန်း (၁၂)

နောက်ဆုံးအကြိမ်အဖြစ်နဲ့ အိပ်ခန်းကို ဝှေ့ကြည့်လိုက်တယ်။ ကျမ ယူစရာဘာမှမကျန်တော့ဘူး ဆိုတာ သေချာဖို့။ ကွာရှင်းစာချုပ် ထည့်ထားတဲ့ဖိုင်ကို အိပ်ရာပေါ်ကို တင်လိုက်တယ်။ ကျမရဲ့ ကိုယ်ပိုင် ပိုက်ဆံရယ်၊ ကားရယ်ကလွဲရင် ကျမတို့ရဲ့ ပိုင်ဆိုင်မှုအားလုံးကို ကျမက စွန့်လွှတ်တဲ့ အကြောင်း စာတစောင်သက်သက်ရေးထားတဲ့ စာအိတ်ကိုပါ ဖိုင်တွဲပေါ် တင်လိုက်တယ်။

ကျမရဲ့ အဝတ်အစား၊ အသုံးအဆောင်တွေ၊ စာအုပ်တွေကို ထည့်ထားတဲ့ ပုံးတွေကိုတော့ ကျမရဲ့ သူငယ်ချင်းလိပ်စာဆီကို ပို့ဖို့ Delivery company ကို ဖုန်းဆက်ပြီးပြီ။ ဒီအိမ်ကလေးကို ကျမခြေ၊ ကျမ လက်နဲ့ ကျမ စိတ်တိုင်းကျ အလှဆင်ထားခဲ့ပေမယ့် အခုတော့ တကယ်ပဲ ထားခဲ့ရပြီပဲ။ ဒီအိမ်ကလေးမှ မဟုတ်ပါဘူး။ ကိုကို့ကိုရော ပဲပေါ့။

မောင် တို့သွားကြစို့လေလို့ ကျမရဲ့ အဝတ်အစားသေတ္တာကို သယ်ယူထားတဲ့ မောင်မောင်က အခန်းတံခါးဝကနေ လှမ်းပြောတယ်။ မောင်မောင့်ကို လှမ်းပြုံးပြပြီး နောက်ကနေ ဆင်းလိုက်သွားခဲ့တယ်။ ကားပေါ်ကို ရောက်တော့ မောင်မောင်က ထုံးစံအတိုင်း ကျမကို ခါးပတ် ဆွဲပတ်ပေးရင်း နဖူးကို ဖွဖွနမ်းတယ်။

မောင်မောင့်အနမ်း ဖွဖွက ကျမ ဆုံးဖြတ်ချက်တွေကို ယိမ်းယိုင်ပြိုလဲစေချင်လောက်အောင် နွေးထွေးနူးညံ့နေတယ်။ မျက်လုံးတောက် တောက်တွေနဲ့ ပြုံးမြမြမျက်နှာထားနဲ့ ကားကို မောင်းနေတဲ့ မောင်မောင့်ကို ငေးရင်း ကျမ ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာတယ်။

"မောင့်ကိစ္စတွေ ဖြေရှင်းဖို့က သိပ်မကြာဘူး သိလား၊ မောင် အမြန်ဆုံး လိုက်လာခဲ့မယ်နော်" လို့ ကျမကို ငဲ့ကြည့်ပြီး ပြောပြနေတဲ့ မောင်မောင့်ကို ကျမ အကြာကြီး စိုက်ငေးနေမိတယ်။ ကျမကိုကိုနဲ့ အတူမနေတော့ဖို့ ရွေးချယ်လိုက်တာဟာ မောင်မောင်နဲ့ အတူနေပဲ့ မယ်ဆိုတဲ့ ဆုံးဖြတ်ချက်လည်း မဟုတ်ဘူး ဆိုတာကို ကျမ မပြောပြ ချင်သေးဘူး၊ မပြောပြနိုင်သေးဘူး။ ကျမဟာ ကိုကို ပြောဖူးသလို ပြဿနာကို မျက်နှာချင်းမဆိုင်ဝံ့တဲ့ ခပ်ညံ့ညံ့မိန်းမ ဖြစ်လို့နေဆဲပါပဲ။

"မောင်တို့ တောင်ငူဝင်ဦးမလားလို့ မောင်မောင်က ကျမကို မေးတယ်။ တောင်ငူဆိုတာ ကျမနဲ့ မောင်မောင့်အတွက် အမှတ်တရ တွေ အရမ်းမှ ရမ်းများခဲ့တဲ့ မြို့ကလေးမို့လို့ ကျမရော မောင်မောင်ပါ အရမ်းကို သဘောကျခဲ့ဖူးကြတယ်။ ကျမ မောင်မောင့်ကို နောက်ဆုံးနှုတ်ဆက်တဲ့ အနေနဲ့ အလိုလိုက်ရမလား၊ ဒါမှမဟုတ် ကျမ သွားမယ့်နေရာကိုပဲ အရောက်သွားရမလား။ ကျမဟာ အခုထက်ထိ အရာရာကို ဒွိဟတွေနဲ့ တွေဝေတတ်တုန်း။

ကျမ တောင်ငူကိုဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျမ မောင်မောင့် ကို ပျော်ရွှင်စေချင်တယ်။ ပြီးတော့ မောင်မောင်နဲ့ ကျမရဲ့ လမ်းခွဲကာနီး ကာလအပိုင်းအခြားလေးဟာ ပျော်ရွှင်စရာတွေနဲ့ ရှိနေခဲ့တဲ့ကာလ ဆိုတာလေးကို ကျမ တဘဝလုံး အမှတ်တရအနေနဲ့ သိမ်းဆည်းသွား ချင်တယ်။ မောင်မောင်က တောင်ငူရဲ့ ကျမ အချစ်ဆုံးနေရာဖြစ်တဲ့ ပသိချောင်းဆီကို ဦးတည်လိုက်တယ်။

အေးမြပြီး တဝေါဝေါ စီးဆင်းနေတဲ့ ရေကြည်ကြည်နဲ့ ကျောက်တုံးတွေက ကျမရဲ့ စိတ်တွေကို ပြန်ပြီးကြည်လင်လာစေတယ်။ ကျမ ဆုံးဖြတ်ခဲ့တာကို မှန်သလား၊ မှားနေလားလို့ ဆုံးဖြတ်ထားတာ တွေကို လုပ်နေတဲ့ အခုကာလအထိကို တွေဝေနေတုန်း စိတ်တွေကို ပသိချောင်းရေက ဆေးကြောပေးလိုက်သလိုပါပဲ။ ကျမလည်း ကိုယ့် ပျော်ရွှင်မှု၊ လွတ်လပ်မှုတွေကို ရှာဖွေခွင့် ရှိတာပဲ မဟုတ်ဘူးလား။

ပသိချောင်းရေထဲမှာ မောင်မောင်နဲ့အတူ ဆော့နေကျ အတိုင်း ကျောက်တုံးရဲတိုက်တွေကို ဆင့်ပြီးထပ်တယ်။ အတူတူ အကျယ်ကြီး အော်ရယ်တယ်။ ကရင်ကလေးလေးတွေ လာရောင်းတဲ့ ဝါးဆစ်ဘူးနဲ့ ခေါင်ရည်ဝယ်သောက်တယ်။ ဘာကိုမှ မသိဘဲ ကလေး တယောက်လို ပျော်နေတဲ့ မောင်မောင့်မျက်နှာလေးကို တစိမ့်စိမ့် ငေးတယ်။ ကျမ တသက်လုံး သိမ်းဆည်းသွားတော့မယ့် မှတ်တမ်း ရုပ်ရှင် တခုလိုမျိုး။

မောင်မောင်က ကျမဟာ ကိုကို့ကို စွန့်ခွာပြီး သူ့လက်ကိုတွဲဖို့ ဆုံးဖြတ်လိုက်တယ်လို့ ထင်နေခဲ့တယ်။ သူ့ကိစ္စတွေ ရှင်းလို့ မပြီးခင် ကာလတခုအထိ မန္တလေးက ကျမ သူငယ်ချင်းဆီမှာ ခဏလောက် သွားနေလိမ့်မယ်၊ ပြီးရင် သူ ပြန်လာခေါ်ရမယ်လို့ ထင်နေခဲ့တယ်။ ကျမနဲ့ သူရဲ့ အနာဂတ်အကြောင်းတွေကို တတွတ်တွတ်ပြောရင်း ပျော်ရွှင် တက်ကြွနေခဲ့တယ်။

မောင်မောင့်စကားတွေကို နားထောင်ရင်း ကျမ မွန်းကျပ် လာတယ်။ ကျမဟာ သူထင်သလို သူ့လက်ကို တွဲမှာ မဟုတ်တဲ့ အကြောင်း၊ အခု သွားနေတဲ့ မန္တလေးဆိုတာ နောက်ထပ်ခရီးတခုကို မဆက်ခင် မောင်မောင် ထားသွားနိုင်ဖို့ ကြားနေရာလေးတခုပဲ ဆိုတဲ့အကြောင်း၊ ကျမ ဘယ်သူနဲ့မှ မတွေ့နိုင်မယ့် နေရာတခုဆီကိုပဲ ထွက်သွားဖို့ သွားနေတာ ဆိုတဲ့ အကြောင်းတွေကို ကျမ မောင်မောင့် ကို ပြောပြပစ်လိုက်ချင်နေပြီ။ ကျမ ဘာလို့များ အဝေးပြေးကားကို မသုံးဘဲ မောင်မောင်နဲ့ နောက်ဆုံးအတူရှိမယ့် အချိန်ကို အပျော် ခရီးတခုကို သွားနေသလိုမျိုး သွားကြဖို့ စိတ်ကူးခဲ့မိမှန်း မသိဘူး။ လမ်းခွဲချိန်ကိုတောင် အပျော်တွေနဲ့ အဆုံးသတ်ချင်နေတဲ့ ကျမရဲ့ အတ္တ ဟာ တကယ့်ကို ဆိုးဝါးလွန်းနေခဲ့တယ်။ ကျမ အတွက် ပျော်ရွှင်နေတဲ့ လူတယောက်ရဲ့ ပုံရိပ်တွေကို မှတ်ဉာဏ်အဖြစ် သိမ်းဆည်းချင်ရုံ သက်သက်နဲ့ ပျော်စရာအချိန်တွေကို အတူရှိဖူးတဲ့ လူတယောက်နဲ့ နောက်ဆုံးအချိန်ထိ ပျော်ရွှင်ချင်နေသေးတဲ့ ကျမရဲ့ တကိုယ်ကောင်း ဆန်မှုတွေကို မောင်မောင် သိစေချင်မိတယ်။

“မောင်တို့ လမ်းဟောင်းကပဲ သွားမယ်နော်” လို့ မောင်မောင် က ပြောတော့ ကျမ ခေါင်းညိတ် ပြလိုက်တယ်။ သစ်ရိပ်ဝါးရိပ် မရှိတဲ့ အမြန်လမ်းထက် လမ်းဟောင်းကိုပဲ ကျမ သဘောကျတဲ့အကြောင်း ပြောဖူးတာတွေကို မောင်မောင် မှတ်မိနေတယ်။ “ဆံပင်တွေကို ရေသေချာသုတ်ဦး” လို့ မောင်မောင်က ကျမကို လှည့်ကြည့်ရင်းပြောတယ်။ ပသိချောင်း ရေထဲ ခေါင်းပါနှစ်လာတဲ့ ကျမကို ဖျားမှာ စိုးရိမ်နေတဲ့ပုံ။ မောင်မောင့်ကို စွန့်ခွာကာနီးလေလေ လက်လွှတ်ဖို့ ခက်ခဲ့နေလေ ဖြစ်နေတဲ့အတွက် ကျမကိုယ် ကျမ မုန်းတယ်။ ကျမဟာ မောင်မောင့်ကို မချစ်ခဲ့ဖူးတာရော သေချာရဲ့လား။ ဒါမှမဟုတ် ဒီခံစား မှုဟာ အနေကြာတဲ့ လူနှစ်ယောက်ကြားက သံယောဇဉ်တခု သက်သက် ပဲလား။ တင်းကျပ်နေတဲ့ စိတ်ခံစားမှုကို လျှော့ချပစ်ဖို့ ဖုန်းကိုဖွင့်ပြီး ကားက ကတ်ဆတ်နဲ့ ချိတ်လိုက်တယ်။

ပုံပြင်လေးတပုဒ် ဆင်စွယ်လက်အစုံ ငါဟာ လွတ်ချတတ်ဖို့ တဖွဖွ ပြောခဲ့ဖူး

...

မယ်ရီနဲ့ ကျားပေါက်ပေါက်ရဲ့ Accident သီချင်းက ကားထဲမှာ မတိုးမကျယ် ပျံ့လွင့်နေတယ်။ ကားက လယ်ကွင်းတွေကို ဖြတ်သွားနေ တုန်းမှာ ကောင်းကင်ဆီမှာ နေက ဝင်တော့မယ်။ ပုစွန်ဆီရောင် တောက်ပနေတဲ့ ဆည်းဆာအလင်းက တိမ်တချို့ရဲ့ အနားစွန်းမှာ စွန်းပေလို့။ repeat နဲ့ ဖွင့်ထားတဲ့ သီချင်းကို အသံတိုးလိုက်တယ်။ မောင်မောင့်ကို ဖွင့်ပြောဖို့ ကျမ အချိန်မစောင့်ချင်တော့ဘူး...။

လူတွေဟာ နာကျင်မှုတွေကို အသေးစိတ် မှတ်မိတတ် သလား။ ကျမ မောင်မောင့်မျက်နှာပေါ်က အပြောင်းအလဲတွေကို အသေးစိတ်ကျကျ တခုချင်း မှတ်မိနေခဲ့တယ်။ မျက်ခုံးတွေ တွန့်ချိုး သွားပုံကအစ၊ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ရစ်ဝဲလာပုံအလယ်၊ ကျမကို နာကျင် ရှုရှာသွားတဲ့ အကြည့်တွေ အဆုံး ... အသေးစိတ် တခုချင်းကို ကျမ မြင်နေရတယ်။ မောင်မောင်ဟာ ကားစတီယာရင်ကို ကိုင်ပြီး အချိန် အကြာကြီး ငြိမ်သက်နေခဲ့တယ်။ အပြင်က ကောင်းကင်မှာ မှောင်သွားပြီမို့လို့ အမှောင်ရိပ်က ကြီးစိုးလာတယ်။ ကျမ ရင်ထဲမှာ ပြောလိုက်ရတဲ့ အတွက် ရှင်းလင်းပေါ့ပါးသွားတဲ့ ခံစားချက်ကို မရနေဘူး။ ဖြစ်နေကျ အတိုင်း ကျမ မကြိုက်တဲ့ အေးစက်ထုံပေနေတဲ့ ခံစားချက်ကြီးကပဲ နေရာယူလာတယ်။ ကျမတို့ လက်ရှိဖြစ်နေတဲ့ အဖြစ်အပျက်ကြီးက ကျမနဲ့ ဘာမှမသက်ဆိုင်သလိုမျိုး လမ်းဘေးမှာ ချရပ်ထားတဲ့ ကျမတို့ ကားဘေးကနေ ကျော်ဖြတ်သွားတဲ့ ကုန်တင်ကားကြီးတွေရဲ့ နံပါတ်ပြားက ဂဏန်းတွေကို စိတ်မှတ်မဲ့ လိုက်ပေါင်း နေမိတယ်။

အချိန်အကြာကြီး ငြိမ်သက်နေခဲ့တဲ့ မောင်မောင့်ဆီကနေ စကားသံ ထွက်လာတယ်။ "ခင်ဗျားဟာ တော်တော် တကိုယ်ကောင်း ဆန်တဲ့ မိန်းမပဲတဲ့။ မောင်မောင့်မျက်လုံးထောင့်က စီးကျပြီးသား မျက်ရည်စီးကြောင်းကို ငေးကြည့်နေမိတာက လွဲရင် ကျမမှာ ပြန်ပြော စရာ ဘာစကားလုံးမှ မရှိဘူး။

"အခု မင်းက ငါ့ကိုပစ်ပြီး မန္တလေးက အဲဒီကောင်ဆီကို အပြီး သွားတော့မယ် ဟုတ်လား၊ ငါ ပြောပြီးသားနော် ... မင်းကို ငါမဟုတ်ရင် ကို...နဲ့ပဲ လက်ခံနိုင်မယ်၊ တခြားကောင်တွေနဲ့ ပတ်သက်ရင် ငါ လိုက် သတ်မှာ ဆိုတဲ့အကြောင်း၊ ငါ လုံးဝလိုက်မပို့နိုင်ဘူး။ မင်းဆီမှာ ငါ့ကို ထားခဲ့ပြီး ထွက်သွားခွင့် မရှိဘူး... သိလား" လို့ မောင်မောင်က ကျမ ပခုံးတွေကို ယမ်းခါလှုပ်ကိုင်ပြီး အော်တယ်။

"ငါ့ကို လာပတ်သက်တာ လည်း မင်းပဲ ...၊ အခု ထွက်သွား မယ် ဆိုတော့လည်း မင်းပဲ၊ ငါ့ဘဝကြီးကို ဘာဖြစ်စေချင်တာလဲ" လို့ မောင်မောင်က ကားအမိုးက နေကာအပြားကို လက်သီးနဲ့ တဒုန်းဒုန်း ထိုးရင်း ပြောတယ်။ မောင်မောင့် လက်ခုံက လက်ခလယ်အရိုးခုံးမှာ ပွန်းပဲ့ပြီး သွေးစို့လာတာကို မြင်ရတယ်။

ကျမ အပါအဝင် လူတွေဟာ ချစ်တယ် ဆိုတာကြီးကို အတ္တနဲ့ တွဲချည်ထားခဲ့ကြတာပဲ။ ကျမတို့ ပျော်ရွှင်ဖို့ တစုံတယောက်ကို ချစ်ကြ တယ်၊ အတူရှိကြတယ်၊ ကျမတို့ ပျော်ရွှင်ဖို့ပဲ စွန့်ခွာကြပြန်တယ်။ စွန့်ခွာ ချင်တဲ့ အတ္တသမားနဲ့ အတူရှိချင်တဲ့ အတ္တသမားတို့ ချိန်သားမကိုက်တဲ့ အခါ ကျမတို့ ပဋိပက္ခတွေ ဖြစ်ကြတော့တာပဲ မဟုတ်လား။

ခုထက်ထိ မျက်ရည်တစက်မှ မကျ၊ မျက်နှာတချက်လည်း မပျက်ဘဲ သူ့ကို ငေးကြည့်နေတဲ့ ကျမကို မောင်မောင်က နာနာ ကျင်ကျင် စိုက်ကြည့် တယ်။ ပြီးတော့ မောင်မောင်က ကားကို စက်နှိုးပြီး ပြန်ကွေ့ဖို့ လုပ်တယ်။ "ကားကို ရပ်လိုက်" ဆိုတဲ့

ကျမရဲ့ စကားကို မောင်မောင်က နားမထောင်ဘူး။ ညဘက် ရောက်လာပြီမို့ ကုန်တင်ကားတွေ အသွားအလာများတဲ့ လမ်းပေါ်မှာ မောင်မောင်ဟာ ကားကို အမြန်နှုန်းမောင်းနေတယ်။

"ကားကို ရပ်လိုက်လို့ ငါ ပြောနေတယ် မဟုတ်ဘူးလား ..." ကျမရဲ့ စကားကို မောင်မောင်က လုံးဝမကြားသလိုမျိုး၊ ကျမ ဟာ သူ့ဘေးမှာ လုံးဝပါမလာခဲ့သူလိုမျိုး ကျမကို ဥပေက္ခာပြုရင်း ကား ကို အရှိန်ပိုတင်လိုက်တယ်။ ရှေ့က သွားနေတဲ့ ကားတွေကို တစီးပြီး တစီး ကျော်တက်ရင်း သူ့ဆီကနေ ကျမ လွတ်မြောက်မသွားအောင် အကြီးအကျယ် ကြိုးစားနေခဲ့တယ်။

"ငါ ပြန်မလိုက်ဘူးနော် မောင်မောင်၊ ငါ လုံးဝပြန်မလိုက်နိုင် ဘူး၊ ကားကို အခုရပ်ပေး..." ကျမ ရင်ထဲက ရုန်းကြွနေတဲ့ ဒေါသတွေကို ထိန်းရင်း မောင်မောင့်ကို ထပ်ပြောတယ်။ တောင်းဖူးပြုပြီး ရပ်လိုက်စမ်းပါ မောင်ရယ်၊ ဒါပေမယ့် မောင်မောင်က ကားကို မရပ်ဘူး။ "မင်းဆီမှာ မင်း ထွက်သွားချင်တိုင်း ထွက်သွားဖို့ ဆုံးဖြတ်ခွင့် မရှိဘူး မောင်မောင့်ဆီက ထွက်လာတဲ့ စကားသံဟာ ကျမအတွက် လောင်စာလိုပဲ။ ကျမက ကျမ ဘဝကို ဘာလို့ ဆုံးဖြတ်ခွင့် မရှိရမှာလဲ။

မောင်မောင်ဟာ ကားကို လမ်းဟောင်းကနေ အမြန်လမ်းပေါ် ကို ကွေ့ချလိုက်တယ်။ စိတ်ရိုင်းတွေဟာ တရှိန်ရှိန်နဲ့ ကျမခန္ဓာကိုယ်ကို မီးလို လောင်မြိုက်လာတယ်။ အမြန်လမ်းပေါ် ရောက်လာပြီမို့ မောင် မောင်က လီဗာကိုပိုပြီး ဖိနင်းလိုက်တယ်။

ကျမ ဘာတွေ လုပ်လိုက်တယ် ဆိုတာကို ကျမ အသေးစိတ် တခုချင်းကအစ သိနေတယ်။ မောင်မောင့်လက်ထဲက စတီယာရင်ကို ရုန်းသွင်းနေသလို ဆွဲလုထားတာကနေ ကျမ မလွတ်ဘူး။ ကျမ မပျော်ရွှင် တဲ့ ဘဝကိုတော့ ကျမ ဘယ်နည်းနဲ့မှ ပြန်မသွားနိုင်ဘူး။ ကျမအတွက် ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ အဆန်းမှ မဟုတ်တော့တာ။

ကျမတို့ကားက လမ်းလယ်ကျွန်းကို ကျော်ပြီး တဖက်လမ်း ကြောပေါ် ဆောင့်ကျသွားတယ်။ မောင်မောင့်မျက်လုံးတွေထဲမှာ ထိတ်လန့်နေတဲ့ အရိပ်တွေက အပြည့်။ အဝေးပြေးကားကြီးဟာ ကျမ တို့ ကားကို ပွတ်ကာသီကာ ရှောင်မိသွားပေမယ့် နောက်က ကပ်ပါလာ တဲ့ Light Truck ကတော့ ကျမတို့ ကားကို မျက်နှာချင်းဆိုင် ဝင်တိုက်မိတယ်။ တိုးဝင်လာတဲ့ Light Truck ကားခေါင်းရဲ့ နံပါတ်ပြားက ဂဏန်း တွေကို ကျမ ငေးစိုက်ကြည့်နေမိတယ်။

ကျမ သတိလစ် မသွားခင် ကြားနေရတာက ဖွင့်ထားဆဲ ကားကတ်ဆက်က သီချင်းသံ ...

"မင်းအချစ်က မင်းကို အခုပဲ မြေမြှုပ်ပစ်တော့မလို၊ ဒါမှ မဟုတ် ငါ့ကိုယ်ငါပဲ သတ်ပစ်လိုက်ရမလို ..." တဲ့။

နံရံတွေမှာ မျက်လုံးတွေရှိလား။ ကျမ ထွက်ပြေးလွတ်မြောက်မသွားဖို့အတွက် နံရံတွေဟာ သူတို့ရဲ့ ထူထဲပြောင်ချောနေတဲ့ မျက်လုံး တွေနဲ့ ကျမကို စိုက်ကြည့် ထိန်းချုပ်ထားကြတာလား။

✤

နေရောင်က ဆေးရုံခန်းရဲ့ ဘေးက ရေပြင်ပေါ်ကို ကျနေလို့ အခန်းတွင်းက မျက်နှာကျက်မှာ ရွှေရောင် ရေအရိပ်ကွက်ကလေး ပေါ်နေတယ်။ ရေပြင်ပေါ်ကို ရေစက်တစက် ပြုတ်ကျလာတိုင်း ရွှေရောင် အကွင်းအဝိုင်းတွေက ညီညာတဲ့ လှိုင်းတွန့်လေးတွေအဖြစ် အဖက်ဖက်ကို ပြန့်ကားလှုပ်ရှားသွားကြတယ်။

"အဲဒါ တကယ်ပဲလား"...

မေးလိုက်တဲ့ အမျိုးသမီးရဲ့ အသံက ရှိသမျှ အားအင်အကုန် လုံးစုစည်းသုံးစွဲလိုက်ရသလိုမျိုး။ အဖျားခတ်ပြီး တုန်ခါတိုးတိတ်နေ တယ်။ ခုတင်ဘေးမှာ ရပ်နေတဲ့ အမျိုးသားက ဘာမှမပြောတော့ဘဲ လက်ထဲက ဖိုင်တွဲကို ဖွင့်လှန်ပြီး အမျိုးသမီးရဲ့ ပေါင်ပေါ်ကို တင်ပေး လိုက်တယ်။

အမျိုးသမီးရဲ့ ညာဘက်လက်ချောင်း တခုလုံးဟာ ပတ်တီး အထပ်ထပ် စည်းနှောင်ထားတာမို့ အမျိုးသမီးဟာ ဘယ်ဘက်လက်နဲ့ ဖိုင်တွဲထဲက အသုဘဖိတ်စာကလေးကို တို့ထိကြည့်တယ်။ အမျိုးသမီးရဲ့ မျက်တောင်ဖျားက မျက်ရည်စက်ဟာ လိမ့်ဆင်းပြီး အသုဘဖိတ်စာ စာရွက်ကလေးပေါ်ကို ပေါက်ခနဲ ပြုတ်ကျသွားတယ်။

"မယုံဘူး"...

အမျိုးသမီးရဲ့ အသံက တိုးဖွညင်သာပေမယ့် ပြတ်သားခိုင်မာနေတယ်။

"ဘာပြောလိုက်တယ်..."

"မယုံဘူး... မောင်မောင် ဒီလိုသေသွားပြီ ဆိုတာကို ကျမ မယုံဘူး၊ မယုံနိုင်ဘူး..."

အမျိုးသမီးက မျက်ရည်ရစ်ဝိုင်းနေတဲ့ မျက်လုံးတွေနဲ့၊ မယုံကြည်နိုင်ဘူးဆိုတဲ့ အကြည့်တွေနဲ့ အမျိုးသားကို မော့ကြည့်တယ်။ အမျိုး သားက အမျိုးသမီးရဲ့ ပခုံးကို ညင်ညင်သာသာ ဆုပ်ကိုင်ရင်း ပွေ့ဖက် လိုက်တယ်။ အမျိုးသမီးကတော့ ရုန်းကန်ချင်ဟန် ရှိပေမယ့် အမျိုး သားရဲ့ လက်က ရုန်းထွက်နိုင်တဲ့အင်အား ရှိပုံမပေါ်ဘူး။ အမျိုးသားက အမျိုးသမီးရဲ့ ပါးပြင်ဆီကို မျက်နှာကို တိုးကပ်လိုက်တယ်။

"ချစ်ပနချုတဲ့ ဗွီဒီယိုဖိုင်ကို မင်း ကြည့်ချင်သေးလား"... "ဒီကိစ္စမှာ မင်းပယောဂကြောင့် သူသေခဲ့ရတယ် ဆိုတာကို မပေါ်ဖို့ ငါ ဘယ်လို ဖုံးဖိခဲ့ရလဲ။ မင်း ဆေးရုံကို လက်ထိပ်တန်းလန်းနဲ့ တက်မနေဖို့ ငါ ဘာတွေ လုပ်ခဲ့ရတယ်ဆိုတာ

မင်းသိလား”

အမျိုးသားရဲ့ အသံက တိုးလျပေမယ့် မာကျောအေး စက်နေတယ်။

“ဟင့်အင်း မသိချင်ဘူး။ ကျမဘာသာ ထောင်ကျကျ၊ ဘာဖြစ်ဖြစ် ကျမကို လွှတ်ထားလိုက်ပါတော့… တောင်းပန်ပါတယ်၊ ကျမကို လွှတ်လပ်ခွင့်ပေးပါ ကိုကိုရဲ့ … အမျိုးသားက အမျိုးသမီးရဲ့ ပခုံးကို လွှတ်ပြီး ခုတင်ပေါ်က နေရာလွတ်မှာ ထိုင်ချလိုက်တယ်။ ပြီးတော့ အမျိုးသမီးရဲ့ ပါးပြင်ကို ဖွဖွကလေးကိုင်ပြီး မျက်လုံးချင်းဆုံအောင် စိုက်ကြည့်တယ်။

“ကလေး ဖတ်ဖူးလား…Andrei Platonov She was Rosa ဆိုတဲ့ ရုရှားဝတ္ထုတိုကလေးကိုလေ။ အဲဒီထဲမှာ ဂျာမန်တွေက ဘယ်လိုပဲ နှိပ်စက်ပါစေ သေမသွားတဲ့ Rosa ဆိုတဲ့ အမျိုးသမီးကလေး ရှိတယ်တဲ့။ သူ့ကို အရှင်လည်းမထားချင် အသေသတ်လိုက်ရင်လည်း သူရဲကောင်း ဖြစ်သွားမှာစိုးလို့ ဂျာမန်တွေဟာ သူ့ကို ရှင်လျက်နဲ့ သေနေတဲ့ဘဝ ရောက်အောင် နှိပ်စက်ခဲ့ကြတယ်တဲ့”…

အမျိုးသမီးက ဘာစကားတခွန်းမှ မဆိုဘဲ အမျိုးသားကို ငေးကြည့်နေတယ်။ အမျိုးသမီးရဲ့ မျက်လုံးတွေထဲမှာ ကြောက်ရွံ့ ထိတ်လန့်မှုတွေ ကြီးစိုးသွားတယ်။

“မင်းက ငါ့အပိုင်ပဲ ကလေး…။ ငါ့ရဲ့ Rosa ပဲ…။ ငါ့ရဲ့ ပိုင်ဆိုင်မှု အာဏာရဲ့ ပြယုဂ်ပဲ…။ ငါ မင်းကို ဘယ်တော့မှ လွှတ်ပေးမှာ မဟုတ်ဘူး…”

“ဟင့်အင်း… အဲဒီလို မလုပ်ပါနဲ့…

“မောင်မောင့်ကို မင်း သတ်တာ၊ မင်း သတ်ပစ်လိုက်တာပဲ ကလေး။ သူ့အသက်နဲ့ ရင်းပြီး မင်းကို ငါ့ဘေးမှာ ထားခဲ့တာ။ ငါ့ဘေးမှာ ပဲ မင်းကိုယ်မင်း မသေမချင်း သော့ခတ်ထားရမယ်၊ သဘောပေါက်သ လား ကလေး၊ မင်း ငါ့ဘေးနားကနေ ဘယ်တော့မှ ထွက်ပြေးသွားလို့ မရတော့ဘူး…”

အမျိုးသမီးရဲ့ ခန္ဓာကိုယ်က ပျော့ခွေလဲပြိုသွားတယ်။ အမျိုး သားက အမျိုးသမီးရဲ့ ပါးပြင်ကို အသာကလေး ရှုံ့နမ်းလိုက်ပြီးမှ အရေးပေါ် ဆရာဝန်ခေါ်တဲ့ ခလုတ်ကို ဖိနှိပ်လိုက်တယ်။

✤

အိမ်တံခါးကနေ တီးတောင်ဆိုတဲ့ bell သံ မြည်လာတယ်။ အိမ်ရှင်အမျိုးသားက သူကိုယ်တိုင် တံခါးကို ဖွင့်ပေးရင်း ဧည့်သည် ဝင်လာဖို့ လမ်းဖယ်ပေးလိုက်တယ်။

“ကိုယ် မင်းကို မျှော်နေတာ ကြာပြီ”

ဝင်လာတဲ့ ဧည့်သည်အမျိုးသားက အိမ်ရှင်ကို ပြန်မနှုတ် ဆက်ဘဲ သူရော လို့ မေးတယ်။ အိမ်ရှင်အမျိုးသားက ရှေ့ကနေ လမ်းပြရင်း လှေကားအောက်က အခန်းတခုရဲ့ တံခါးကို ဖွင့်ပေးလိုက်တယ်။

“သူငယ်ချင်းနဲ့ စကားပြောနှင့်ကြနော် … ကိုယ် မင်းအတွက် တခုခု

စီစဉ်ခိုင်းလိုက်မယ်”

“နေပါစေ... ဒုက္ခမရှာပါနဲ့”

အိမ်ရှင်က ညှော့်သည်အမျိုးသားရဲ့ ပခုံးကို ပုတ်ပြီးထွက်သွား တယ်။ အိမ်ရှင်ထွက်သွားတာနဲ့ အမျိုးသားဟာ အခန်းတံခါးကို ညင်ညင်သာသာ ပိတ်လိုက်တယ်။ အခန်းအစွန်က ပြတင်းပေါက် ဘေးမှာ ရပ်နေတဲ့ အမျိုးသမီးဆီ အပြေးတပိုင်းသွားရင်း ပွေ့ဖက်လိုက် တယ်။

“နင် ငါနဲ့ လိုက်ခဲ့မယ် မဟုတ်လား...”

အမျိုးသမီးက ညှော့်သည်အမျိုးသားကို ဘာမှပြန်မပြောဘဲ ပြုံးကြည့်နေတယ်။

“နင်ပဲ ဒီက ထွက်သွားမလို့ လုပ်ခဲ့တာ မဟုတ်ဘူးလား၊ အခု ငါ နင့်ကို လာခေါ်တာလေ...

အမျိုးသမီးက ညှော့်သည်အမျိုးသားရဲ့ ရင်ဘတ်ကို တွန်းဖယ်ပြီး ပြတင်းပေါက်ဆီကိုပဲ ပြန်ငေးကြည့် နေတယ်။ ပြီးတော့ တိုးတိုး ကလေး ပြန်ပြောတယ်။

“မောင်မောင်က ငါ့ကို ပြောတယ်၊ ကိုကိုနဲ့ နေတာ ငါ လုံခြုံ တယ်တဲ့”

အခန်းတံခါးခေါက်သံ ထွက်လာပြီး အိမ်ရှင် အမျိုးသား ဝင်လာတယ်။

“နားလိုက်ဦးလေ ညီလေး၊ မန္တလေးကနေ တညလုံး ကားစီး လာတာ ပင်ပန်းမှာပေါ့။ လိုတာရှိရင် အဒေါ်ကြီးကို လှမ်းခေါ်ပြောပေါ့”

“ကျနော်က သူ နေကောင်းသွားပြီလို့ ထင်နေတာ”...

“လူကတော့ ကျန်းမာလာပါပြီ။ ကျန်တဲ့အပိုင်းကတော့ ပြန်ပြီး တည်ဆောက်နေရတုန်းပေါ့။ ကလေးရေ ဆေးသောက်ရအောင်...”

အိမ်ရှင်အမျိုးသားက ညှော့်သည်ကို စကားပြောရင်း တဆက်တည်း အမျိုးသမီးကိုပါ လှမ်းပြောတယ်။ ပြီးတော့ လက်ထဲမှာ ဆေးဘူး နဲ့ ရေခွက်ကို ကိုင်ပြီး အမျိုးသမီးဆီကို သွားပေးတယ်။ အမျိုးသမီးဟာ အိမ်ရှင်အမျိုးသားကို ဘာတခွန်းမှ မပြောသလို အကြည့်ချင်းတောင် မဆုံဘဲ ကျိုးကျိုးနွံနွံပဲ ဆေးကို ယူသောက်တယ်။ အိမ်ရှင်အမျိုးသားက အမျိုးသမီးကို သိပ်လိမ္မာတဲ့ အိမ်မွေးတိရစ္ဆာန်ကလေး တကောင်ကို ကြည့်သလို သိမ်သိမ်မွေ့မွေ့ ငေးကြည့်နေတယ်။

“နေမကောင်းတဲ့သူကို တယောက်တည်း ဂရုစိုက်ရတာ ပင်ပန်းမှာပဲ...”

ညှော့်သည်အမျိုးသားက အိမ်ရှင်ကို လှမ်းပြောတယ်။ ညှော့်သည်အမျိုးသားရဲ့ မျက်ဝန်းတွေဟာ တစုံတရာကို ချုပ်တည်းထားရ သလို နီရဲနာကျင်နေတယ်။ အိမ်ရှင်က အမျိုးသမီးကလေးရဲ့ မေးစေ့ ပေါ်က ရေစက်ကလေးကို စက္ကူလက်သုတ်ပုဝါနဲ့ အသာတို့သုတ်ပေး ရင်း ဖြေတယ်။ အိမ်ရှင်ရဲ့ အသံက နူးညံ့ချိုမြလို့။

"မပင်ပန်းပါဘူး... ကိုယ့်မိန်းမပဲဟာ..."

အိမ်ရှင်က ညွှေ့သည်ဘေးက ဖြတ်ပြီး အိမ်ခန်းအပြင်ကို ထွက်တဲ့အခါ ညွှေ့သည်က အိမ်ရှင်ရဲ့ ပခုံးကို အသာဖမ်းဆုပ် လိုက်တယ်။

"မောင်မောင် မသေဘူးဆိုတာ ကျနော် သိတယ်၊ ခင်ဗျား လည်း သိတယ် မဟုတ်လား။ ကျနော် မောင်မောင်ဆိုတဲ့ အမျိုးသားကို ပြင်ဦးလွင်မှာ တွေ့ခဲ့ပြီးပြီ။ ပြီးတော့ အဲဒီနေရာကိုလည်း ခင်ဗျားကပဲ ပို့လိုက်တာ..."

ညွှေ့သည်ရဲ့ စကားကို အိမ်ရှင်က ပြုံးတယ်။

"အိမ်ထောင်ရေးတခု သာယာခိုင်မြဲဖို့ မလိုလားအပ်တာတွေ ကို ရှင်းထုတ်ပစ်ရမှာပဲ မဟုတ်ဘူးလား။ ဒါ ဘာမှားနေလို့လဲ"

ညွှေ့သည်အမျိုးသားက အိမ်ရှင်ရဲ့ ပခုံးကို ပိုပြီးတင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်လိုက်ရင်း သူ့အသံကို ပိုနှိမ့်လိုက်တယ်။

"ခင်ဗျား သူ့ကို မောင်မောင် မရှိတော့ဘူးလို့ အသိပေးထား တာ မဟုတ်ဘူးလား။ အမှန်ကို ဝန်ခံလိုက်စမ်းပါ"

"ဒါဆိုလည်း ခင်ဗျား သူ့ကို သွားပြောပြလိုက်စမ်းပါ။ သူ လက်ခံမှာလားလို့...

အိမ်ရှင်အမျိုးသားက ညွှေ့သည်ရဲ့လက်ကို တွန်းဖယ်ပြီး ထွက် သွားတယ်။ အိမ်ရှင်အမျိုးသားရဲ့ နှုတ်ခမ်းတွေက ပြုံးနေပေမယ့် သူ့ မျက်လုံးတွေကတော့ အေးစက်လို့။ ညွှေ့သည်အမျိုးသားက ခုတင်ပေါ်တက်ပြီး လှဲအိပ်ဖို့ ပြင်ဆင်နေတဲ့ အမျိုးသမီးကို ငေးရင်း တိုးတိုး ကလေး ပြောလိုက်တယ်။

"အခု... နင်ကိုယ်တိုင်ပဲ ရုန်းထွက်မှ ရတော့မယ် ထင်တယ်"

✤

လှုပ်ကုလားထိုင်ပေါ်မှာ သက်ရှိအရုပ် တရုပ်လို ထိုင်နေတဲ့ အမျိုးသမီးကို ညွှေ့သည်အမျိုးသားက စိတ်မသက်မသာနဲ့ ငေးကြည့်နေတယ်။ ညနေခင်းရဲ့ ကျနေရောင်ဟာ အမျိုးသမီးရဲ့ ပါးပြင်ကို ပုစွန်ဆီရောင်အသွေး ဆိုးပေးထားလို့ အမျိုးသမီးဟာ ထူးထူးဆန်းဆန်း တောက်ပမှု တမျိုးနဲ့ လှနေတယ်။

ညွှေ့သည်အမျိုးသားက အမျိုးသမီးရဲ့ ရှေ့တည့်တည့်ကနေ ရပ်ပြီး အမျိုးသမီးရဲ့ လက်ကို ဆုပ်ကိုင်လိုက်တယ်။ အမျိုးသမီးက ညွှေ့သည်အမျိုးသားကို မော့ကြည့်တယ်။ အမျိုးသမီးရဲ့ မျက်လုံးတွေ ဟာ နက်မှောင်တဲ့ လိုဏ်ခေါင်းရှည်ကြီး တခုကို ငေးကြည့်နေရသလို ဘာကိုမှ ဖော်ပြမနေဘဲ လျှို့ဝှက်စွာ တိတ်ဆိတ်နေတယ်။ ညွှေ့သည်က ဘောင်းဘီအိတ်ထဲက နားကြပ်ကလေး တပ်ထားတဲ့ ဖုန်းတလုံးကို ထုတ်ယူလိုက်တယ်။ ကိုယ်ကို ငုံ့ကိုင်းပြီး နားကြပ် ကလေးကို အမျိုးသမီးရဲ့ နားနှစ်ဖက်မှာ သေသေချာချာနဲ့ ညင်ညင်သာသာ တပ်ပေးတယ်။ ပြီးတော့ သီချင်းတပုဒ်ကို repeat နှိပ်ပြီး ဖွင့်ပေးတယ်။ ဖုန်းကလေးကို အမျိုးသမီးရဲ့ ပေါင်ပေါ်တင်ပေးပြီး အမျိုးသမီးရဲ့ လက်ကို တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်လိုက်တယ်။ သူ့လက်ဖမိုးပေါ်ကို ကျလာတဲ့ ရေစက် ပေါက်ကလေးကို အမျိုးသမီးက လိုက်ပြီး ငေးကြည့်နေတယ်။ ရေစက် ကလေးဟာ

လက်ဖမိုးပေါ်ကနေ တဆင့် ပေါင်ပေါ်ကို ပြုတ်ကျသွား တယ်။ ညှော်သည်အမျိုးသားက မျက်နှာကို လက်နဲ့ ပွတ်သုတ်ရင်း ခါးကို မတ်လိုက်တယ်။

ဘာစကားမှ မပြောဘဲ လှည့်ထွက်သွားတဲ့ ညှော်သည်ရဲ့ နောက်ကျောကို အမျိုးသမီးက ငေးကြည့်မနေခဲ့ဘူး။ နားကြပ်က တဆင့် ကြားနေရတဲ့ သီချင်းသံကို ခပ်တိုးတိုး လိုက်ဆိုရင်း သူ့ခြေဖျား ကလေးကို ကြမ်းပြင်နဲ့ တော့တော့ပြီး လှုပ်ကုလားထိုင်ကို လှုပ်လှုပ် ပေးနေတယ်။

အပြင်မှာ နေရောင်က ဝင်လို့ မှောင်သွားခဲ့ပြီ။ အမျိုးသမီး ထိုင်နေတဲ့ အိမ်ရဲ့ ဝရံတာလေးမှာလည်း မီးရောင်လင်းလက်လာတယ်။ အမျိုးသမီးကတော့ သီချင်းသံကို တိုးတိုးကလေး လိုက်ဆိုနေခဲ့တုန်း။

You raise me up, so I can stand on mountains..

You raise me up, to walk on stormy seas..

I am strong, when I am on your shoulders..

You raise me up: To more than I can be…

✤

နံရံတွေမှာ မျက်လုံးတွေ မရှိပါဘူး။ ကျမ ထွက်ပြေးလွတ် မြောက် မသွားဖို့အတွက် နံရံတွေဟာ သူတို့ရဲ့ ထူထဲပြောင်ချောနေတဲ့ မျက်လုံးတွေနဲ့ ကျမကို စိုက်ကြည့် ထိန်းချုပ်ထားခဲ့ကြတာလည်း မဟုတ်ခဲ့ပါဘူး။

မယ်လွင့်


the last, while
my mind starts to
reas, such as i
im not even
ven aware of my
yes she knows but
i question that
e it could be a
ego, while i usually
ego rear its ugly
onsciously i have no
know, she doesn't need
r life would go on as
but this beautiful woman
from normal, the word
l in reference to her is like
lap in the face. Because this
man is unique, intreaging,
mysterious, breath taking far from
normal. Her eyes just as beautiful
as her smile, im her presence my
heart flutters a little faster and
a little harder. I think who am i
to even try to win her heart,
even though her heart can do so
much better than him and myself,
i think of her like this beautiful
creature that i may catch a
glimpse of but only
a moment
because if i try
ach i
know I'll scare
so I'll
admire from afa
ays
have with hope
that
she maybe to a
far.
but there goe
reasuring som
reassured,
she's gone ag
i can see he
hopes are ev
nothing mor
blanket of
that's what
not him, bu
she can imag
and wait and
stars line
the sky fal
So today li
her, and als
her..... but
seeing this n

အခန်း (၁)

သူမ "ကိုကို့ ကို စောင့်ကြည့်နေခဲ့တာ ရက်ပေါင်း အတော် ကြာပြီ။ ခုတလော ကိုကို့ ခြေလှမ်းတွေ အရမ်းကို စိပ်လာသည်။ ညတိုင်း အိမ်ကို ပြန်လာတာ အချိန်မှန်သော်လည်း တနေ့လယ်လုံး ဆိုင်မှာ မရှိဘဲ ပျောက်ပျောက်နေတတ်ကြောင်း သိရသည်။ အခုမနက် လည်း မြေကွက်ကိစ္စ ချိန်းထားသည်ဟုဆိုကာ အစောကြီး ထပြီး ထွက် သွားသည်။ သူမ က သိပ်ပြီး စပ်စပ်စုစုနိုင်လှသော မိန်းမမျိုး မဟုတ်ပါ။ ယောကျာ်းတယောက်၏ တနေ့တာ အစီအစဉ်တိုင်းကို အသေးစိတ်က အစ သိမနေချင်တာကလည်း သူမ၏ အကျင့်တခုပင်။

သူမကိုယ်တိုင်ကလည်း သိပ်ပြီးတော့ မိန်းမ မဆန်လှ။ ငယ်ငယ်ကတည်းက အဖေနှင့် နေလာခဲ့ပြီး အရာရာကို ကိုယ့်အား ကိုယ်ကိုးလာခဲ့သူမို့ သူမထံမှာ မိန်းကလေးတို့၏ နူးညံ့အားငယ် တတ်ခြင်းများကို အင်မတန်မှ တွေ့ရခဲပါသည်။ အိမ်ထောင်သက် အနည်းငယ်ကြာလျှင် ဖြစ်တတ်ကြသည့် ငြီးငွေ့မှုမျိုး ကိုကို့မှာ ဖြစ်နေ တာကို သူမ သိပါသည်။ ထို့ကြောင့် သူမနှင့် ကိုကို့ကြားတွင် သံယော ဇဉ် တရစ် ထပ်တိုးဖို့ သူမ ပြင်ဆင်ထားပြီးပြီ။

အိမ်ထောင်သက်လည်း လေးနှစ်ကျော် ကြာခဲ့ပြီမို့ ကလေး တယောက်ကို ပြုစုပျိုးထောင်ဖို့အတွက် သူမ အသင့်ဖြစ်နေခဲ့ပြီဟု ထင် သည်။ ပြီးတော့ သူမမှာ အကျင့်တခု ရှိသည်။ မည်သည့်အရာကိုမဆို အကွက်ကျကျ အစီအစဉ် ချပြီးမှ လုပ်တတ်စမြဲ။ တနေ့တာအတွက် အလုပ်ကလေးကိုပင် အစီအစဉ်တကျ မဟုတ်ပါဘဲ သူမ လုပ်လေ့ မရှိပါ။ သို့သော် သူမ ကလေးယူဖို့အတွက် ကိုကို့အမျိုးသမီးသည် မည်ကဲ့ သို့သော မိန်းမျိုး ဖြစ်သည် ဆိုတာကို သူမ စုံစမ်းရဦးမည်။

ကိုကို ဘယ်လောက်အထိ ငြီးငွေ့ခဲ့ပြီးပြီ ဆိုတာကို သူမ မသိ။ အဲဒီအမျိုးသမီးအပေါ် ထားရှိသော ကိုကို့သံယောဇဉ် အတိုင်း အတာတို့ကို သူမ မခန့်မှန်းတတ်သေးပါ။ အကယ်၍များသာ ကိုကိုနှင့် ထိုအမျိုးသမီးက တအိုးတအိမ် ထူထောင်ကြဖို့အထိ သံယောဇဉ် မြဲမြံ နေခဲ့ကြပါလျှင် ကလေးတယောက်ကို ယိုင်နဲ့နေသော အိမ်ထောင်ရေး အတွက် ချည်နှောင်စရာ ကြိုးတချောင်း အဖြစ်တော့ သူမ အသုံးမချ လိုတာ အသေအချာပဲ ဖြစ်ပါသည်။

သက်ပြင်းတချက်ကို မောလျှစွာ မှုတ်ထုတ်ရင်း ဆံပင်တွေကို မဖြီးသင်တော့ဘဲ ဒီအတိုင်းပင် စုပြီး ထုံးလိုက်သည်။ မျက်နှာသစ်ပြီး ညဝတ် အင်္ကျီကို ချွတ်ကာ ပေါ့ပေါ့ပါးပါး ရှိမည့် ဂါဝန်တထည်ကို ကောက်စွပ်လိုက်သည်။ ပြီးမှ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဖေဖေ့အတွက် ဆန်ပြုတ် ရလောက်ပြီ။ မီးဖိုခန်းထဲ ဝင်ပြီး 'မော်မော်' ပြုတ်ပေးထားသော ဆန်ပြုတ်ပန်းကန်ကို ယူကာ ဖခင်ကြီး၏ အခန်းအတွင်းသို့ ဝင်လာခဲ့လိုက်သည်။ ဆန်ပြုတ်ပန်းကန်ကို ခုတင်ဘေး စားပွဲပေါ် ချပြီး ပြတင်းပေါက်များကို တွန်းဖွင့်လိုက်တော့ နံနက်ခင်း လေအေး အေးက အခန်းတွင်းကို တိုးဝင်လာလေသည်။

"ဆန်ပြုတ် သောက်ရအောင်လား ဖေဖေ"

အိပ်ရာပေါ်မှ ခပ်ဖြည်းဖြည်း ထထိုင်သော ဖေဖေ့နောက် ကျောရှိ ခေါင်းအုံးများကို ပြင်ပေးရင်း ပြောလိုက်သည်။

"အင်း... သောက်တာပေါ့ သမီးရယ်၊ ဥက္ကာရော ဆိုင်ကို ထွက် သွားပြီလား"

"မြေကွက်ကိစ္စလေး သွားတွေ့ဖို့ ချိန်းထားလို့ စောစောကပဲ ထွက်သွားတယ် ဖေဖေ"

"ဪ... အေး... အေး"

သူမ အဖေက အစာအိမ်ရောဂါကြောင့် အဖတ်များများလည်း စားလို့ မရ။ ကိုယ်အောက်ပိုင်း ညာဘက်ခြေထောက်ကလည်း လေဖြတ်ထားသည်။ သို့သော် အဖေက တချို့သော နာတာရှည် လူမမာတွေလို အရာရာကိုမကျေနပ်တာမျိုးမရှိဘဲ သူ့ဘာသာသူ တရားဘာဝနာ မှတ်သိပြီး အေးအေးချမ်းချမ်း နေသူ ဖြစ်သည်။

"ဖေဖေ ဆီးသွားချင်လား .. အိမ်သာ အရင်ဝင်မလား"

"မသွားချင်ပါဘူး သမီးရယ် .. မျက်နှာ အရင်သစ်လိုက်ဦးစို့"

အိပ်ရာပေါ်အထိ မျက်နှာသစ်လို့ ရအောင် လုပ်ပေးလိုက် သည်။ ပြီးမှ အိပ်ရာဘေး စားပွဲပေါ်က ဆန်ပြုတ်ပန်းကန်ကို မ,ယူ လိုက်သည်။ အတန်ငယ် မွှေပေးလိုက်ပြီးမှ ဖေဖေ့လက်ထဲကို ပန်းကန် ထည့်ပေးလိုက်သည်။ တဇွန်း နှစ်ဇွန်း ခပ်သောက်ပြီးမှ ဖေဖေက သူမ မျက်နှာကို စိုက်ကြည့်လျက် မေးလာသည်။

"မင်းမှာ ဘာစိတ်ညစ်စရာတွေ ရှိနေသလဲ သမီး"

သူမ အံ့သြသွားသည်၊ အဲဒီလောက်တောင်မှ သူမ အတွေး တို့က ရုပ်မှာ ထင်ဟပ်နေပြီလား။

"ဘာဖြစ်လို့လဲ ဖေဖေ ... ထွေထွေထူးထူး မရှိပါဘူး"

"နိုး.. နိုး... နိုး... မင်း ဖေဖေ့ကို မညာနဲ့ သမီး၊ တသက်လုံး အရိပ် တကြည့်ကြည့် မွေးလာတဲ့ သမီးပဲကွဲ့၊ မသိဘဲ နေပါ့မလား၊ ဥက္ကာကြောင့်လား"

သူမ ဖေဖေ့ကို ထပ်ပြီး မအံ့သြပါ။ ယောကျ်ားအချင်းချင်း အကြောင်းကို ဖေဖေက သူမထက် ပိုပြီး သိနေနိုင်မှာပဲ မဟုတ်လား။ ဖေဖေက သူမကို 'ငယ်ငယ်ကတည်းက မင်းနှင့်ငါ' သုံးကာ စကားပြော တတ်သည်။ ပြီးတော့ ဘယ်ကိစ္စမဆို ဖေဖေနှင့် ဆွေးနွေးတိုင်ပင်နေကျ သူမသည် အခုတခါတော့ ဘာမှ ပြန်မပြောမိ။ ဖေဖေက ဆန်ပြုတ် တပန်းကန်လုံးကို ကုန်အောင် သောက်လိုက်ပြီး ရေအနည်းငယ် သောက် သည်။ ပါးစပ်ကို ပဝါနှင့် သုတ်ပြီးမှ-

"အေးလေ... သမီးလည်း ကိုယ်ပိုင် ဦးနှောက်နဲ့ မျှော်မြင်နိုင်စွမ်း ရှိတာပဲ။ အိမ်ထောင်ရေးဟာ ဆေးမင်စုတ်ထိုး ဘာညာလည်း မပြောလိုဘူး။ မပျက်တာ အကောင်းဆုံး ဆိုပေမယ့်... အေးလေ ထားပါ၊ အခုကက မင်းကို ဖေဖေက အရေးကြီးတာတခု ပြောစရာ ရှိတယ်"

"ဟုတ်ကဲ့"

"တခြားတော့ မဟုတ်ပါဘူးကွာ၊ မင်းမေမေ အကြောင်းပါ" သူမ ရင်ထဲမှာ ဒိတ်ခနဲ ခုန်လှုပ်သွားသည်။ မေမေ့ အကြောင်းကို ဒီလို ရုတ်တရက်ကြီး ကြားရလိမ့်မယ်ရယ်လို့ သူမ မမျှော်လင့်ထားခဲ့ပါ။ အရင်တုန်းက သူမကို မေမေ့အကြောင်း ပြောပြလေ့ သိပ်ပြီး မရှိခဲ့။ သူမကလည်း လူမှန်း သိတတ်စကတည်းက မေမေ့ကို မမြင်ဖူးတာမို့ ရော ဖေဖေက လိုလေသေးမရှိ စောင့်ရှောက်ပျိုးထောင်ခဲ့တာကြောင့်ပါ မေမေ့ကို သိပ်ပြီး သတိတရ လိုအပ်လှတာ မဟုတ်။

"မင်းမေမေ အကြောင်းကို ဘာဖြစ်လို့ အရင်တုန်းက မပြောခဲ့ သလဲ ဆိုရင် မင်း စိတ်ဒဏ်ရာ ရမှာကို စိုးရိမ်ပြီး မမှန်မကန်တဲ့ အကြောင်း အရာတွေနဲ့ ချွေးသိပ်မထားချင်လို့ပဲ လို့ပဲ"

ဖေဖေက ပြောရင်း သူမမျက်နှာ၏ အရိပ်အကဲကို စိုက်ကြည့် သည်။ ပြီးမှ ဆက်ပြောသည်။

"မင်းအနေနဲ့ အရာရာ တည်တည်ငြိမ်ငြိမ် စဉ်းစားလက်ခံနိုင် တဲ့ အရွယ်ရောက်မှ ပြောပြဖို့ ဆုံးဖြတ်ထားတာ။ အခု ဒါတွေကို ဖေဖေ က ပြောပြနေတာဟာ မင်းမေမေကို မုန်းသွားဖို့ မဟုတ်ဘူး၊ အချိန်ရှိတုန်း ကျေးဇူးဆပ်နိုင်ဖို့ သက်ရှိထင်ရှား ရှိနေသေးတဲ့ အမေနဲ့ ပြန်ဆုံ စေချင်လို့ပဲ-

"သမီး ဘယ်တုန်းကမှ မေမေ့ကို မမုန်းခဲ့သလို မေမေ ဘက်မှာ ဘာတွေ ဖြစ်နေဖြစ်နေ မုန်းမှာလည်း မဟုတ်ပါဘူး။ အခုလို ဖေဖေ ပြောပြပေးမှာကိုပဲ ကျေးဇူးတင်ပါတယ်"

သူမ ပြုံးပြီး ပြန်ဖြေလိုက်သည်။ ဖေဖေက ဆက်ပြောသည်။

"သမီးမေမေက ဟိုးအရင်ကတည်းက မိသားစုရဲ့ မေတ္တာ ငတ်တယ်၊ Broken Family က လာတယ်။ စိတ်ဓာတ်အင်အားနည်းတဲ့ သဘောအရ စာမကြိုးစားဘူး၊ မိန်းမဆိုးလေးပေါ့။ ဖေဖေက သမီး မေမေကို ငယ်ငယ်တုန်းက ချိုပိုးထိန်းခဲ့ရတာ၊ အိမ်နီးချင်းတွေပေါ့ကွာ။ ဒီလိုနဲ့ ဖေဖေနဲ့ လက်ထပ်ခဲ့တုန်းက သမီးမေမေဟာ အသက်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်။ အိမ်ထောင်သက် နုသေးပေမယ့် ငယ်တုန်း ကြိုးစားရမယ် ဆိုတဲ့စိတ်နဲ့ ဖေဖေက စီးပွားရေးဖက် အားသွန်ခဲ့တယ်၊ ဖေဖေက သင်္ဘောသား ဆိုတော့ အိမ်ကို ပြန်ကပ်နိုင်ချိန် နည်းခဲ့တယ်။ သမီးကိုယ်ဝန်နဲ့ အချိန်မှာ ဖေဖေက သင်္ဘောထွက်လာရပြီး မွေးဖွားချိန် မှာလည်း ပြန်မလာနိုင်ခဲ့ဘူးလေ။ အဲဒီမှာ သမီးမေမေက ဖေဖေ့အပေါ် အထင်တွေ မှားပြီး ဖေဖေ့နောက်ကွယ်မှာ လက်တွဲဖော်အသစ် ရှာတော့ တာပဲ။ လုံလောက်တဲ့ငွေကြေး ရှိနေရင် သူ ပျော်ရွှင်လိမ့်မယ်လို့ ဖေဖေ ထင်မိတာလည်း မှားခဲ့တာပေါ့လေ။ သမီးမေမေ လိုချင်ခဲ့တဲ့ ဂရုစိုက် ကြင်နာမှုကို ဖေဖေ မပေးနိုင်ခဲ့ဘူး"

သူမ ဖေဖေ့လက်အတွင်းသို့ ရေခွက် ကမ်းပေးလိုက်တော့ ဖေဖေက နှစ်ခြိုက်စွာ တငုံသောက်သည်။ ပြီးမှ ဆက်ပြီး-

"ဖေဖေ ပြန်လာဖို့ တလလောက်အလိုမှာ သမီးကို သမီးရဲ့ အန်ကယ်အောင်တို့နဲ့ ထားခဲ့ပြီး အဲဒီလက်တွဲဖော်နဲ့ သူ နိုင်ငံခြားကို ထွက်ပြေးသွားကြတယ်။ သနားစရာ ကောင်းတာက မင်းပဲ။ အဲဒီတုန်းက သမီးက

တနှစ်သာသာကလေးပဲ ရှိသေးတာလေ၊ သမီး မေမေက အချစ်ကို ကိုးကွယ်သွားခဲ့တော့ ပတ်ဝန်းကျင်က မေးငေါ့စရာတွေ ဖြစ်လာတယ်။ ဒါနဲ့ ဖေဖေလည်း မင်းကို အဲဒီပတ်ဝန်းကျင်မှာ မထားရဲတော့ဘဲ မင်းရဲ့ ကြီးကြီးတွေ ရှိတဲ့ မော်လမြိုင်ကို ပြောင်းနေခဲ့ကြတော့ တာပဲ”

ဖေဖေက အတန်ငယ် မောသွားသလို ရေကို အနည်းငယ် ထပ်ပြီး သောက်သည်။ သူမ ရင်ထဲမှာ လင်းလင်းမြမြ နွေးနေသည်။

ကမ္ဘာပေါ်မှာ သူမ မေမေက အသက်ရှင်လျက် ရှိနေသေး သည် ဆိုသော အတွေးတွေက သူမ သွေးတွေကို နွေးထွေးစေပါသည်။

ကြီးကြီးတို့က မေမေ့အကြောင်း ပြောပြလေ့ မရှိခဲ့ကြ။ သူမကို မွေးရင်း ကွယ်လွန်ခဲ့သည်ဟုသာ ဖြေခဲ့ကြသည်။ သိတတ်တဲ့ အရွယ် ရောက်ခဲ့ပြန်တော့လည်း ဖေဖေ့ရဲ့ လေ့ကျင့်ပေးမှုတွေ၊ စိတ်ဓာတ်ရေးရာ အရ ပြုပြင်ပေးမှုတွေနဲ့ သူမ အမေ့ကို သေပြီဆိုသည့် အသိက လွဲလို့ အထူး တလည် သတိမရမိပါ။

“ဟောဒါ သမီးမေမေပဲ၊ လွန်ခဲ့တဲ့ သုံးနှစ်ကမှ ဒီကို ပြန် ရောက်လာခဲ့တာ”

ဒိုင်ယာရီ စာအုပ်ကြားမှ ဆွဲထုတ်ပြီး သူမထံသို့ ကမ်းပေး လာသော ဓာတ်ပုံကို လှမ်းယူလိုက်သည်။ မေမေသည် လေးဆယ့် နှစ်နှစ် ဟူသော အသက်အရွယ် ရောက်ပြီဟု မထင်ရလောက်အောင် ကို နုပျိုလို့ နေသည်။ အညိုဖျော့ဖျော့ အရောင် ဆံနွယ်ခွေ အိအိများနှင့် သွယ်လျလျ ကိုယ်ဟန်ပေါ်တွင် ခေတ်မီစမတ်ကျသော အဝတ်အစား အပြင်အဆင်တို့ကို တန်ဆာဆင်ထားသော မေမေသည် အသက်နှစ်ဆယ့်ငါးနှစ်သာ ရှိသေးသော သူမနှင့်ပင် မတိမ်းမယိမ်း သုံးဆယ်ကျော် လောက်ဟုသာ ထင်ရလောက်သည်။

“မေမေက လှလိုက်တာ ဖေဖေ၊ သုံးဆယ်ကျော်လောက်ပဲ ထင်ရတယ်”

သူမက ပြုံးပြီးပြောတော့ ဖေဖေက ရယ်သည်။

“အေးကွ.. မင်းမေမေက ငယ်ငယ်ကတည်းက လှတာပဲ။ ကဲ.. ကဲ... မင်းလည်း နားချင် နားတော့၊ ဖေဖေလည်း တရားမှတ်ချိန် ရောက်ပြီ”

စကား ခပ်များများ ပြောလိုက်ရသောကြောင့် ဖေဖေ နားချင် ဟန် တူပါသည်။ သူမ မေးချင်တာတွေ ရှိနေသေးသော်လည်း အလိုက်သိတိ ထထွက်သွားဖို့ ဟန်ပြင်လိုက်သည်။ ကိုင်ထားလက်စ ပုံကို ထောင်ပြပြီး-

“သမီး ဒါလေးကို ယူသွားမယ်နော် ဖေဖေ”

ဖေဖေက ခေါင်းညိတ်ပြသည်။ စားပွဲပေါ်က လင်ဗန်းကို ယူပြီး လှည့်ထွက်လိုက်ချိန်ကျမှ-

“ဪ... သမီး မေမေရဲ့ လက်ရှိ နာမည်က “မမိုး” တဲ့၊ ရန်ကင်းမှာ အလှပြင်ဆိုင်ကြီး ဖွင့်ထားတယ်ကွ”

ဒီလောက်အထိ လိုက်သိနေအောင် အိပ်ရာပေါ်မှ တဖဝါးမှ မခွာရပါဘဲနှင့် စုံစမ်းနိုင်သော ဖေဖေ့၏ လက်တံရှည်မှုတို့ကတော့ အံ့ဩ လောက်ပါသည်။ သူမ

ခေါင်းကို တချက်သာ အသာအယာ ဆတ်ပြပြီး ထွက်လာခဲ့သည်။ မီးဖိုခန်းမှာ ပန်းကန်ဝင်ထားတော့ မော်မော်က အစ်ကို ကြီး ပြန်ရောက်နေတယ်ဟု သတင်းပေးလာသည်။ သူမ အိမ်ပေါ်ထပ်ရှိ အခန်းသို့ တက်လာခဲ့သည်။

ခုတင်စွန်းတွင် ကိုယ်တပိုင်းတင်ကာ ပက်လက်လှဲနေသော သူမ ခင်ပွန်းကို တွေ့ရသည်။ အိပ်ခန်းတံခါးကို ပိတ်ရင်း–

"မြေကွက်ကိစ္စ သွားတယ်ဆို ကိုကို၊ သော်က ဆိုင်ကို တန်းပြီး သွားမယ်လို့ ထင်နေတာ"

"အလုပ်မဖြစ်ပါဘူးကွာ.. ပျက်သွားတယ်"

သူမ ခင်ပွန်းက ထထိုင်ရင်း မျက်နှာကို ခပ်လွှဲလွှဲပြုလျက် ဖြေသည်။

"ဒါဆို ကိုကို ထမင်းစားပြီးမှ ပြန်သွားပါလား၊ ဒါမှမဟုတ် နားချင်လည်း နားလေ၊ ဆိုင်ကို သော် သွားလိုက်မယ်"

"မစားတော့ဘူး သော်၊ ကိုကို စားခဲ့ပြီးပြီ။ ဆိုင်လည်း ကိုကိုပဲသွားပါ့မယ်၊ ပူတယ်ကွာ... ရေထပ်ချိုးလိုက်ဦးမယ်"

အင်္ကျီကြယ်သီးတွေကို ဖြုတ်နေသော သူမ ခင်ပွန်း၏ မျက်နှာသည် စိတ်ရှုပ်ထွေးနေသည့် အရိပ်အယောင်တွေနှင့် ညို့လို့ နေသည်။ သို့သော် လည်း သူမက မေးချင်စိတ် မရှိလှပါ။ "ဘာဖြစ်လို့လဲ ဟု မေးလိုက်လျှင် "ဘာမှ မဖြစ်ပါဘူး" ရယ်လို့ အစချီပြီး ထွက်ပေါ် လာမယ့် စကားတွေကို မှသားမှန်း သိနေလျက်နှင့် နားထောင်ဖို့ကို ပျင်းပါသည်။ သူမ ခင်ပွန်းအတွက် လက်ရှိ အခြေအနေတွင် အမှန်တရား ဆိုသည်မှာ ကိုကိုနှင့် တွဲနေသော "ကိုကို့ချစ်သူ" ဟူသည့် အမျိုးသမီး တယောက်ယောက် စိတ်ကောက် နေသောကြောင့်သာ ဖြစ်လိမ့် မည် ဆိုတာကို သူမ အတပ် သိပါသည်။

အခန်း (၂)

သူမ၏ ခင်ပွန်း ဘာတွေ လုပ်နေသလဲ ဆိုတာကို သူမ စိတ်မ ဝင်စားတော့ပါ။ လတ်တလော သူမ စိတ်ဝင်စားသော ကိစ္စမှာ မေမေ။ မေမေနှင့် သူမ နီးစပ်အောင် ဘယ်လိုကြံစည်ရမလဲ ဆိုတာကိုပဲ ဖြစ် သည်။ နှစ်ဆယ့်သုံးနှစ်ကျော်ကျော် ကွဲကွာနေသော မေမေ့ကို ရုတ်တရက်ကြီး "မေမေ" ဟု ခေါ်ပြီး ပြေးမဖက်ချင်ပါ။ ပြေးဖက်ရင်တောင် မေမေက သူမကို သိမှာလည်း မဟုတ်။ တဖြည်းဖြည်းချင်း ရင်းနှီးအောင် လုပ်ယူရင်း အလိုလိုနေရင်း သွေးက စကားပြောလာသော ခံစားချက်မျိုးတွေကိုသာ မေမေ့ရင်ထဲ ရောက်စေချင်ပါသည်။

မေမေနှင့် ရင်းနှီးလာစေရေးအတွက် အလှအပ ဆိုတာကို သိပ်ပြီး စိတ်မဝင်စားလှသော သူမသည် မေမေ့ဆိုင်တွင် ဖောက်သည် တယောက် အဖြစ် အရင်ဆုံး ဝင်ရောက်ခဲ့ရပါသည်။ အဲသည်နောက်မှာ တော့ မေမေ့ကို "မမမိုး၊ မမမိုး ဟု အတွင်တွင်ခေါ်ရင်း ခင်မင်ရင်းနှီးပစ်လိုက်ရသည်။ မေမေကလည်း သူမကို ညီမလေး၊ ညီမလေးနှင့် သွားလေရာရာကို ဖုန်းဆက်ပြီး ခေါ်ချင်လာသလို၊ စားသောက်စရာ အသစ်အဆန်းလေးများ တွေ့လျှင် အတူတူတွဲပြီး ထွက်စားဖြစ်ကြ သည်အထိ သူမနှင့် မေမေမှာ အလွန်တရာမှကို ရင်းနှီးလာခဲ့ လေသည်။

မေမေက သူမနှင့် နေရာ တော်တော်များများတွင် အကြိုက် တူပါသည်။ ဥပမာ- ဂါဝန်တွေ ဝတ်ရတာကို သဘောကျတာမျိုး၊ မင်းသား ရဲတိုက်ကို ကြိုက်တာမျိုး၊ DKNY ရေမွှေးကိုပဲ သုံးစွဲတတ်ကြ တာမျိုးနှင့် အစပ်တွေ၊ အငန်တွေကို သိပ်မစားကြတာလိုမျိုးတွေ ဖြစ်သည်။ တရက် တွင်တော့ YKKO မှာ ကြေးအိုး ထိုင်သောက်ကြရင်း သူမက သွေးတိုး စမ်းသလိုမျိုးနှင့် မေးမိသည်။

"မမရယ်... ဒီအတိုင်းပဲ နေသွားတော့မှာလား"

"ဘာကို မေးတာလဲ သော်ရဲ့"

"ဟြော်... ဒီလိုမျိုး တယောက်တည်းပဲ နေသွားတော့မှာ လားလို့"

သူမ၏ အမေးကို မေမေက လှပစွာ ပြုံးသည်။ ပြီးမှ မျက်နှာလေး ညိုလျက် မချိတရိ အပြုံးကလေးနှင့်အတူ-

"ဘယ်နေချင်ပါ့မလဲ သော်ရယ်... ဒါပေမဲ့ မမမိုး ဘဝက အချစ်ရေးမှာ ကံမကောင်းဘူး၊ မမမိုး အမျိုးသား ဘန်ကောက်မှာ"

ဆုံးသွားတာ ဆယ်နှစ် ကျော်လာခဲ့ပြီ၊ သူက မမမိုးကို သိပ်ချစ်တာ

"ဟြော်... စိတ်မကောင်းလိုက်တာ မမရယ်"

"သူ မရှိကတည်းက မမမိုးလည်း ဘယ်သူ့ကိုမှ မချစ်နိုင် တော့တာ သိပ်ကို ကြာခဲ့ပြီ"

သော်သည် မေမေ့ လက်ချောင်းလေးများကို အားပေးသလို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး ပေါ့ပေါ့ပါးပါး ဖြစ်သွားစေရန် ရည်ရွယ်ကာ-

“သြော်... ဒါဆို အခုတော့ တကိုယ်တည်း အပျိုကြီး လုပ်နေ တယ်ပေါ့လေ”

ဟု အရယ်တဝက်နှင့် စနောက်လိုက်ရသည်။ သို့သော် သူမ ရင်တွင်းကတော့ “မေမေ့မှာ သမီးတယောက် ရှိနေသေးတယ် ဆိုတာ ကို နည်းနည်းလေးမှ သတိမရတော့ဘူးလား မေမေရယ်“ လို့ တိုးတိတ် စွာ မေးခွန်းထုတ်နေခဲ့မိပါသည်။

အခန်း (၃)

နံ့ရုံပေါ်က နာရီလက်တံ တွေက သန်းခေါင်ယံကို လွန်ခဲ့ပြီ ဖြစ်သည့် အကြောင်းကို ဖော်ပြနေသည်။ ခုအချိန်ထိတိုင် ကိုကို တယောက် အိမ်ကို ပြန်မရောက်လာသေးချေ။ သူမ၏ အတွေးအာရုံ အားလုံးသည် မေမေ့ဆီသို့သာ စုပုံနေသဖြင့် ကိုကို့ကိစ္စကို ဖြေရှင်းဖို့ အချိန်မပေးနိုင်သေး။

အိမ်ထောင်ကျပြီး ယောကျ်ားတယောက် Night Out ထွက်ဖြစ်ခြင်းအတွက် သူမ ဘယ်တုန်းကမှ မချယ်ချယ်ဖူးခဲ့။ နားလည်မှုနှင့် တည်ဆောက်ခဲ့သော အိမ်ထောင်ရေးမှာ ဘာမဟုတ်သော အသေးအဖွဲ ကိစ္စများအတွက် စိတ်ဖိစီးမှုတွေလည်း မပေးလိုပါ။

သူမ ဘက်က ဘာတခုမှ မလှုပ်ရှားလာသောကြောင့် မရိပ်မိသေးဘူးဟု ထင်ကာ ကိုကိုက သူ့အရှိန်တွေကို ထပ်မြှင့်နေပုံ ရပါသည်။ မည်မျှ ဝေးဝေးကိုပဲ ပြေးပါစေ ကြိုးစ၏အရှည်က သူမ လက်တွင်း မှာသာ ရှိသည်။

"မော်မော်... ညီမလေး သွားအိပ်ချေတော့၊ မမပဲ ဆက်ပြီး စောင့်နေလိုက်မယ်၊ မမကို လိမ္မော်ရည်လေး တခွက်လောက်သာ ဖျော်ပေးခဲ့"

တီဗွီကို ငေးရင်းမှ အိပ်ငိုက်နေသော မော်မော့်ကို လှည့် ကြည့်ပြီး ပြောလိုက်သည်။ မော်မော် နောက်ဖေးဘက်ကို ဝင်သွားတုန်း သူမလည်း ဖေဖေ့အခန်းအတွင်းသို့ အသာဝင်လာခဲ့သည်။ ဖေဖေ ကတော့ ငြိမ်းချမ်းစွာ အိပ်ပျော်လျှက် ရှိနေသည်။ ခြေဖျားဘက်တွင် လိပ်တင်နေသော စောင်ကို အနည်းငယ် ပြုပြင်ပေးပြီးမှ ပြန်ထွက်လာ ခဲ့သည်။ စားပွဲပေါ်သို့ မော်မော် တင်ပေးသွားသော လိမ္မော်ရည်ကို တငုံ ယူသောက်သာသာ တီဗွီစင်အောက် အံဆွဲအတွင်းမှ ကြိမ်ခြင်းကလေး ကို ထုတ်ယူလိုက်သည်။

ခြင်းထဲမှ နံ့ပါတ်နှစ်ကိုး နှစ်ချောင်းထိုးအပ်နှင့် မိုးပြာရောင် ချည်လုံးကို ထုတ်ယူလိုက်ပြီး တီဗွီရှေ့ရှိ ဆိုဖာမှာ ထိုင်လိုက်သည်။ ဆောင်းက ဝင်လာတော့မည်။ မာဖလာ ကြိုက်တတ်သော ကိုကို့အတွက် မာဖလာ အသစ် ထိုးဖို့အတွက် ဖြစ်ပါသည်။ သူမတို့ ရည်းစား ဘဝကတည်းက ကိုကို့ကို နှစ်တိုင်း သူမကိုယ်တိုင် မာဖလာ ထိုးပေးနေကျ အစဉ်အလာ ကို အခုထက်ထိ သူမ မပျက်ကွက်ခဲ့သေးချေ။

Remote ကို လှမ်းယူပြီး မော်မော် ဖွင့်သွားသော ကိုရီးယား ကားမှ တခြားချန်နယ်ကို ပြောင်းလိုက်သည်။ 5 Cartoon မှ ကာတွန်း တကား လာနေသည်။ မာဖလာထိုးရင်း ပေါ့ပေါ့ပါးပါးပင် ထိုင်ကြည့်နေ လိုက်သည်။ ကာတွန်းကားထဲမှ တရုတ်သူရဲ ကောင်းမလေး 'မူလန်း သည် သူမ၏ ချစ်သူ စစ်သူကြီး 'လီရှန်း" ကို ရေခဲပြင်ထဲသို့ နစ်မြုပ် မသွားအောင် သက်စွန့်ဆံဖျား ကယ်တင်လျှက် ရှိသည်။

သူမသည်လည်း တစုံတယောက်၏ မာယာများတွင် ကိုကို တယောက် နစ်သထက် နစ်မသွားရအောင် ကယ်တင်ရပါလိမ့်မည်။

အခန်း (၄)

ခဲရောင်အခံမှာ ကြောင်ခြစ်ဒီဇိုင်း အစင်းကလေးတွေနှင့် ရုပ်အင်္ကျီကို သူမ သေသေချာချာ စိုက်ကြည့်နေမိသည်။ ဒီအဆင်မျိုးကို သူမ တခါမှ ကိုကို့အတွက် ဝယ်မပေးခဲ့ဖူးပါ။ ရုပ်အင်္ကျီလေးက တော်တော်လေးကို အထက်တန်းကျသလောက် တံဆိပ်ကလည်း ဈေးကြီးမှန်း သိပ်ကို သိသာပါသည်။ ရေချိုးခန်းထဲမှ ထွက်လာသော ကိုကိုက ရုပ်အင်္ကျီကို ကိုင်ကြည့်နေသော သူမကို ကြည့်နေမှန်း ဗီရို၏ မှန်တံခါးမှ ရိပ်ပြန်ဖြင့် မြင်ရသည်။ သူမ ပြုံးလိုက်ကာ အရွှင်လန်းဆုံး လေသံဖြင့် လှည့်ပြီး မေးလိုက်သည်။

“ကိုကို... ဒီအင်္ကျီလေး လှလိုက်တာ၊ ဘယ်တုန်းက ဝယ်တာ လဲ၊ သော်တောင် မသိလိုက်ဘူး“

“ဩော်... ကိုယ် ဝယ်တာ မဟုတ်ဘူး သော်၊ ကိုကျော်မြင့်တို့ နိုင်ငံခြားက ပြန်လာတော့ လက်ဆောင်ပါလာတာ”

ဟု စီးပွားရေးလုပ်ဖက် ပါတနာတယောက်၏ နာမည်ကို အသုံးချလျက် ခပ်လေးလေး ပြန်ဖြေလေသည်။

“ကြည့်စမ်း.. ဦးကျော်က သော့်အတွက်ကျ ဘာမှ ပါမလာဘူး၊ အစ်မကြီးနဲ့ကို တိုင်ပြောဦးမယ်“ ရယ်လို့ ပေါ့ပေါ့ပါးပါး ပြန်ပြောလိုက်ပြီး ထိုအင်္ကျီနှင့် လိုက်ဖက်မည့် ယောပုဆိုးအနက်ကို ထုတ်ကာ ခုတင်ပေါ် တင်ပေးလိုက်သည်။

“ကိုကို ပြီးသွားရင် အောက်ကို ဆင်းလာခဲ့နော်... သော် မနက်စာ ပြင်ထားလိုက်မယ်”

စိတ်ကျဉ်းကျပ်နေပုံရသည့် ကိုကို့မျက်နှာကို အောင်နိုင်သူ တယောက်လို အရသာခံပြီး ကြည့်မနေနိုင်ပါ။ သူမ ခေါင်းထဲမှာ အတွေးက ပြေးလွှားနေသည်။ ဒီကိစ္စမျိုးအတွက် သူမ အလွန်လိမ္မာ ပါးနပ်ဖို့ လိုအပ်တာကို သူမ သိပါသည်။ ထမင်းစားခန်းကို ရောက်တော့ ထမင်း စားပွဲမှာ ဖေဖေ ထိုင်ပြီး သတင်းစာ ဖတ်နေတာကို တွေ့ရသည်။

“မောနင်း... သမီး”

“မောနင်း... ဖေဖေ၊ အပြင်သွားစရာ ရှိလို့လား”

ပြန်ပြီး နှုတ်ဆက်ကာ စားပွဲတွင် ဝင်ထိုင်ရင်း သူမက မေးလိုက်သည်။ ဖေဖေက–

“အင်း... ဟုတ်တယ်၊ ကိစ္စလေးတွေ ရှိနေလို့”

“သော် လိုက်ပို့ရမလား ဖေဖေ”

“နေ... နေ... သမီး၊ ဖေဖေ မောင်စောသိန်းနဲ့ ဖိုးချစ်ကို ခေါ်ထားတယ်၊ ညနေလောက်မှ ပြန်ရောက်မှာမို့လို့”

သူမ အသာ ခေါင်းညိတ်ပြပြီး စားပွဲပေါ်မှ မုန့်ဟင်းခါးပန်းကန် ကို ဆွဲယူလိုက်သည်။ ကိုကို ဆင်းလာတော့ ကိုကိုနှင့် ဖေဖေ နှုတ်ဆက် နေကြပြီး ဖေဖေက ဖိုးချစ်ကို လာတွဲခိုင်းကာ ကားဆီသို့ ထွက်သွားခဲ့ သည်။

သော်က မုန့်ဟင်းခါးပန်းကန်သို့ ကိုကို့ရှေ့ကို ပို့ပေးလိုက်သည်။ မုန့်ဟင်းခါးကို စိတ်မပါ လက်မပါ မွှေနေသော ကိုကို့မျက်လုံးတွေက ဂနာမငြိမ်။ လက်ထဲမှာလည်း ဖုန်းကို ဆုပ်ကိုင်ထားသည်။ ဖုန်းက ဂီခနဲ မြည်ကာ တုန်ခါလာသည်။ ဖုန်းမကိုင်ဘဲ silent လုပ်ပစ်လိုက်ကာ သော့်ကို မလုံမလဲ ကြည့်သည်။ ၄က်ပျောပင်ဖက်တွင် ဘယ်လို အမျှင် ဓာတ်များနှင့် ဖွဲ့စည်းထားသလဲ ဆိုသော ကိစ္စကို သိပ်ပြီး စိတ်ဝင်စားနေ သယောင် ဟန်ဆောင်လိုက်သည်။

ကိုကိုက သူမထက် အသက်သုံးနှစ် ကြီးသော်လည်း ဟန် ဆောင်ခြင်း အတတ်ပညာတွင်တော့ သူမထက် အင်မတန်မှကို ဝါစဉ် ငယ်နုလွန်းပါသေးသည်။

ကိုကိုနှင့် ဖေဖေတို့ အသီးသီး အပြင်ထွက်သွားပြီးမှ သူမလည်း အပြင်ထွက်ဖို့ ပြင်ဆင်ရသည်။ သူမ စာသင်ရမည့် အချိန်က နေ့လယ် ပိုင်းမှ ဖြစ်တာမို့ အေးအေးဆေးဆေး ချက်ပြုတ်ပြင်ဆင်ချိန် ရသည်။ စာသွားသင်ပေးရမည့် အိမ်ကို မော်မော့်ကိုပါ လိုက်ခဲ့ဖို့ ခေါ်သွားရမည်။ ဖေဖေရော ကိုကိုပါ ညရောက်မှ ပြန်လာမှာမို့ သည်ကနေ့တော့ မော်မော် နှင့်အတူ အေးအေးလူလူ ဈေးဝယ်ထွက်ရန် စိတ်ကူးမိသည်။

မော်မော်က သူမနှင့် ညီအစ်မနှစ်ဝမ်းကွဲ တော်သည်။ မိဘ တွေ မရှိတော့တာမို့ ဖေဖေက မွေးစားကာ ကျောင်းထားပေးခဲ့သော် လည်း မော်မော်က ပညာရေးပါရမီ သိပ်မပါရှာ။

တခါတလေတော့လည်း မော်မော့်လိုပဲ သူမလည်း နေချင်သည်။ စိတ်လက်ကြည်လင် အေးချမ်းပြီး သူ့ဘဝ တခုလုံး သူမနှင့် ဖေဖေ့ကိုသာ ဂရုစိုက်ပြုစုဖို့ လူဖြစ်လာခဲ့သလို၊ အိမ်အကူတယောက်လို အရာရာကို သိမ်းကျုံး လုပ်ကိုင်တတ်တာမို့ သနားအားနာရသည် အထိပင်။ မော်မော်က သူမကို ချစ်သလို သူမကလည်း မွေးချင်းညီအစ်မ မရှိတာမို့ မော်မော့်အပေါ် အချစ်ပိုရလေသည်။

ညီအစ်မနှစ်ယောက် ဈေးဝယ်ပြီး အထုပ်အပိုးပေါင်းစုံနှင့် အိမ်ပြန်လာနေစဉ် သူမထံသို့ မေမေ့ဆီမှ ဖုန်းဝင်လာလေသည်။ ကန်တော်ကြီးထဲရှိ signature သို့ ချက်ချင်းလာခဲ့ဖို့ ပြောတာမို့ မော်မော့်ကို တက္ကစီနှင့် အိမ်ပြန် ခိုင်းလိုက်ပြီး သူမလည်း နောက်ထပ် ကားငှားကာ မေမေရှိရာသို့ ထွက်လာခဲ့ရသည်။

"သော့်ကို မမက တိုင်ပင်စရာရှိနေလို့ ခေါ်လိုက်တာ... သော်ရဲ့"

သူမ ဝင်ထိုင်ထိုင်ချင်း မေမေက ပြုံးပြီး ပြောသည်။ နီညို ရင့်ရောင် လက်ပြတ် ဇာအကျီလေးက မေမေ့အသားအရည်နှင့် အလွန်ကို လိုက်ဖက်စွာ လှပနေလေသည်။

"မမ တအားကို လှနေတာနော်"

"အေးပါ... မုန့်ကျွေးပါ့မယ်၊ ထိုင်ဦး၊ အရမ်းကို ပြောပြချင်နေပြီ" မေမေ့မျက်လုံးများက စိတ်လှုပ်ရှားသည့် အရိပ်အယောင်များဖြင့် တလက်လက် တောက်ပလျက် ရှိသည်။ မေမေ့ပုံစံကို ကြည့်လျက် သူမ ပါ ရင်ခုန်သလိုလို

ဖြစ်လာသည်။

"ပြောပါဦး မမ"

မေမေက သူမ၏ လက်နှစ်ဖက်ကို တင်းတင်းဆုပ် ကိုင်လျက်–

"မမ လက်ထပ်တော့မယ် သော်၊ သူ ဒီနေ့ မမကို လက်ထပ် ခွင့် တောင်းတယ် သိလား"

"ရှင်"

အခန်း (၅)

မေမေတယောက် နောက်ထပ် အိမ်ထောင်ပြုရန် စီစဉ်နေခြင်း က သူမ မထင်မှတ်ထားသည့် အချိုးအကွေ့တခု ဖြစ်နေသည်။ သူမ အနေနှင့် မေမေ့ကို အိမ်ထောင် မပြုစေချင်တာတော့ မပြောတတ်ပါ။ တနေ့နေ့မှာ မေမေ့ကို ဖွင့်ပြောပြီး သူမတို့ သားအမိ အခုထက်ပိုပြီး စားအတူ သွားအတူ ပျော်ပျော်ရွှင်ရွှင်နှင့် အတူတူ နေသွားမည် ဆိုသည့် စိတ်ကူးထားသမျှလေး ပျက်စီးသွားသလို ခံစားရသည်။ အရေးမကြီးလှသော အချစ်ကို ရှာဖွေမည့်အစား မိသားစုနှင့်အတူ မေမေ့ဘဝကို တည်ငြိမ်စေချင်လှပြီ။

ခြံထဲက ဒန်းမှာ ထိုင်ပြီး အတွေးလွန်နေတာ ဘယ်လောက် တောင် ကြာပြီလဲ မသိ။ ခြံထဲကို ကိုကို့ကား ဝင်လာမှ ညနေ အတော် စောင်းနေပြီမှန်း သတိဝင်လာသည်။ ကိုကိုက ကားပေါ်မှ ဆင်းပြီး သူမ ဘက်ကို တချက်လှမ်းကြည့်ကာ အိမ်ထဲကို တန်းပြီး ဝင်သွားသည်။

သူမ လိုက်ဝင်မသွားဘဲ ဒန်းပေါ်မှာပဲ ဆက်ထိုင်နေဖြစ်သည်။ တကယ် ကတော့ ခင်ပွန်းသည် ပြန်လာလျှင် ပြေးကြို၊ အနားကပ် ပွတ်သီးပွတ် သပ်တော့ နေသင့်သည် ဆိုတာကို သူမ သိပါသည်။ သို့သော် ကိုကိုနှင့် အိမ်ထောင်ကျပါပြီ ဆိုကတည်းက အဲဒါမျိုးတွေကို တခါမှ မလုပ်ဖူးခဲ့။ လုပ်ဖို့ ဝါသနာလည်း မပါ။

သူမက အရင်က Tour Guide လုပ်သည်။ ကလေးယူဖို့ စဉ်းစားပြီး Guide လုပ်နေခြင်းကို ခဏနားကာ စာသာ လိုက်သင်နေ ခြင်း ဖြစ်သည်။ ခုတော့ ကလေးလည်း မလိုချင်တော့။ ကိုကိုက သူမကို ပစ်ပြီး တခြားတယောက်နှင့် ဖောက်ပြန်ရုံမက ယူသွားလည်း အရေးမကြီး တော့။ မေမေသာ အိမ်ထောင် မပြုဘူး ဆိုလျှင် သူမတို့ မိသားစုလေးကို ပြန်ပြီး စုစည်းချင်ပါသည်။ ဖေဖေနဲ့ မေမေ ပြန်ပြီး ပေါင်းစရာ မလိုပါ။ အစ်ကိုကြီးနှင့် ညီမလို စည်းလုံးမှုနဲ့ပဲ ဖြစ်ဖြစ်ပေါ့။ မေမေ့ကို အိမ်ကို ထမင်းစားဖိတ်ခြင်းဖြင့် သူမဟာ မေမေ့သမီးပါလို့ အသိပေးရရင် ကောင်းမလားရယ်လို့ စဉ်းစားကြည့်မိသည်။ မေမေက လာပါ့မလား၊ လာသည် ထားပါဦး လက်ခံနိုင်ပါ့မလား။

ထိုအကြံအစည်ကို ဖျက်လိုက်သည်။ သူမ ကိုယ်တိုင်သာ မေမေ့ကို တိုက်ရိုက် အသိပေးချင်ပါသည်။ လက်ထဲက နာရီကို ကြည့် မိတော့ ခုနစ်နာရီ ထိုးပြီ။ ဖေဖေ့ကို ညစာ ပြင်ကျွေးပြီး ဆေးတိုက်ဖို့ အိမ်ထဲကို ဝင်လာခဲ့သည်။ စွတ်ပြုတ်နှင့် သစ်သီးတွေကို ဗန်းနှင့် သယ်ကာ ဖေဖေ့အခန်းတွင်းကို သယ်လာခဲ့လိုက်သည်။ တနေ့က အပြင်ကို တနေကုန် သွားထားသောကြောင့် ဖေဖေ အနည်းငယ် ဖျားနေသည်။

မော်မော်ကပါ ဖေဖေ့အခန်းထဲကို သူမနှင့်အတူ လိုက်ပြီးဝင်လာသဖြင့် သားအဖသုံးယောက် ရောက်တတ်ရာရာတွေ လျှောက် ပြောနေကြတုန်း အိမ်ရှေ့မှ ကားစက်နိုးကာ မောင်းထွက်သွားသံ ကြားရတာမို့ မော်မော်က ပြေးထွက်ကြည့်သည်။ ပြတင်းပေါက်ကနေ အပြင်ကို မျှော်ကြည့်နေသော သူမကို ဖေဖေက

"ဥက္ကာပဲ ထင်တယ် သမီး"

ဟု လှမ်းပြောသည်။ သူမ ဖေဖေ့ကို ခေါင်းညိတ်ပြလိုက်ပြီး ကိုကိုတယောက်

ဘာမပြော ညာမပြောနှင့် ဘာကြောင့်များ မိုးချုပ်မှ အပြင်ကို ထပ်ပြီး ထွက်သွားတာလဲလို့ စဉ်းစားနေမိသည်။ ဖေဖေ့ ဘေးနားကို ပြန်ထိုင်လိုက်တော့မှ ဖေဖေက–

"ဘယ်ကို သွားတာလဲ သမီး သိလား"

"မသိဘူး ဖေဖေ၊ သူနဲ့ ဒီနေ့ မတွေ့ရသေးဘူး။ မနက်က စာသင်ချိန်က အစောပိုင်းမို့ သမီးက အစောကြီး ထွက်သွားတာ၊ ခုနက သူ ပြန်လာတော့လည်း အိမ်ပေါ်ကို တန်းပြီး တက်သွားတာပဲ၊ သမီးက ဖေဖေ့အခန်းထဲ ဝင်လာနေတာ တွေ့ကို မတွေ့ရသေးဘူး"

ဖေဖေက သက်ပြင်းကို ခပ်လေးလေး ချသည်။

"တအိမ်တည်း အတူနေတဲ့ လင်မယားဟာ အဲဒီလောက် ကွာဝေးနေကြတော့ မကောင်းဘူးလေ သမီး၊ အဖေဆိုတော့လည်း ခက်သားပဲ၊ သမီးရဲ့ အိမ်ထောင်ရေးကိစ္စကို ဘယ်လို ပြောပြရမယ်မှန်း နားမလည်ဘူး၊ မင်း ကလေးယူသင့်ပြီ သမီး"

သူမ ဖေဖေ့ကို အသာအယာသာ ပြုံးပြလိုက်သည်။ သူမနှင့် ကိုကိုက မိဘပေးစားလို့ ယူခဲ့တာမျိုးလည်း မဟုတ်။ အချင်းချင်း ချစ်ကြိုက်ပြီးမှ ယူခဲ့ကြတာ ဖြစ်သည်။ ကိုကိုနှင့် လက်ထပ်စဉ်က သူမ အသက်က အနည်းငယ် ငယ်သေးသော်လည်း ခရီးတွေ သွားရလွန်းသော သူမကို စိတ်မချနိုင်ပါဟု ဆိုကာ လက်ထပ်ခွင့် တောင်းယူခဲ့ သည်။ အဲဒီအချိန်က ဖေဖေကလည်း ကျန်းမာရေး အတော်ကို ချို့ယွင်း နေချိန်မို့ တည်တည်ငြိမ်ငြိမ် နေတတ်ကာ သူမကို မြတ်နိုးပုံရသော ကိုကိုနှင့် သဘောတူပေးခဲ့သည်။

ခုတလော ကိုကိုက ဖေဖေ့ကို အရင်ကလို မဟုတ်တော့ဘဲ ခပ်ရှောင်ရှောင် ဖြစ်လာသည်။ လူကြီးဖြစ်သည့် ဖေဖေက သူ့သမက် တော့ လိပ်ပြာ မလုံစရာ တခုခုကို လုပ်နေပြီဖြစ်ကြောင်း ရိပ်မိနေတာပဲ ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် သူမကာ ကိုကို့၏ ကာမပိုင်မယားမို့ လုပ်သင့်တာ တခုကိုတော့ အသေအချာကို လုပ်ရမှာပဲ မဟုတ်လား။

အခန်း (၆)

"ကိုကိုတို့ ကွာရှင်းရအောင်လား... သော်"

ကိုကို့စကားတွေက သူမ နားထဲမှာ အနုမြူဗုံးတလုံးလို ပေါက်ကွဲသွားရသည်။ မယုံကြည်နိုင်စွာ သူမ ထပ်မေးမိသည်။

"ကိုကို... ဘာပြောလိုက်တယ်"

"ဟုတ်တယ်... ကိုယ် တောင်းပန်ပါတယ်၊ ကိုယ်တို့ ရှေ့ဆက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး သော်ရယ်"

ဟင့်အင်း... မဖြစ်ရဘူး၊ ဒီလိုမဖြစ်ရပါဘူး။ သူမအတွက် ကိုကိုက ဘယ်လိုမှ အရေးမကြီးပါဘူးရယ်လို့ ထင်ထားပေမယ့်လည်း တကယ်တမ်း လက်တွေ့ ကြုံလာသည့်အခါ သူမ လက်မခံနိုင်။

"ကိုကိုရယ်... ဟိုတနေ့ညက ဒင်နာအကြောင်း မေ့သွားလို့ သော့်ကို စိတ်ဆိုးတာ မဟုတ်လား၊ သော် တကယ် မေ့သွားတာပါ၊ အဲဒါလေး မေ့မိရုံနဲ့ ဒီလို မပြောသင့်ပါဘူး... နော်... ဟုတ်တယ် မဟုတ်လား"

သူမနှင့် အကြည့်ချင်း မဆုံအောင် ရှောင်ဖယ်နေသော ကိုကို့ မျက်နှာကို သေသေချာချာ လိုက်ကြည့်လျက် သူမ တုန်လှုပ်စွာ တတွတ်တွတ် မေးမိသည်။ ကိုကိုက မေးကြောများ ထောင်လာသည် အထိ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ ကိုကို့မျက်လုံးများက နီရဲကာ မျက်ရည်ဝဲနေသော်လည်း ဆုံးဖြတ်ချက် ခိုင်မာပြီးသား အရိပ် အယောင်တွေကို သူမ မြင်ရသည်။

"ကိုကို တကယ် ပြောနေတာပါ သော်၊ ကိုကို သော့်ကို ချစ်ခဲ့ပါ တယ်၊ ဒါပေမဲ့ ကိုကိုတို့ ရှေ့ဆက်ကြဖို့ ဘယ်လိုမျိုးမှ မဖြစ်နိုင်တော့ လို့ပါ"

ကိုကို့လက်မောင်းကို ကိုင်ထားသည့် သူမ၏ လက်ကို အလန့်တကြား ဖယ်ရှားလိုက်မိသည်။ သူမ မျက်ဝန်းမှ မျက်ရည်များက ဆည်ရေ ကျိုးပေါက်သလို တလဟော လိမ့်ဆင်းလာသည်။

"ဟင့်အင်း... ဟင့်အင်း... မကွာရှင်းဘူး၊ ကိုကို့ကို သော် မကွာနိုင်ဘူး... မကွာပေးနိုင်ဘူး"

သူမ အော်ဟစ်ကာ ရှိုက်ကြီးတငင် ငိုချပစ်လိုက်သည်။ ကိုကို က လက်သီးကို တင်းတင်းဆုပ်ကာ ကျောက်ရုပ်တရုပ်လို တောင့် တောင့်မတ်မတ် ရပ်နေဆဲ-

"သော့်မှာ ဘာအပြစ်ရှိလို့လဲ ကိုကို... ဟင်"

မျက်ရည်တွေ ပြည့်ဝိုင်းနေသော သူမ၏ မျက်ဝန်းများကို ကိုကိုက ရင်မဆိုင်နိုင်စွာ လွှဲဖယ်သည်။

"ဖြေလေ.. ကိုကိုရဲ့၊ သော်တို့ လက်ထပ်တုန်းက ဘယ်အရာ မဆို တယောက်ကိုတယောက် ညှိညှိနှိုင်းနှိုင်း ဆွေးနွေးပြောဆိုပါ့မယ်ဆို... သော့်မှာ

အပြစ်ရှိရင် ကိုကိုက ခွင့်လွှတ်ပါ့မယ်ဆို... ဖြေပါဦး” ကိုကို့ ရင်ဘတ်အကျီကို ဆုပ်ကိုင်ဆွဲခါလျက် အရူးလို ငိုယိုပြီး မေးမိသည်။ ကိုကိုက သူမ ပခုံးတွေကို အသာအယာ ထိန်းကိုင်ပြီး တိုးတိမ် စွာ ပြောသည်။

“သော့်မှာ အပြစ်မရှိပါဘူး၊ ကိုကိုက အပြစ်ရှိတာပါ။ သော်ကပဲ ကိုကို့ကို ခွင့်လွှတ်နားလည်ပေးပါ”

“ပြောပြပါ... သော့်ကို အဲဒီအပြစ် ပြောပြပါ၊ သော် တောင်း ပန်ပါတယ် ကိုကိုရဲ့.. သော် သိပါရစေ၊ ပြင်ဆင်ပါရစေ.. ကိုကို့ကို သော် မခွဲနိုင်ဘူး”

ဘယ်လိုမျိုး အေးတိအေးစက်နေနေ အခုလို ကွာရှင်းရမည် ဆိုတော့ သူမ ကိုကို့ကို တကယ်ပဲ မခွဲနိုင်မှန်း သိလိုက်ရသည်။ သူမ၏ နှလုံးသားတွေကို မာနဖြင့် လျစ်လျူမရှုနိုင်။

“ပြောပြပါ ကိုကိုရယ်... အပြင်မှာ ရည်းစားထားမိလို့လား ဟင်၊ အပျော်ပဲ မဟုတ်လား၊ သော် ခွင့်လွှတ်နိုင်ပါတယ် နော်... ကိုကို”

ကိုကိုက သက်ပြင်း မှုတ်ထုတ်လျက် စိတ်ပျက်လက်ပျက် လေသံဖြင့်–

“ခက်တယ် သော်ရယ်၊ တကယ် ခက်တယ်၊ ကိုကို့ကို ချောင်ပိတ်တဲ့ မေးခွန်းတွေ မမေးပါနဲ့လား”

“ဟင့်အင်း... ခိုင်လုံတဲ့ အကြောင်းပြချက် သော် သိပါရစေ“ သူမ ဘယ်လောက်အထိ ခေါင်းမာတယ် ဆိုတာကို ကိုကို သိပါသည်။ အဖြေကို မသိရမချင်း သူမ၏ မရပ်တန့်တတ်သည့် ဇွဲကို ကိုကို သဘောပေါက် နားလည်သည်။ အရာရာကို ဆုံးဖြတ်ချက် ချပြီးသည့် အကြည့်မျိုးနှင့် ကိုကိုက သူမကို ကြည့်လာသည်။ ပြီးမှ ညင်သာ တိုးဖျော့သော်လည်း ပြတ်သားသည့် လေသံဖြင့်–

“အမျိုးသမီးတယောက်ကို ကိုကို တကယ့်ကို နှစ်နှစ်ကာကာ ချစ်မိသွားလို့ပါ... သော်”

သူမ ခန္ဓာကိုယ် တခုလုံး ပျော့ခွေကာ ခုတင်ပေါ်သို့ အရုပ်ကြိုး ပျက် ထိုင်လျက် ပြုတ်ကျသွားသည်။

“ဘုရား... ဘုရား”

အခန်း (၇)

ကိုကို့ကို အချိန် တလလောက်ယူပြီး စဉ်းစားပါရစေရယ်လို့ တောင်းဆိုလိုက်သည်။ အစကတော့ ကိုကိုက သဘောမတူချင်။ သူ့ ဘက်က မပြောင်းလဲတော့သော အဖြေအတွက် အချိန်မဖြုန်းလိုဟု ပြောသည်။ သို့သော် သူမက လတ်တလောတော့ ဖေဖေ့ကို အသိမပေး ချင်သေးသောကြောင့်ပါဟု အကြောင်းပြ လိုက်သည်။ သူမနှင့် ကိုကိုက ချမြင့်၊ အခုကြိုက်ပြီး ယူခဲ့တာမျိုးလည်း မဟုတ်ကြပါဘဲနှင့် ကိုကို ဒီလောက်အထိ ဆုံးဖြတ်ချက် ပြတ်သားနိုင်တာကိုသာ သူမ အလွန့် အလွန်ကို အံ့သြမိလေသည်။

ဖေဖေ့ကိစ္စ၊ အိမ်ကိစ္စ အားလုံးကို မော်မော်နှင့်လွဲကာ နေမကောင်းဘူးဟု အကြောင်းပြလျက် သူမကိုယ် သူမ အခန်းထဲတွင် လှောင်ပိတ်နေခဲ့သည်။ သူမ တစုံတရာဖြစ်တိုင်း ရိပ်မိတတ်သော ဖေဖေကပင် ထွေထွေ ထူးထူး မမေးဘဲ သူမ၏ အပြောကိုသာ စောင့်နေပုံ ရသည်။ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်သော သူမ ဘဝအတွက် ကိုကို မရှိတော့လို့လည်း အပြောင်းအလဲ အကြီးအကျယ် ဖြစ်သွား မှာလည်း မဟုတ်မှန်း သိပါသည်။ သို့သော် သူမ ကိုကိုကို့ ချစ်သည်။

ချစ်တာကို ဖော်မပြတတ်သော သူမအကျင့်က အားနည်းချက်ကြီးဖြစ်ခဲ့၏။

အိပ်ရာပေါ်ကို လှဲနေရာမှ လေးပင်စွာ ထထိုင်လိုက်သည်။ မေမေနှင့် သူမ မတွေ့ဖြစ်တာ ကြာပြီ။ မေမေသာ သူမအနားမှာ ရှိလျှင် ဖြစ်ပျက်သမျှကို မေမေ့ရင်ခွင်ထဲ ခေါင်းတိုးလျက် အားပါးတရ ပြောပြီး ငိုချပစ်လိုက်ချင်သည်။ စိတ်ပြေလက်ပျောက် မေမေ့ဆီကို သွားဖို့ ဆုံး ဖြတ်ပြီး ခုတင်ပေါ်က ဆင်းလိုက်သည်။ ခေါင်းမလျှော်ဖြစ်သောကြောင့် စေးကပ်နေသော ဆံပင်တွေကို ညှပ်တစ်ခုနှင့် ဆွဲယူကာ သိမ်းပြီး မှန်ထဲ ကို ကြည့်မိတော့ ပိန်လှီဖြူဖျော့နေသော သူမကိုယ် သူမ မြင်တွေ့ရ လေသည်။

ရေချိုးပြီး အဝတ်လဲရန် ဘီရိုကို ဖွင့်လိုက်တော့ ဘီရိုထဲရှိကြိမ်ခြင်းကလေးထဲတွင် သူမ ထိုးလက်စ မာဖလာလေးကို တွေ့ရသည်။

"ဒီမာဖလာကို ဒီဆောင်းတွင်းမှာ ကိုကို့ကို ပေးဖို့ ငါ ရည်ရွယ် ခဲ့တာ မဟုတ်လား... ငါက တကယ်ပဲ ကိုကို့ကို ဂရုမစိုက်ခဲ့ဘူးလား... တွတ်တီးတွတ်တာ မပြောတတ်တာ... ပွတ်သီးပွတ်သပ် မချွဲတတ်ခဲ့ တာက လွဲရင် ကိုကို့ကို ငါ ချစ်ခဲ့တာပဲ မဟုတ်လား... အို... ဒါတွေ အကုန်လုံး အခုတော့ အလကားပဲ"

တွေးရင်း စိတ်တိုလာသဖြင့် ထိုးလက်စ အားလုံးကို ဆွဲယူကာ လွှင့်ပစ်လိုက်သည်။ ကြိမ်ခြင်းတောင်း ကလေးက လှောတိုက်ပြီး ခုတင်အောက်ကို ဝင်သွားသည်။ ခပ်လွယ်လွယ် ဝတ်နိုင်မည့် ကိုယ်ကျပ်ဂါဝန်ကို ဆွဲယူလိုက်တော့ ကျန်အင်္ကျီအချို့ပါ ပြုတ်ကျလာ သည်။ သူမ စိတ်တိုစွာ အဝတ်ပုံ တခုလုံးကို ကြမ်းပြင်ပေါ် ဆွဲချပြီး ဘီရိုတံခါးကို ဆောင့်ပိတ်လိုက်သည်။

ကြမ်းတမ်းသော တံခါးပိတ်လိုက်သံကြောင့် ထင်သည်၊ အခန်းဝက တံခါးခေါက်သံ ထွက်လာသည်။ "မမသော်... မော်မော်ပါ၊ ဘာဖြစ်တာလဲ ဟင်၊ တံခါးဖွင့်ပေးပါ... မမသော်"

သူမကို စိတ်ပူပြီး အဆက်မပြတ် တံခါးကို ခေါက်လျက် ခေါ် နေသော မော်မော့်အသံကိုပင် သူမ နားကလောကာ စိတ်တို လာသည်။

"ဘာဖြစ်သွားလဲ.. မမသော်၊ သမီး စိတ်ပူလို့ပါ၊ တံခါးဖွင့်ပေးပါ"

"ဘာမှ မဖြစ်ဘူး၊ ထပ်ပြီး လာမမေးနဲ့၊ သွားတော့"

"မမ"

"နင့်ကို သွားတော့လို့ ငါ ပြောနေတယ် မဟုတ်လား"

တကြိမ်တခါမှ မအော်ဟစ်ဖူးပါဘဲနှင့် မော်မော့်ကို ရင့်ရင့် သီးသီး အော်ပစ်မိသည်။ အကြောင်းအရင်း မရှိဘဲ အရာရာတိုင်းကို အလွယ်တကူ စိတ်ဆိုးနေသော သူမကိုယ် သူမလည်း အံ့သြမိသည်။ ဘာကိုမှ မဖြေရှင်းချင်၊ မပြောပြချင်တော့တာမို့ အဝတ်ကိုသာ ခပ်သွက် သွက်လဲပြီး အခန်းအပြင်ကို ထွက်လာခဲ့လိုက်သည်။ သူမ နှင်လွှတ် သော်လည်း ထွက်မသွားဘဲ အခန်းတံခါးမှာ တိတ်ဆိတ်စွာ ရပ်နေ သော မော်မော့်ကို တွေ့ရသည်။ အလကား နေရင်း အအော်ခံရသော် လည်း သူမကို စိတ်မဆိုးသည့် ညီမလေး... သူမ မျက်လုံးထဲတွင် မျက်ရည် များက ထပ်မံ ရစ်ဝိုင်းလာပြန်သည်။ မျက်ရည်များကို မော်မော် မမြင် ရအောင် ခေါင်းငုံ့ပြီး လှေကားပေါ်မှ ခပ်သွက်သွက် ပြေးဆင်းလာ ခဲ့သည်။

အခန်း (၈)

"မင်္ဂလာပါ မမ"

အေးစိမ့် မွှေးပျံ့နေသော မေမေ့ဆိုင်ထဲကို ဝင်လိုက်သည်နှင့် သူမရင်ထဲက သောကတွေပင် အတန်ငယ် လျော့ကျသွား သလိုလို။ မေမေ့ဆိုင်ကို လာတိုင်း သူမကို ခေါင်းလျှော်ပေးနေကျ သီတာကို ခေါ်လိုက်သည်။ ခေါင်းလျှော်စင်ပေါ်ကို လှဲချရင်း သီတာပြောသမျှ မျက်နှာဆေးမှာလား ရော၊ ဆံပင်ပေါင်းဆေး သုံးမှာလားရော၊ အနှိပ်ခံမှာလား တို့ကိုပါ ခေါင်းညိတ်ပစ်လိုက်သည်။

သူမ ခဏနားချင်သည်။

"မမိုးရော... သီတာ"

"အန်တီ ဆိုင်ကို မရောက်လာသေးဘူး မမ-

"ဪ...အေး အေး"

သူမ ခဏမျှ နိုးတဝက် အိပ်တဝက် ဖြစ်နေစဉ် ဆိုင်ထဲ ဝင်ဝင် လာချင်း ဝန်ထမ်းများကို တရစပ် ညွှန်ကြား၊ ဧည့်သည်တွေကို ခပ်သွက်သွက် နှုတ်ဆက်နေသော မေမေ့အသံကို ကြားနေရသည်။ မေမေ့ အသံက သွက်လက်လန်းဆန်းလျက် ရွှင်လန်း မြူးကြွနေသည်။

"အမယ်လေး... ဒေါ်ရွှေသော်၊ တော်တော် ပျောက်ချက်သား ကောင်းနေတယ် ဟုတ်လား"

ဟု မေမေက သူမဘေးကို ရောက်လာလျက် ပြောသည်။ ဆံပင်တွေကို ခပ်မြင့်မြင့် စုစည်းထားသဖြင့် မေမေ့မျက်နှာက ရှင်းရှင်း လေး ဖြစ်နေသည်။ သူမလည်း မေမေ့လို လန်းဆန်းပြီး ရွှင်လန်း တက်ကြွနေချင်သည်။ ဘာမှ ပြန်မပြောတော့ဘဲ ခပ်လျော့ လျော့သာ ပြုံးပြလိုက်သည်။ မေမေက ဆက်ပြီး-

"အံမယ်... ပြုံးတာကိုက အားမရှိဘူး၊ ပြောသားပဲ... ကျုပ်နဲ့ Yoga သင်တန်း အတူလိုက်တက်ပါ ဆိုတာကို။ သီတာ လက်သည်း တွေ ညှပ်ပြီး သမီး၊ ခေါင်းကို နှိပ်ပေးတယ် ဆိုတာ လက်ထိပ်ကလေး တွေနဲ့ ညင်ညင်သာသာ ထိအောင် နှိပ်ရတာ။ လက်သည်းအရှည်နဲ့ ကုတ်ရင် ဧည့်သည်က ခဏအယားပြေပေမယ့် ဦးရည်ခွံတွေ ပွန်းကုန် တတ်တယ်"

မေမေက သူမကို ပြောရင်း သူ့တပည့်ကိုပါ လိုအပ်တာ သင်ပြသွားသည်။ မေမေ့ဆိုင် အောင်မြင်နေတာလည်း အခုလို အသေး စိတ်ကအစ ဂရုစိုက်တတ်သောကြောင့် ဖြစ်မည်။ ထူးဆန်းစွာပင် မေမေက သူ့ဆိုင်ကို လာနေကျ customer တိုင်း၏ အကြိုက်တွေကို မှတ်မိလွန်းလှသည်။ ခေါင်းလျှော်ပြီး ဆံပင်အခြောက်ခံတော့ သူမ ဆံပင်ကို မေမေကိုယ်တိုင် ပုံလာသွင်းပေးသည်။

"မမ အားရင် သော်နဲ့ တခုခု သွားစားရအောင်လေ၊ သော်.. ဘာမှ မစားရသေးဘူး"

“မမ ခဏနေရင် ဆေးခန်းသွားရမယ် သော်ရဲ့ book လုပ်ထားတယ်”

“ဪ”

သူမ စိတ်မကောင်းသွားမှန်း သိလိုက်တာမို့ မေမေက စကား ကို ပြန်ဆက်၏။

“ဒီနားက ဆိုင်လေးမှာပဲ သော် တခုခု စားလေ။ သော်ကို လည်း မမပြောစရာ ရှိတယ်၊ ကြွားစရာ ရှိတယ်ဆို ပိုမှန်သပေါ့”

မေမေနှင့်အတူ လမ်းတစ်ဖက်က ယိုးဒယားဆိုင်လေးကို ကူးလာခဲ့သည်။ ဘာမှ မစားချင်ဘူးလို့ ငြင်းသော်လည်း ဖျော့တော့ တော့ ဖြစ်နေသော သူမ ပုံစံကို အားမရစွာ မေမေက စားစရာတွေ မှာပေးသည်။ သူမကို ဘာဖြစ် နေတာလဲဟု မေးတော့ အတူရှိနေ ချိန်လေး စိတ်ချမ်းချမ်းသာသာ နေချင်တာမို့ နေမကောင်းလို့ပါဟုသာ ဖြေလိုက်သည်။ မေမေ့ ဂရုစိုက်မှုကို ခံယူရင်း သူမ ပြန်ပြီး ရွှင်လန်း လာသည်။ မေမေသာ သူမနှင့် အတူရှိနေမယ်ဆိုရင် သူမ ခံနိုင်ရည် ရှိမယ် ထင်ပါရဲ့။

စားသောက်ပြီးသောအခါ မေမေက-

“သော့်ကို မကြွားစရာ တခု... အဲ... နှစ်ခု ရှိတယ်”

“အတော် ပျော်နေပုံ ထောက်ရင်တော့ သတင်းကြီးကြီး ထင်တယ်”

“အို... ကြီးသမျှ သိပ်ကြီး... ဒီမှာ ကြည့်စမ်း”

မေမေက အားရပါးရ ပြုံးကာ သူမ၏ ဘယ်ဖက်လက် ကလေးကို ထောင်ပြသည်။ မေမေ့လက်သူကြွယ်တွင် စွပ်ထားသည့် အလွန်လှပသော စိန်လက်စွပ်ကလေးက ဝင်းခနဲ လက်သွားသည်။

“လာမယ့် နိုဝင်ဘာမှ မမတို့ လက်မှတ်ထိုးမယ်၊ ဖူခက်မှာ ညှော်ခံပွဲ သေးသေးကလေး လုပ်မယ်၊ သော်... လိုက်ခဲ့ရမယ်နော်”

သူမ အံ့ဩမှင်သက်စွာ ဘာမှ မပြောမိ။ မေမေ တကယ်ပဲ လက်ထပ်တော့မှာပေါ့၊ သူမ စိတ်တွေ ပြန်လည်ပြီး နောက်ကျသွားရ တော့သည်။

အခန်း (၉)

စိတ်ပျက်လက်ပျက် ဖြစ်ကာ လက်ဖဝါးတွေနှင့် မျက်နှာကို အုပ်ပစ်လိုက်သော သူမကို မေမေက သေသေချာချာ စိုက်ကြည့်ပြီး ကြင်နာစွာ မေးသည်။

“ဘာဖြစ်တာလဲ သော်၊ နေမကောင်းတာလား ဟင်” သူမ ခေါင်းကိုသာ အသာအယာ ညိတ်ပြလိုက်ရသည်။ စိတ် မကောင်း ဖြစ်သွားတာကိုကျတော့ သူမ ဘယ်လို ရှင်းပြရပါ့။ မေမေသာ သူမ အနားမှာ ရှိပေးမယ်ဆိုရင် မေမေပေးသော အင်အားများနှင့် သူမ ကိုကို့၏ ကွာရှင်းမှုကို အခက်အခဲ မရှိ ရင်ဆိုင်နိုင်မည်ဟု တွက်ဆခဲ့ သည်။

သို့သော် မေမေကပါ သူမ အနားမှာ မရှိနိုင်တော့။

မေမေသာ သော့်မေမေပါလို့ အခုပဲ ပြောလိုက်ရမလား...

မေမေက လက်ခံနိုင်ပါ့မလား...

မေမေရယ် လက်မထပ်ပါနဲ့လားလို့ သူမ ပြောထွက်လိုက်ချင်သည်။ သူမ အရဲစွန့်ကာ–

“မမရယ်... ဘာဖြစ်လို့ လက်ထပ်မှာလဲ ဟင်၊ လက်မထပ်လို့ မရဘူးလား”

မေမေက အတန်ငယ် အံ့ဩစွာ သူမကို စိုက်ကြည့်ကာ မေးသည်။

“ဘာဖြစ်လို့လဲ သော်၊ မမ ဘာဖြစ်လို့ လက်မထပ်ရမှာလဲ ဟင်၊ သော့်မှာ အကြောင်းပြချက် တခုခု ရှိလား”

အို... အကြောင်းပြချက်တဲ့၊ ဘာပြောရမလဲ... ဘယ်အ ကြောင်းပြချက်ကို သူမ ထုတ်ပြောရလဲ။ မေမေဟာ သူ့မှာ သမီး တယောက် ရှိနေသေးတဲ့ အကြောင်းကို အစတောင်မှ မဖော်တာ၊ သူမ ပြောလျှင်ရော ယုံမှာတဲ့လား၊ သူမ အကြောင်းပြချက် တခုခုလောက် တော့ အသည်းအသန်ကို လိုအပ်လျက် ရှိပြီ။

“ပြောလေ... သော်”

“ပိုင်းလုံးဖြစ်နေမှာ စိုးရိမ်လို့”

သူမ ပါးစပ်က ကြိုတင်ရည်ရွယ်မထားသည့် စကားလုံးများ ရုတ်တရက် ထွက်သွားသည်။ မေမေက အနည်းငယ် အံ့ဩသွားပြီးမှ ပြုံးလိုက်ကာ သူမ၏ လက်ကို အုပ်မိုး ဆုပ်ကိုင်လိုက်သည်။

“ညီမလေးက ဒါကို စိတ်ပူတာကိုး၊ စိတ်မပူပါနဲ့၊ သူက အဲလို လူမျိုး မဟုတ်ပါဘူး၊ သူကိုယ်တိုင်လည်း စီးပွားရေးသမား၊ ပိုက်ဆံ လည်း ရှိပါတယ်၊ ပိုက်ဆံအတွက်နဲ့တော့ မမကို ကပ်စရာမှ မလိုတာ သော်ရယ်”

“ဪ”

သူမမှာ ဆက်ပြောစရာ စကားတို့ မရှိတော့၊ သူမ ဘာကိုထပ်ပြီး အကြောင်းပြရပါ့မလဲ။

"မမကို သူ ချစ်သလား ဟင်"

မေမေက တောက်ပစွာ ပြုံးသည်။ မေမေ့ မျက်လုံးကလေး များက အရောင်လဲ့ကာ စိန်ပွင့်ကလေး တွေလို တဖျပ်ဖျပ် လက်သွား သည်။

"အသက် လေးဆယ့်နှစ်နှစ်အရွယ်၊ နှစ်ခုလပ်နဲ့ မုဆိုးမ ဖြစ်နေတဲ့ မိန်းမတယောက်ရဲ့ ဘဝမှာ သူချစ်တဲ့ အချစ်မျိုးကို မမ မတွေ့ ဖူးသလို သူ့ကို ချစ်တဲ့ အချစ်မျိုးကိုလည်း မမ မခံစားဖူးဘူး သော်။ သူက မမထက် ဆယ့်သုံးနှစ် ငယ်တယ်၊ အစကတော့ မမ သူ့ကို လက် ထပ်ဖို့အထိ မစဉ်းစားခဲ့ဘူး၊ ဒီလို သာမန်တွဲရုံလောက်ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သူမှာက အိမ်ထောင် ရှိတယ်လေ"

"ဘာရယ်...."

သူမ နံဘေးနာကို ကပ်ပြီး မိုးကြိုးပစ်ချလိုက်သလိုမျိုး သူမ တကိုယ်လုံး ဆတ်ခနဲ တုန်ခါသွားသည်။ မဖြစ်နိုင်ပါဘူး၊ သူမ နားကြား လွဲတာပဲ ဖြစ်မှာပါ။

"ဖြည်းဖြည်းပြောပါ သော်ရဲ့၊ အိမ်ထောင်ရှိလို့ မမ သူ့ကို ခွာဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ မရခဲ့ဘူး"

တဆတ်ဆတ် တုန်နေသော လက်များဖြင့် စားပွဲပေါ်က ရေဖန်ခွက်ကို အပူတွေ ငြိမ်းလိုငြိမ်းညား ယူသောက်လိုက်သည်။ မီး အပူပေါ် ရေစက်ကျသလို အပူတွေသာ ဟုန်းခနဲ ပြန်တက်လာသည်။ သူမ၏ အာခေါင်တွေ ပိုပြီး ပူပြင်းခြောက်ကပ်လာကြသည်။

"ယောကျ်ားတွေ ဆိုတာမျိုးက လျော့လွန်းရင်လည်း မကြိုက်၊ တင်းကျပ် လွန်းရင်လည်း ကန်ထွက်တတ်တယ်လေ။ သူ့အိမ်ထောင်ရေးက သိပ်ကို လျော့ရဲ အေးစက်လွန်းတာကိုး။ သူ အခုမှ တကယ့် အချစ် ဆိုတာကို သဘောပေါက် ခံစားရတာတဲ့

မေမေက ပြောရင်း အအေးကို တငုံသောက်သည်။ ပြီးမှ သော့်ကို ကြည့်ကာ–

"သော့်ကို ကြည့်ရတာ နေမကောင်းဖြစ်လာသလိုပဲ၊ မမနဲ့ ဆေးခန်း လိုက်မလား ... လိုက်ခဲ့လေ၊ ဆေးခန်းပြပြီးရင် မမ ပြန်ပို့ ပေးမယ်"

"ရတယ်... မမ၊ သော် နည်းနည်း ခေါင်းမူးလာလို့ပါ"

သူမ ဘယ်လိုမျိုး ခေါင်းမမူးဘဲ နေနိုင်ပါမည်နည်း။ တခြား မိန်းမတယောက်ကို လက်ထပ်ဖို့ သူမကို ခင်ပွန်းသည်က ကွာရှင်းခွင့် တောင်းနေချိန်မှာ မေမေကလည်း ဇနီးသည်တယောက်၏ ခင်ပွန်း သည်ကို လက်ထပ်ဖို့ ကြိုးစားနေပြန်သည်တဲ့။ လောကကြီးကပဲ အံ့သြ စရာ ကောင်းတာလား၊ လူတွေကပဲ အံ့သြစရာ ကောင်းတာလား ဆိုတာကို သူမ မခွဲခြားတတ်တော့။ သူမ ခေါင်းတွေ တရိပ်ရိပ် မူးဝေ လာခဲ့သည်။

"သော် ဘာမှ မစားတော့ရင် ပိုက်ဆံ ရှင်းလိုက်တော့မယ် နော်၊ သူ

လာကြိုနေပြီ၊ မမလည်း ဆေးခန်းပြချိန် နီးပြီလေ.. Waiter ရေ bill ပေးပါဦး”

မေမေက ပိုက်ဆံအိတ်ကို ထုတ်ရင်း waiter ကို လှမ်းပြော သည်။ သူမ၏ လက်ဆစ်များ ဖြူဖွေးလာသည်အထိ စားပွဲစွန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ သူမသည် မေမေ့အား ကိုယ့်အိမ် ထောင်ရေးကို အလေးအနက် မထားသူဟုသာ ထင်ခဲ့သည်။ အခုတော့ မေမေက တပါးသူ၏ အိမ်ထောင်ရေးကိုပါ အလေးအနက်လုံးဝမထားချေ။ သူမ ရင်ထဲ တဆစ်ဆစ်နှင့် ကိုက်ခဲ ေအာင့်မြက်လာသည်။

ထိုစဉ်မှာပင် မေမေ့ဖုန်းကလေးမှ အသံမြည်လာတာမို့ ဖုန်းကို ကိုင်ကာ မေမေ တဘက်သို့ လှည့်ပြီး လာကြိုဖို့ နေရာကို လမ်း ညွှန်ကာ စကားပြောနေသည်။ waiter လေးက bill စာရွက်ကို လာပေး တာမို့ ပိုက်ဆံအိတ်ကို ထုတ်ယူပြီး ပိုက်ဆံရှင်းပေးလိုက်စဉ် သူမ၏ ပိုက်ဆံအိတ်ကြားမှ ကတ်ပြားလေးတခု ပြုတ်ကျသွားသည်။

waiter ကောင်လေးက ကုန်းကောက်ပေးပြီး စားပွဲပေါ် တင်ပေးသွားသည်။ ပိုတာကို Tip ယူလိုက်ဖို့ ပြောပြီး သူ ကောက်တင် ပေးသွားသည့် ကဒ်ပြားလေးကို ကြည့်မိလိုက်တော့ ကိုကို့ လိုင်စင် ဓာတ်ပုံလေး။ ဓာတ်ပုံ အရိုက်ခံလေ့ မရှိသော ကိုကို့မျက်နှာက ပုံထဲမှာ အပြင်မှာကဲ့သို့ ကြည့်မကောင်း။ ဒီပုံရိုက်တုန်းက သူမနှင့်အတူ သွားရိုက်ခဲ့တာ။

သူမထက် အသက်ကြီးသလို သူမကို ချစ်လွန်းလှပါချည်ရဲ့ဟု ဆိုကာ လက်ထပ်ခဲ့သေ ကိုကိုက အခုတော့ ကွာရှင်းခွင့်ကို တောင်း နေပြီ။ ထို့ထက်ပိုပြီး ဆိုးတာက တခြားမိန်းမတယောက်ကို နှစ်နှစ် ကာကာ ချစ်မိပါသည်တဲ့။ ဘယ်လောက်တောင်မှ ရင်နာစရာ ကောင်း လိုက်ပါသလဲ။

ကိုကို့ဓာတ်ပုံလေးကို စိုက်ကြည့်ပြီး အတွေးလွန်နေစဉ် မေမေ့အသံ စည်စည်က သူမကို ပစ္စက္ခလောကကို ပြန်ဆွဲခေါ်လိုက်သည်။

“ဟယ်... သော် ဘာလို့ ရှင်းလိုက်တာလဲ၊ မမ ရှင်းမှာပေ့ါ။ သော် ဆေးခန်း မလိုက်တော့ဘူး မှတ်လား၊ သေသေချာချာ ပြန်နော်၊ အိမ်ရောက်ရင် မမကို ဖုန်းဆက်...”

သူမကို စိတ်မချ လက်မချနှင့် တရစပ် မှာနေသော မေမေ့ကို မော့ကြည့်မိသည်။ မေမေက စားပွဲပေါ် တင်ထားခဲ့သည့် သူ့ပိုက်ဆံအိတ်ကို လက်ကိုင်အိတ်ထဲသို့ ပြန်ထည့်ရင်း သူမကို ကြည့်သည်။ မေမေ့မျက်လုံးများက သူမ လက်ထဲတွင် ကိုင်ထားသည့် ဓာတ်ပုံ ကလေးဆီကို အကြည့်ရောက်လာသည်။

“ဟော... မောင့်ပုံလေးကို ပြုတ်ကျပြန်ပြီကိုး။ ပိုက်ဆံအိတ် ထုတ်လို့ သတိမထားရင် အဲဒီလိုပဲ ခဏခဏ ပြုတ်ကျတယ်။ ကောက်ပေး ထားတာ ကျေးဇူးနော် သော်၊ နောက်တခါ မမပဲ ဝယ်ကျွေးမယ်၊ အခု တော့ မောင် လာကြိုပြီ၊ ပြေးဦးမယ် တာ့တာ...”

ပြောပြောဆိုဆိုနှင့် သူမလက်ထဲက ကိုကို့ဓာတ်ပုံလေးကို ဖျတ်ခနဲ ဆွဲယူကာ ဒေါင်းမလေးတကောင် အလား ပေါ့ပါးစွာ ပြေးထွက် သွားသည်။

“မေမေ... ဘာ... ဘာကို ပြောသွားတာလဲ၊ ဘာကို ယူသွား တာလဲ”

သူမ အလွန်တရာကို တုန်လှုပ်ချောက်ခြားစွာဖြင့် အယိုင်ယိုင် အနဲ့နဲ့ မတ်တပ်ထရပ်လိုက်သည်။ ဆိုင်ရှေ့လမ်းမပေါ်သို့ ထိုးရပ်လာ သည့် ခဲရောင် ပရာဒိုကားတစီး၏ တံခါးကို ဖွင့်ကာ မေမေ တက်သွား သည်။ သူမ မျက်ဝန်းများ ပြူးကျယ်ကာ ကားကို လိုက်ကြည့်နေ မိသည်။

“3F/42... ဘုရား...ဘုရား”

ရုတ်ချည်းပင် လောကကြီးနှင့် သူမ အဆက်အသွယ် ပြတ်သွားခဲ့လေတော့သည်။

အခန်း (၁၀)

သူမ၏ မျက်စိရှေ့တွင် ရှိတော့ အဖြူရောင်က စူးရှလွန်းနေ သည်။ သူမ မျက်လုံးတွေကို ချက်ချင်း ပြန်ပိတ်ပစ်လိုက်ပြီး ဖြည်း ဖြည်းချင်း ပြန်ဖွင့်လိုက်သည်။ မျက်နှာကျက် ဖြူဖြူတခု–"မမသော်... ကြားရလား၊ မော်မော် ခေါ်တာ မမ ကြားရလား"

အသံလာရာဆီကို ငုံ့စောင်းကြည့်လိုက်တော့ မော်မော်၊ မော်မော့်၏ မျက်လုံးများတွင် စိတ်ပူပန်မှုနှင့် ကြွင်နာရိပ်များ ကြီးစိုးနေသည်။

"မမသော်.... ခဏနော်၊ မော် ဆရာမ သွားခေါ်ဦးမယ်" ပြောပြောဆိုဆိုနှင့် မော်မော် ထွက်သွားသည်။ သူမ ခေါင်းထဲ မှာ ဘာကိုမှ စဉ်းစားမရသေးဘဲ ဝေဝါးနေသည်။ မော်မော်နှင့် သူနာပြု တယောက် ပြန်ဝင်လာသည်။ သူနာပြုဆရာမက သူမကို အနည်းငယ် စမ်းသပ်လျက်–

"လူနာက သတိရပါပြီ၊ အားကတော့ သိပ်နည်းနေတယ်၊ ခဏနေရင် ဆရာဝန်ကြီး လာပါလိမ့်မယ်၊ အကြောင်းကြားထားတယ်"

"ဟုတ်ကဲ့ ဆရာမ၊ ကျေးဇူးတင်ပါတယ်၊ ဟယ်... မမသော် မထနဲ့ဦးလေ"

မော်မော်က သူနာပြုဆရာမကို စကာပြောရင်း ထထိုင်ရန် ကြိုးစားနေသည့် သူမဘက်ကို လှည့်ကာ ယိုင်လဲမသွားအောင် လှမ်း ထိန်းပေးသည်။

သူမ အတွေးတွေထဲမှာ အရာအားလုံးက အခုထိ ရှုပ်ထွေးကာ အမြင်သက်သက် အကြားသက်သက် နှင့် မှတ်သားမရနိုင်အောင် ဖြစ်နေဆဲ။

"ရေ.... သောက်ချင်တယ်"

သူမ စကားသံက ခြောက်ကပ်တိုးလျစွာ။ မော်မော်က ခွက် ကလေးကို ပိုက်တပ်ကာ သူမကို ရေတိုက်သည်။ ရေသောက်လိုက် တော့ သူမ ခေါင်းထဲမှာ အနည်းငယ်မျှ ကြည်လင်လာရသည်။

မော်မော်က–

"ဖေဖေကြီးကတော့ မနေ့ကတည်းက ပဲခူးက တရားရိပ်သာ ကို သွားနေတယ် မမသော်၊ လေးဆယ့်ငါးရက် ကြာမယ်တဲ့။ ဖေကြီးကို ကူညီ လုပ်ပေးဖို့ ဦးကျော်စိန် အဖော်လိုက်သွားတယ်။ အစ်ကိုကြီး ကိုတော့ မော်မော် ဖုန်းခေါ်ထားပေမယ့် မကိုင်ဘူး၊ မနေ့က ညနေကတည်းက အိမ်တံခါး သော့ပိတ်ပြီး မော်မော် ရောက်နေတာ"

မော်မော့်စကားတွေကို စိတ်မှတ်မဲ့ ကြားနေရာမှ သူမ သတိပြန်ဝင်လာသည်။ မနေ့က သူမ မေမေနှင့် စားသောက်ဆိုင်မှာ တွေ့နေ တာ။ သူမ လက်ထဲကနေ ကိုကို့ဓာတ်ပုံကို မေမေက ယူတယ်၊ ပြီးတော့ မေမေ တက်သွားတာက ကိုကို့ကား၊ ဒါဆို ကိုကိုနဲ့ သူမ မေမေ...

ဟင့်အင်း... မဟုတ်ရဘူး။

ရင်ထဲမှာ ဗလောင်ဆူကာ စိတ်၏ တွန်းကန်အားဖြင့် သူမ ဆတ်ခနဲ ထထိုင်မိသည်။

သူနာပြုဆရာမက–

"အို… အရမ်းမထနဲ့လေ၊ အားက သိပ်နည်းနေတုန်း"

"ဆရာမ… ကျွန်မလက်က ပိုက်တွေ ဖြုတ်ပေးပါ"

သူမ လေသံက မာကြောပြတ်သားကာ မျက်ဝန်းများက နီရဲ တောက်ပြောင်နေကြသည်။

"မဟုတ်ဘူးလေ… ဖြုတ်လို့မရ.. ဆရာဝန်ကြီး…"

သူမကြောက်လန့်ဖွယ်ရာ ဟန်ပန်ကြောင့် သူနာပြုရော မော်မော်ပါ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြသည်။

"မမသော်…မရသေး"

"မကြားချင်ဘူး၊ အခု ကျွန်မလက်က ပိုက်တွေကို ဖြုတ်ပေးဖို့ ပြောနေတယ် မဟုတ်လား"

မော်မော့်စကားကို ဖြတ်ပြီး သူမက ဆောင့်အော်ပစ်လိုက် တာမို့ သူနာပြုဆရာမ ထိတ်လန့်ကာ အခန်းအပြင်ကို ပြေးထွက်သွား သည်။ သူမ ပုံစံကလည်း အရူးတယောက်ကို ကြောက်စရာကောင်း နေမှာ အလွန်သေချာသည်။ ခုတင်ပေါ်မှ ခပ်သွက်သွက်ဆင်းကာ သူမ လက်မှာ တပ်ထားသော ဆေးပိုက်တွေကို ဆောင့်ဆွဲကာ ဖြုတ်ပစ် လိုက်သည်။ သူမလက်တွင် တပ်ထားသည့်အပ် ပြုတ်ထွက်ကာ သွေးစ တချို့ပါ ဖြန်းခနဲ စင်ထွက်လာသည်။ သူမကို ပြူးကြောင်ပြီး စိုက်ကြည့် နေသော မော်မော့်ထံသို့ ခုတင်ဘေးမှ ပိုက်ဆံအိတ်ကို ယူကာ ပစ်ပေး လိုက်သည်။

"ပိုက်ဆံရှင်းပြီး လိုက်လာခဲ့"

အခန်း (၁၁)

သူမ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခဲ့တာ အိမ်ကို ပြန်ရောက်ကတည်းကပင်။ ကိုကို့ကို သူမ လိုက်ပြီး ပတ်ရှာလျှင် တနေရာ မဟုတ်၊ တနေရာမှာ တွေ့နိုင်မည် ဆိုတာကို သိနေသော် လည်း သူမ လိုက်ပတ်ပြီး မရှာချင်။ ကိုကိုနှင့် သူမ မေမေဟာ သူမ အပေါ် ဖောက်ပြန်ပြီး လက်ထပ်ဖို့အထိ ကြိုးစားနေတယ် ဆိုတာကို ဘယ်သူကြားကြား ကြားလို့ မတော်ဘူးပဲ မဟုတ်လား။

ဖေဖေ... သူမ ဖေဖေကရော ဒါတွေကို မသိဘူးလား။

ဟုတ်သားပဲ၊ သူမဘက်တွင် ဖေဖေ ရှိသည်။ ဘယ်အရာကိုမှ သူမ တယောက်တည်း ရင်ဆိုင်ပြီး ဖြေရှင်းစရာ မလိုဘူးပဲ။ သူမ ဖေဖေ့ ထံသို့ ဖုန်းခေါ်လိုက်သည်။ ဖေဖေ့ဖုန်းက စက်ပိတ်ထားသည်ဟုသာ ပြန်ဖြေ၏။ အကယ်၍များ ဖေဖေ့ကို တိုင်ပင်မည် ဆိုပါစို့၊ သူမ ဘယ်ကနေများ စပြီးတော့ ပြောရပါလဲ။ ဖေဖေ့ သမက်က မေမေနဲ့ ယူမလို့ သမီးကို ကွာရှင်းခိုင်းတယ်လို့ ပြောရမှာတဲ့လား။ ဘယ်လိုမှ မဖြစ်နိုင်ပါ၊ ဖေဖေ့ဖုန်း ပိတ်ထားတာပဲ ကံကောင်းသွားသည် ဆိုရမည်။

နာရီကို လှမ်းကြည့်လိုက်တော့ ခုနစ်နာ ခုနစ်နာရီ။ ပုံမှန်ဆို ဒီအချိန်က ကိုကို့ ပြန်လာချိန်။ မနက်က သူမ ဆေးရုံပြန်ချိန်က စပြီး ကိုကို့ဆီကို တောက်လျှောက် ဖုန်းဆက်သော်လည်း လုံးဝ မကိုင်။ နေ့လည်ခင်း ကျမှ ညကျရင် ပြန်လာမယ် ဆိုသော မက်ဆေ့တကြောင်းကိုသာ ပြန်ပို့ ခဲ့သည်။

ကိုကို့အနေနှင့် သူမကို မချစ်တော့တာကို သူမ လက်ခံနိုင် ပါသည်။ သို့သော် သူမ မေမေနှင့် ဒီလို ဖြစ်ပျက်နေတာကိုတော့ ဘယ်လို မျိုးမှ လက်မခံနိုင်။ ကိုကိုက မေမေ့ကို သူမ၏ မေမေဖြစ်ကြောင်း မသိဘူး ဟု သူမ ထင်သည်။

"ဟုတ်မှာပါ.. ကိုကိုက ဒီလိုရိုင်းစိုင်းတတ်တဲ့ သူမှ မဟုတ်တာ၊ ငါနဲ့ မေမေ့ကို သားအမိ ဆိုတာကို ကိုကို မသိလို့ပဲ ဖြစ်ရမယ်"

ဒီလို တွေးမိလိုက်တော့ သူမ ရင်ထဲမှာ အပူတွေ ငြိမ်သက် သွားသယောင်။ သူမ ဘဝတလျှောက်လုံး မေမေ့အကြောင်း မပြောဖူး သဖြင့် ကိုကို မသိတာကို သူမ မေ့နေသည်။ ဘယ်လောက်ပဲ ချစ်ချစ် ကိုယ့်မိန်းမကို မွေးထုတ်ပေးခဲ့သည့် အမေနှင့် လက်ထပ်ရလောက် အောင် အရှက်သိက္ခာ မမဲ့နိုင်တာကို သူမ ယုံကြည့်နေမိသည်။

"တီ တီ"

ခြံရှေ့တွင် ဟွန်းတီးနေတာ ကိုကို့ကား။ မော်မော်က ခြံတံခါး ကို ပြေးဖွင့်ပေးတာကို သူမတို့၏ အခန်းမှနေ၍ လှမ်းကာ မြင်နေရ သည်။

ကိုကို ပြန်လာပြီ။ သူမ ကိုကို့ကို အတတ်နိုင်ဆုံး အချိုသာဆုံး ပြောရမည်။ ကိုကို့ ကွာရှင်းခွင့်ကို လက်ခံကာ မေမေနှင့် လက်မထပ် ဖြစ်ဖို့ကို ပြောရမည်။ သူမနှင့် လက်ထက်ပွားတွေတင်မက သူမကို ခန်းဝင်အဖြစ် တင်တောင်းခဲ့သမျှကို ပြန်ယူယူ... နောက်ဆုံး သူမ ပိုင်ဆိုင်သမျှ အားလုံးကိုပါ ယူယူ၊ သူမ၏ မေမေကို သူမထံမှ ယူမသွား ဖို့သာ လိုအပ်သည်။

အခန်းတံခါးကို ဖွင့်ကာ ကိုကို ဝင်လာသည်။ သူမ ကိုကို့ကို အကြည်လင်ဆုံး ပြုံးပြမိ၏။ ကိုကို့မျက်နှာကတော့ သူမ မခန့်မှန်း နိုင်တော့သော ရှုပ်ထွေးမှုပေါင်း များစွာနှင့် ညို့မှိုင်းနေသည်။

"သော်"

"ကိုကို"

သူမတို့နှစ်ယောက် တယောက်ကို တယောက် ပြိုင်တူခေါ်မိကြသည်။ အရင်အချိန်တွေတုန်းက သည်လို ခေါ်မိကြလျှင် တယောက် လက်ကို တယောက် ဆုပ်လျက် ပျော်ပျော်ရွှင်ရွှင် အော်ဟစ်ပစ် တတ်ကြစမြဲ။ အခုတော့ အရာအားလုံး ပြောင်းလဲသွားခဲ့ပြီ။

"သော်... အရင်ပြောပါ"

ကိုကို့အသံက နူးညံ့နေသည်။ သူမ ပြုံးလျက်-

"ဟင့်အင်း... ကိုကိုပဲ ပြောပါ"

သူမကို စိုက်ကြည့်နေသော သူမ ခင်ပွန်း၏ မျက်ဝန်းများက ကြင်နာ နူးညံ့လျက်။ သို့သော် အရင်လို အချစ်၏ အရိပ်အယောင် တောက်ပ ရွှန်းလက်နေတာတွေ မရှိတော့။ သူမ ရင်ဘတ်ထဲမှာ ကျဉ်ခဲ စူးအောင့်လာပြန်သည်။ ကိုကိုက သူ့လက်ဆွဲအိတ်ကို ဖွင့်ကာ စာရွက် တရွက် ထုတ်ပေးလာသည်။ ကိုကိုက သူမ၏ အကြည့်များကို မျက်နှာခပ်လွှဲလွှဲပြုလျက်-

"ကွာရှင်းစာချုပ်ပါ. သော်၊ ကိုယ့်ကို လက်မှတ်ထိုးပြီး ပို့ပေး လိုက်နော်။ သော်က တလလို့ အချိန်တောင်းထားပေမယ့် သော့်မျက်နှာ ကို ကြည့်ပြီး ကိုယ် မနေနိုင်တော့လို့ပါ"

သူမ မျက်ဝန်းမှ မျက်ရည်များ တာတမံကျိုးသလို ပြိုကာ စီးကျလာသည်။

"ကိုကို့ ပျက်ကွက်မှုအတွက် တောင်းပန်ပါတယ်။ သော်က ကိုကို မရှိရင်လည်း အရာရာကို ရင်ဆိုင်နိုင်တဲ့ မိန်းကလေးပါ။ ကိုကို့ အဝတ်အစား အချို့က လွဲရင် ကိုကို ဘာမှ မယူသွားတော့ဘူး။ အကုန် လုံးကို သော့်နာမည်နဲ့ လွှဲထားခဲ့ပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါတော့..."

ကိုကိုက စာချုပ်တချို့ ပါသည့် ဖိုင်ကို သူမ၏ဘေးတွင် ချကာ အဝတ်ဘီရို ရှိရာသို့ လှည့်ထွက် သွားသည်။ သူမ ရင်ထဲတွင် ပြည့်ကျပ် ဆို့နင့် လျက်....။ သူမ လိုချင်တာ ဒီပစ္စည်းတွေမှ မဟုတ်ဘဲ။

"ကိုကို... ကိုကို တောင်းဆိုတာကို သော် လက်ခံတယ်၊ သော် ကိုကို့ကို ကွာပေးပါ့မယ်။ ဒီ... ဒီပစ္စည်းတွေ အားလုံးကို ကိုကိုပဲ ယူပါ၊ အဲဒီအမျိုး သမီးကိုတော့ လက်မထပ်ပါနဲ့နော်"

အဝတ်တချို့ကို ခရီးဆောင်သေတ္တာထဲကို ထည့်နေသည့် ကိုကို့ နောက်နားတွင် သူမ လက်အုပ်ချီကာ ထိုင်ချလျက် ပြောမိသည်။ သူမကို လှည့်ကြည့်သော ကိုကို့မျက်နှာက ဝမ်းနည်းနာကျင်စွာ။ သူမ၏ ရှေ့တွင် ကိုယ်ကို

ကိုင်းလျက် သူမကို ချီပွေ့ဆွဲထူကာ မတ်မတ်ရပ် စေသည်။

"သော်က စိတ်ဓာတ်မာကြောတဲ့ မိန်းကလေးပါ။ ကိုကို သော့်ကို သိပ်ကို ချစ်ခဲ့ပါတယ်ကွာ။ ဒါပေမဲ့ သော်ရယ်... ကိုယ် မှားသွားတာက ကိုကို့ အတွက် ဂရုစိုက် ကြင်နာမှုကို သော် ပြန်ပေးနိုင် လိမ့်မယ်လို့ မျှော်လင့်ခဲ့တာ၊ နောက်ပြီး ကိုကိုတို့ ကလေးလေးကို ကိုကို သိပ်ကို မျှော်လင့်ခဲ့တာ၊ မျှော်လင့်လွန်းလို့ သော့်လက်မောင်းထဲက ပိုက်ကိုတောင် ပြန်ထုတ်ခိုင်းခဲ့တာပဲ

ကိုကိုက သူမမှာ ဘာမှ ပြန်ပြောစရာ မရှိ၊ ဒါမှမဟုတ် ပြောစရာတွေ များလွန်းလို့ ဘယ်က ဘယ်လို စပြောရမည်မှန်း မသိအောင် အာစေးမိနေတာ ဖြစ်နိုင်သည်။

"ဒါပေမဲ့ သော်က ကိုကို့ကို ညာတယ်၊ သော် ဆေးတွေ ခိုးသောက်နေတာကို ကိုကို သိလိုက်ရတော့ ဘယ်လောက်တောင်မှ ကမ္ဘာပျက်ခဲ့တယ်လို့ သော် ထင်လဲ"

"ဟင့်အင်း... သော် အဲဒီလောက်အထိ မရည်..." ကိုကိုက သူမ စကားကို ဆုံးအောင် မစောင့်။ "အခု ဒါတွေအားလုံး ပြီးသွားပြီ သော်၊ ကိုယ်တို့ ပြန်ပြင်လို့ မရတော့ဘူး"

ကိုကို့ကို ခွင့်လွှတ်ပါ၊ သော် စိတ်အနှောင့်အယှက် မဖြစ်ရအောင် ကိုယ်တို့ နိုင်ငံခြားကို အပြီး ပြောင်းသွားကြတော့မှာပါ"

"မလိုချင်ဘူး"

သူမ အာခေါင်ခြစ်ကာ အော်ဟစ်ပစ်လိုက်ပြီး သူမ ပခုံးပေါ် တင်ထားသည့် ကိုကို့လက်များကို ဆောင့်ရုန်း ဖယ်ထုတ်ပစ်လိုက် သည်။

"မရဘူး ဥက္ကာအောင်၊ ရှင်... အဲဒီ အမျိုးသမီးကို လုံးဝ လက် မထပ်ရဘူး၊ ကျွန်မဆီက ဘာကိုမဆို ရှင် ယူသွား၊ အကုန်လုံး ယူသွား... သူ့ကို လုံးဝ လက်မထပ်ပါဘူးဆိုတဲ့ ကတိပဲ ပြန်ပေး"

အခန်း (၁၂)

အရူးတယောက်လို ဖြစ်နေသော သူမကို ကြည့်ကာ ကိုကိုက ခေါင်းကို စိတ်ပျက်လက်ပျက်ဟန်ဖြင့် တွင်တွင်ယမ်းခါသည်။ "သော်ကို ကိုကို တောင်းပန်နေတာပါကွာ၊ ဘယ်လိုမှ မဖြစ် နိုင်တော့လို့ပါ၊ ဒီထက်လည်း သော် နားလည်သွားအောင် ကိုကို ရှင်း မပြချင်လို့ပါ"

ကိုကိုက သူမနှင့် ဆက်ပြီး စကားပြောဖို့ မလိုအပ်တော့ဘူး ဆိုသည့်ဟန်ဖြင့် ခရီးဆောင်သေတ္တာကို ကောက်ကိုင်လိုက်သည်။ သူမ လက်နှစ်ဖက်ကို ဆန့်တန်းကာ အိပ်ခန်းတံခါးကို ကာပြီး ရပ်လိုက် သည်။

"မကွာပေးဘူး၊ ကျွန်မ ရှင့်ကို လုံးဝ မကွာရှင်းပေးဘူး။ ကျွန်မ မကွာပေးရင် ရှင် သူ့ကို ယူလို့ မရတော့ဘူး၊ ယူဖို့ ကြိုးစားရင်လည်း ရှင့်ကို ထောင်ထဲ ပို့မှာပဲ"

ကိုကိုက သူမကို ကြည့်ကာ ကျွတ်ခနဲ စုတ်သပ်သည်။

"ဘာဖြစ်လို့ ဘယ်သူ့အတွက်မှ မကောင်းတာတွေကို ဖန်တီး ချင်ရတာလဲ သော်ရယ်၊ ဒီကိစ္စတခုလုံးမှာ သော်က အဓိကပဲ၊ သော်သာ တိတ်တိတ်ဆိတ်ဆိတ် နေလိုက်မယ်ဆိုရင် အရာရာဟာ သိပ်မကြာခင် နေသားတကျ ဖြစ်သွားရမှာပါ"

ဘာကို နေသားတကျ ဖြစ်ရမှာတဲ့လဲ။ နောက်ဆုံးစကား တွေကို သုံးဖို့ သူမ ဟန်ပြင်လိုက်သည်။

"မပြီးဘူး ကိုကို.... မမမိုးဟာ..."

"မမမိုးဟာ သော့်မေမေမှန်း ကိုယ် သိနေတာတောင် ကိုယ် မရှောင်နိုင်တော့ဘူး သော်၊ ကိုယ်တို့ လွန်သွားခဲ့ပြီ။ အခု သူ့ဆီမှာ ကိုယ်နဲ့ရတဲ့ ကလေး ရှိနေပြီ၊ သော် သူ့ကို ထောင်ထဲကို ထည့်ရက်နိုင် လို့လား"

"ဘာ"

အသိစိတ်လွတ်ကာ သူမ၏ လက်လှမ်းမီသမျှ ထုရိုက်ကုတ်ဖဲ့ နေမှုကို ကိုကိုက ကြိုးစားကာ ရှောင်တိမ်းသည်။

"ရှင်... ရှင်... သိနေတယ် ဟုတ်လား၊ သိသိလျက်နဲ့... ရှင်.."

သူမ စကားလုံးတွေပင် မပီသချင်တော့။

ဒီလူ ဒီလောက်အထိ စည်းမစောင့်တာမျိုးကို လုပ်လိမ့်မယ် ရယ်လို့လည်း သူ မထင်မထားခဲ့။ သူမ ကိုကို့ပါးကို ဖြန်းခနဲ မြည်အောင် ရိုက်ပစ်လိုက်သည်။ ဒုတိယတစ်ချက် ထပ်ပြီး ရိုက်ရန် ရွယ်သောအခါ ကိုကိုက သူမ ပခုံးကို ကိုင်ပြီး ခပ်ကြမ်းကြမ်း ဆောင့်တွန်းပစ်လိုက် တာမို့ ခုတင်ဘေးသို့ သူမ ပြုလဲကျသွားရသည်။

တံခါးဖွင့်ကာ ထွက်သွားရန် ပြင်နေသော ကိုကို့ထံသို့ ခုတင် အောက်မှာ တွေ့သည့် သိုးမွေးထိုးသည့် ကြိမ်ခြင်းထဲမှ လက်လှမ်းမီရာ တွေနှင့် ပစ်ပေါက်မိသည်။ သူမ နှုတ်ဖျားမှ စကားလုံးတို့က ရန့်ရင်း ကြမ်းတမ်း စွာ-

"ရှင်... လူယုတ်မာ၊ ခွေးလိုလူ... အသိမရှိတဲ့သူ... ကျွန်မ အမေမှန်း သိနေလျက်နဲ့တောင်မှ ရှင်ဟာ..."

"သော်တာရွှေလ... တော်တော့နော်၊ မင်းစကားတွေ တရား လွန်နေပြီ"

"မတော်ဘူး... ရှင်ဟာ လူ့စည်း၊ ဘီလူးစည်း မသိတဲ့ အမျိုး... အခွင့်အရေးရရင် ကိုယ့်အမေကိုတောင် ပြန်ပြီး...."

အရုန့်ရင်းဆုံး လူ့သိက္ခာကို ဆွဲချသည့် ရိုင်းစိုင်းမှု ကမ်းကုန် နေသော စကားလုံးများက သူမပါးစပ်မှ ခုန်ပေါက်ကာ ထွက်သွား သည်။ အိတ်ကို ပစ်ချကာ သူမဆီသို့ ကိုကို ပြန်လျှောက်လာသည်။ ကိုကို့မျက်လုံးများက မီးဝင်းဝင်းတောက်လျက်။

ထိုင်နေသည့် သူမ ပခုံးကို တင်းတင်းဆုပ်ကိုင်ကာ သူမ မျက်လုံးများကို တည့်တည့်ကြီး စူးစူးဝါဝါး စိုက်ကြည့်လာသည်။ သူမ ငေးကြောင်ကာ စိုက်ကြည့်နေမိသည်။

"အေး... ဟုတ်တယ်၊ ငါက မင်းပြောသလို ကောင်စားပဲ၊ ကျန်သေးတယ်.... အခု မင်းခေါ်နေတဲ့ ငါ့ဂုဏ်ပုဒ်တွေထဲက ခေါ်စရာ တခု ကျန်သေးတယ်ကွ၊ အဲဒါ မင်းအမေရဲ့ ယောက်ျား.... မင်း ပထွေး.... ငါ့ကို အဖေလို့ ခေါ်ဖို့ကွ"

သူမ၏ လက်ကျန်အသိစိတ်အားလုံး အမှောင်ထုထဲသို့ ကျုံ့ကျသွားသည်။ သူမ သတိပြန်ဝင်လာသည့် အခါတွင် သူမ၏ ခင်ပွန်းသည် လည်ပင်းတွင် သိုးမွှေးထိုးသည့် နံပါတ်ကိုး နှစ်ချောင်း ထိုးအပ် နှစ်ချောင်းစလုံး စိုက်လျက် သူမ ပေါင်ပေါ်တွင် ငြိမ်သက်နေခဲ့ပြီ။ သူမ၏ ခန္ဓာကိုယ် အောက်ပိုင်းတခုလုံး သွေးများ ရွှဲနင့် အိုင်ထွန်း လျက်။ ကိုကို့မျက်လုံးများက သူမကို မယုံကြည်နိုင်စွာ စိုက်ကြည့် နေဆဲ။

အခန်း (၁၃)

"ဖေဖေ့ကို ဂရုစိုက်ပေးနော်... ညီမလေး၊ ခုနစ်နှစ်ဆိုတာ ဘာမှ မကြာပါဘူးကွယ်"

ငိုရှိုက်နေသော မော်မော့်ကို သူမ ပြုံးကာ နှစ်သိမ့်လိုက်သည်။ ဗီးချဲပေါ်တွင် ထိုင်နေသော ဖေဖေ့မျက်လုံးများတွင် မျက်ရည်များ ရစ်ဝိုင်းနေသော်လည်း မငိုမိအောင် တင်းထားသဖြင့် ဖေဖေ့ မျက်နှာ တခုလုံး နီရဲမို့အစ်လျက်။ သူမက ဖေဖေ့ လက်ဖမိုးကို အုပ်ကာ ကိုင် လိုက်သည်။

"ဖေဖေ"

ဖေဖေက နှုတ်ခမ်းကို ကိုက်လျက် သူမလက်ကို တင်းတင်း ပြန်ပြီး ဆုပ်ကိုင်သည်။

"ကျန်းကျန်းမာမာနဲ့ သမီး ပြန်အလာကို စောင့်ရမယ်နော်" ဖေဖေက သူမကို ခေါင်းညိတ်ပြသည်။ ပြီးမှ သူမ ခေါင်းကိုဆွဲဖက်ကာ ရှိုက်ကြီးတငင် ငိုချ၏။ သူမကတော့ မျက်ရည်မကျအောင် အံကို တင်းတင်းကြိတ်ကာ ထားမိသည်။

"ဖေဖေ့အပြစ်တွေပါ၊ သမီးအမေ အပေါ် အာဃာတထားပြီး လူကြီးပီပီ သမီးနဲ့ ပြန်ဆုံပေးဖို့ အရင် စ,မခေါ်မိတဲ့ ဖေဖေ့အပြစ်တွေပါ သမီးလေးရယ်..."

ဟီးချကာ ငိုနေသော ဖေဖေ့ကျောကို သူမ အသာအယာ ပုတ်ပေးလျက် နှစ်သိမ့်လိုက်သည်။ ပြီးမှ ဖေဖေ့ ပါးပြင်ပေါ်က မျက်ရည် များကို သူမ လက်နှစ်ဖက်နှင့် ဖယ်သုတ်ပေးလိုက်သည်။ ဖေဖေက သူမလက်တွင် ခတ်ထားသော လက်ထိပ်နှစ်ဖက်ကို မြင်သည့်ခဏ မျက်လုံးတွေကို စုံမှိတ်ကာ လွှဲဖယ်ပြန်လေသည်။

"ဖေဖေ.. ဖေဖေ.. သမီးကို ကြည့်ပါ၊ ကျေးဇူးပြုပြီး သမီးကို ကြည့်ပေးပါ"

နာကျင်နေသော မျက်လုံးများဖြင့် သူမကို ပြန်ကာ စိုက်ကြည့် လာသည်။

"ဒီအဖြစ်အပျက်တွေ အားလုံး မေမေ ဘာတခုမှ ပြန်မသိစေရဘူး ဆိုတဲ့ ကတိကို ပေးပါ... နော်... သူ့ကို သူချစ်တဲ့ ယောကျ်ား က သစ္စာဖောက်သွားတယ် ဆိုတဲ့ အသိနဲ့ပဲ နေထိုင်သွားပါစေ၊ ကျန် တာတွေ သိရရင် မေမေ ခံနိုင်ရည် ရှိမှာ မဟုတ်တော့ဘူး၊ အဲဒါလေး လုပ်ပေးပါနော်..."

ဖေဖေက မျက်ရည်ရစ်ဝိုင်းစွာ ခေါင်းကို ညိတ်သည်။ သူမ ပြုံးကာ ထရပ်လိုက်သည်။ မော်မော်က သူမ ပခုံးပေါ်သို့ ခေါင်းကို မှောက်ချကာ ရှိုက်ကြီးတငင် ငိုချလေသည်။ သူမ မော်မော့် ခေါင်းကို အသာအယာ သပ်ကာ နှစ်သိမ့်လိုက်သည်။

"မမသော် စိတ်ချမယ်နော် မော်မော်"

ထို့နောက် လက်မောင်းကို အသာအယာ လာဆွဲသော ရဲမေ၏ နောက်သို့ သူမ၏ ခြေလှမ်းတွေကို တည်ငြိမ်စွာ...။

မယ်လွင့်


လူတွေဟာ ချစ်တယ်ဆိုတာကြီးကို
အတ္တနဲ့ တွဲချည်ထားခဲ့ကြတယ်။
ကျမတို့ ပျော်ရွှင်ဖို့ တစုံတယောက်ကို
ချစ်ကြတယ်၊ အတူရှိကြတယ်၊
ကျမတို့ ပျော်ရွှင်ဖို့ပဲ စွန့်ခွာကြပြန်တယ်။
စွန့်ခွာချင်တဲ့ အတ္တသမားနဲ့
အတူရှိချင်တဲ့ အတ္တသမားတို့
ချိန်သား မကိုက်တဲ့အခါ ကျမတို့
ပဋိပက္ခတွေ ဖြစ်ကြတော့တာပဲ မဟုတ်လား
မယ်လှိုင်